ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


## ကုသိုလ်ကောင်းမှု နေ့စဉ်ပြု

လိမ္မာသော ပန်းသည်သည် အထူးထူး အပြားပြား များစွာသော ပန်းပွင့်အပေါင်းမှ ပန်းကုံးများစွာတို့ကို ပြုရာသကဲ့သို့၊ (လိမ္မာသော) သူသည် ဥစ္စာတည်းဟူသော ပန်း၊ သဒ္ဓါတရားတည်းဟူသော ပန်းအစုမှ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေးစသော များစွာသော ကုသိုလ်ကောင်းမှုတည်းဟူသော ပန်းကုံးတို့ကို ပြုရာ၏။ ပုပ္ဖဝဂ်(ဓမ္မပဒ-၅၃)


၁၃၈၅ ခုနှစ်၊ နတ်တော်လကွယ်နေ့၊ ဗုဒ္ဓဟူးနေ့။ Wednesday, 10 January 2024 ၁၁၃၃၆


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တိုင်းရင်းသား ပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီဆောင်ရွက်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့အခမ်းအနားသို့ ပေးပို့သည့်သဝဏ်လွှာ

၂၀၂၄ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်

ချစ်ကြည်လေးစားရပါသော ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမ များခင်ဗျား -

ယနေ့ ကျရောက်သည့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့၏ နေ့ထူးနေ့မြတ် အခါသမယတွင် ကချင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများနှင့် နိုင်ငံတစ်ဝန်းရှိ ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူညီအစ်ကိုမောင်နှမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ချမ်းသာပြီး ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်း ဆက်သအပ်ပါသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

## အားကစားကောင်းမှ ပညာရေးကောင်းမည်ဖြစ်ပြီး ပညာရေးကောင်းမှ နိုင်ငံတိုးတက်မည်

## လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန် အားကစားကဏ္ဍကို ပညာရေးနှင့် ပေါင်းစပ်မြှင့်တင်

နေပြည်တော် ဇန်နဝါရီ ၉

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ တက္ကသိုလ်နှင့် ဒီဂရီကောလိပ် အသီးသီးမှ အားကစားအဖွဲ့ခေါင်းဆောင်များ၊ အားကစားနည်းအလိုက် အုပ်ချုပ်သူနည်းပြများနှင့် အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**ယနေ့ ဖတ်စရာ**

လူမျိုးရေးဗန်းပြပြီး နယ်မြေလု၊ စစ်ဘုရင်ဆန်ဆန် ခေါင်းဆောင်အကျိုးနဲ့ မိသားစုအကျိုးစီးပွားသက်သက် လက်နက်ကိုင်တွေနဲ့ တပ်မတော်ဟာ ယှဉ်ပြိုင်တိုက်ပွဲဝင်နေရတာဖြစ်တယ်။ လက်နက်ကိုင်ဌာနချုပ်တွေကို မတိုက်ဘဲနေခြင်းဟာ ငြိမ်းချမ်းရေးလိုလားဆဲဖြစ်တယ်ဆိုတာ ပြသနေခြင်းပဲဖြစ်တယ်။ ဒါပေမဲ့ အပျော့နဲ့အမာ soft and hard power ကြားမှာ အကန့်အသတ်တော့ ရှိနေပါလိမ့်မယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အပေါ်မှာ တည်ဆောက်သူလား၊ ဖျက်ဆီးနေသူလား ရုပ်လုံးပေါ်လာတာနဲ့အမျှ လက်နက်ကိုင်တွေရဲ့ အလုံးစုံပျက်သုဉ်းရေး အကြမ်းဖက်ပုံရိပ်ဟာ နိုင်ငံတကာမျက်နှာစာမှာ...

ဆောင်းပါး စာမျက်နှာ » ၉

**အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး**

စာမျက်နှာ » ၇

ကြေးမုံ

# အနာဂတ်သားကောင်းရတနာများပျိုးထောင်

ကလေးသူငယ်များအတွက် အလိုအပ်ဆုံးသောအရာသည် မေတ္တာဖြစ်သည်။ ကလေးသူငယ်များအတွက် အတောင့်တဆုံးအရာသည် စိန်၊ ရွှေရတနာ၊ ငွေကြေးပစ္စည်းမဟုတ် အဖိုးမဖြတ်နိုင်သည့် မေတ္တာတရားဖြစ်သည်။ ကလေးသူငယ်များသည် လုံခြုံစိတ်ချမှုကို လိုလားသည်။ ကလေးသူငယ်များသည် အနာဂတ်အတွက် အားထားရမည့်သူများဖြစ်သည်။ တိုင်းပြည်အနာဂတ် သာယာဝပြောရေးအတွက် ကလေးသူငယ်များကို ပြုစုပျိုးထောင်ခြင်းသည် အရေးကြီးသောအလုပ်ဖြစ်သည်။

ပြည့်စုံနေသောမိသားစု၏ ကလေးသူငယ်များအတွက် ဆိုဖွယ်ရာမရှိသော်လည်း မိသားစုအဆင်မပြေ၍ဖြစ်စေ၊ ဘဝကံအကျိုးပေးမကောင်း၍ဖြစ်စေ ကလေးတစ်ယောက်သည် ချစ်ခင်ရမည့်သူ ကင်းမဲ့လာလျှင်၊ သူ့ကိုဂရုပြုမည့်သူ ရှာမတွေ့လျှင် ထိုကလေးငယ်သည် သိမ်ငယ်စိတ်ဖြစ်လာပြီး နီးစပ်ရာတွင် အားကိုးအားထားပြုရမည့်သူ၊ တွယ်တာရမည့်သူကို ရှာဖွေတတ်လာသည်။ အဆိုပါကလေးငယ်များသည် မရေရာသောဘဝများကို ဖြတ်သန်းရလျက် အနာဂတ်ပျောက်နေသကဲ့သို့ ဖြစ်ကြရသည်။ ထို့ကြောင့် တိုင်းပြည်အနာဂတ်အတွက် ကလေးသူငယ်စောင့်ရှောက်ရေးသည် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်သည်။

မျက်မှောက်ကာလတွင် ဆင်းရဲမွဲတေမှုအကျိုးဆက်ကြောင့် မရေရာသောဘဝတွင် ရပ်တည်နေရသော ကလေးငယ်များစွာကို တွေ့မြင်လာရသည်။ မိသားစုဝမ်းရေးအတွက် အရွယ်မရောက်မီ ကလေးအနာဂတ်ကို ပစ်ပယ်လျက် ကလေးလုပ်သားများ အဖြစ်များလာသည်။ ကလေးသူငယ်များအနေဖြင့် ဘဝတစ်ခုလုံခြုံမှုနှင့် ဝင်ငွေအထိုက်အလျောက်ရနိုင်ရေးကို ရည်ရွယ်ပြီး လုပ်ငန်းရှင်အချို့အနေဖြင့် အခကြေးငွေသက်သာပြီး လိုရာခိုင်းစေနိုင်သော ကလေးသူငယ်များကို ရွေးချယ်အလုပ်ခိုင်းလာသည်ကို တွေ့ရမည်ဖြစ်သည်။ ပညာသင်ချိန်အရွယ် ပညာမသင်ကြားနိုင်ဘဲ ဘဝကိုအလုပ်တွင် မြှုပ်နှံလိုက်ကြရသည်။

ကလေးသူငယ်များ၏ ဘဝနှင့် အနာဂတ်သည် အလွန်အရေးပါသဖြင့် နိုင်ငံအစိုးရများက အလေးထားဆောင်ရွက်ကြသည်။ အာဆီယံနိုင်ငံများတွင် ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုများအားလုံးကို ဆန့်ကျင်ခြင်း၊ ကလေးသူငယ်များအား အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းဆိုင်ရာ မူဝါဒများကို အရေးကြီးဦးစားပေးအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ထိုသို့ဆောင်ရွက်ရာတွင် "no child left behind" ဟူသည့် မည်သည့်ကလေးမျှ နောက်ချန်မထားရေး လုပ်ငန်းစဉ်အောင်မြင်စေရန်အတွက် အစိုးရနှင့် လူမှုရေးအဖွဲ့အစည်းများက ကလေးငယ်များ ကာကွယ်စောင့်ရှောက်ပျိုးထောင်ရေးကို အလေးထားလုပ်ကိုင်လျက်ရှိသည်။

ကလေးငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံတော်၏အနာဂတ်ကို ကောင်းမွန်စွာ ဖန်တီးပေးနိုင်မည်ဖြစ်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူနေမှုဘဝမြင့်မားမှု၊ ပညာရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် တိုက်ရိုက်သက်ဆိုင်နေသောကြောင့် မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံချက်၏ ရည်မှန်းချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး အမျိုးသားအဆင့်လုပ်ငန်းစီမံချက်ကို လုပ်ငန်းကော်မတီအသီးသီးက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

လုပ်ငန်းစီမံချက်ကို ကာလတို ငါးနှစ်စီမံချက် သုံးကြိမ်ဖြင့် ကာလရှည် ၁၅ နှစ်လုပ်ငန်းစီမံချက် သတ်မှတ်ဆောင်ရွက်ရန် လျာထားသည်။ ပထမကာလတိုငါးနှစ်စီမံချက်အား ခိုင်မာတိကျသော အခြေခံအချက်အလက်များ ကောက်ယူခြင်း၊ အသိပညာပေးခြင်းနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာ အခွင့်အလမ်းများ ဖန်တီးခြင်း၊ ဥပဒေပိုင်းဆိုင်ရာ ပြင်ဆင်ရေးဆွဲမှုနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု ပိုမိုအားကောင်းလာစေခြင်း၊ အဆိုးရွားဆုံးပုံစံဖြင့် ခိုင်းစေခြင်းခံရသော ကလေးအလုပ်သမားများအား ဖယ်ရှားခြင်းနှင့် ပြန်လည်ကုစားခြင်း၊ မိသားစုများအတွက် ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကျောင်း အလုပ်အကိုင်အခွင့်အလမ်းများရရှိစေခြင်းစသည့် ရည်မှန်းချက်များကို ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှ စတင်ဆောင်ရွက်လျက်ရှိသည်။

ကာလတိုငါးနှစ်စီမံချက်ပါအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၅ ခုအနက် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့ကို ကနဦးစီမံချက်နယ်မြေအဖြစ် ဆောင်ရွက်လျက်ရှိသည်။ ထိုဒေသများတွင် ဦးစားပေးနယ်ပယ်အဖြစ် စက်မှုကုန်ထုတ်ကဏ္ဍနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကဏ္ဍတို့ရှိ ကလေးအလုပ်သမားများ လျော့နည်းပပျောက်စေရန် ပထမကာလတိုငါးနှစ်စီမံချက် (၂၀၁၉-၂၀၂၃)ကို အကောင်အထည်ဖော်ခဲ့သည်။ သို့ဖြစ်ရာ ကလေးအလုပ်သမားများ ဖြစ်ပေါ်လာခြင်းသည် မိသားစုစားဝတ်နေရေးကို အကြောင်းပြု၍ ဖြစ်ပေါ်လာသောကြောင့် ကလေးအလုပ်သမားများ လျော့နည်းပပျောက်ရေးအတွက် ဆင်းရဲနွမ်းပါးသော မိသားစုများအား အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုမြှင့်တင် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ညီညွတ်မှုဖြင့် ရှေ့သို့ချီ ပြည်ထောင်စုရဲ့ပန်းတိုင်ဆီ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၉-၁-၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၇၀၀ | ၁၉၂ | ၁,၆၇၀,၄၀၀ |
| MTSH | ၂,၈၅၀ | ၂,၈၅၀ | ၈၂၈ | ၂,၃၅၉,၈၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၃ | ၂၃,၇၀၀ |
| FPB | ၁,၅၅၀ | ၁,၅၅၀ | ၉,၁၂၈ | ၁၄,၁၄၈,၄၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၅ | ၁၂,၅၀၀ |
| EFR | ၁,၉၅၀ | ၁,၉၅၀ | ၄၁၁ | ၇၈၁,၄၅၀ |
| AMATA | ၄,၇၀၀ | ၄,၇၀၀ | ၄၂ | ၁၉၇,၄၀၀ |
| MAEX | ၁,၇၅၀ | ၁,၇၅၀ | ၁၀၀ | ၁၇၅,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် စာတည်းများ - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ

အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်မြသီတာနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

မြန်မာနိုင်ငံတွင် တိုင်းရင်းသားလူမျိုးစု အားလုံးတို့သည် ရှေးနှစ်ပေါင်းများစွာကတည်းကပင် တစ်မြေတည်းနေ တစ်ရေတည်းသောက် မရှိအတူ ရှိအတူ၊ အေးအတူ ပူအမျှ စည်းလုံးညီညွတ်စွာဖြင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နေထိုင်ခဲ့ကြပါသည်။ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၁၀) ရက်နေ့တွင် ကချင်ပြည်နယ်ကောင်စီညီလာခံ ပထမဆုံးညီလာခံ၏ ပထမဆုံးအစည်းအဝေး၌ ကချင်ပြည်နယ်အစိုးရအဖွဲ့ ဖွဲ့စည်းခဲ့သည်ကို ဂုဏ်ပြုသည့်အနေဖြင့် ဇန်နဝါရီလ(၁၀)ရက်နေ့ကို "ကချင်ပြည်နယ်နေ့" အဖြစ်သတ်မှတ်ပြဋ္ဌာန်း၍ နှစ်စဉ်ကျင်းပခဲ့ရာ ယနေ့ဆိုလျှင် (၇၆)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။

ကချင်ပြည်နယ်တွင် ဂျိန်းဖော၊ လာချိဒ်၊ လော်ဝေါ်၊ လီဆူ ၊ ရဝမ်၊ ဇိုင်ဝါး စသည့် ကချင်မျိုးနွယ်စုများနှင့်အတူ တိုင်းလုံ၊ တိုင်းလိုင်၊ တိုင်းခမ်းတီ၊ တိုင်းဆာ၊ တိုင်းလေ စသည့် ရှမ်းမျိုးနွယ်စုများနှင့် ဗမာတိုင်းရင်းသားများအပြင် အခြားတိုင်းရင်းသားမျိုးနွယ်စုများ အပါအဝင် လူဦးရေ စုစုပေါင်း (၁၇) သိန်းကျော် အတူတကွ ချစ်ကြည်ရင်းနှီးစွာဖြင့် စုပေါင်းနေထိုင်လျက်ရှိသည့် ပြည်နယ်တစ်ခုဖြစ်ပါသည်။

ကချင်တိုင်းရင်းသားမျိုးနွယ်စုများ၏ ဝတ်စားဆင်ယင်မှု၊ ရိုးရာအကအလှများ၊ စာပေယဉ်ကျေးမှု ဓလေ့ထုံးစံများမှာ လှပခန့်ညား ကျက်သရေရှိသည်သာမက တိုင်းရင်းသားဝတ်စုံများနှင့် စုပေါင်းညီညာစွာကပြသည့် မနောအကသည် ကချင်တိုင်းရင်းသားတို့၏ နှစ်သက်မြတ်နိုးဖွယ်ရာ စည်းလုံးညီညွတ်မှုကိုဖော်ပြသည့် ရိုးရာယဉ်ကျေးမှုတစ်ခုဖြစ်ပါသည်။

ထို့ပြင် အဖိုးတန်သယံဇာတ တန်ဖိုးရှိရတနာများ ပေါများကြွယ်ဝကာ သာယာလှပသည့် တောတောင်ရေမြေသဘာဝ ပတ်ဝန်းကျင်ကောင်းများနှင့် စိုက်ပျိုးဖြစ်ထွန်းသည့် ရေခံမြေခံကောင်းမွန်သော ပြည်နယ်တစ်ခုလည်းဖြစ်ပါသည်။ တစ်နှစ်ပတ်လုံး ဆီးနှင်းများဖုံးအုပ်လျက်ရှိသည့် ရေခဲတောင်များ၏လှပမှုနှင့် အင်းတော်ကြီးအိုင်၊ မြစ်ဆုံတို့၏ သာယာမှုတို့သည် ပြည်နယ်၏ ထင်ရှားသော အလှအပသဘာဝများဖြစ်ပါသည်။

ကချင်ပြည်နယ်သည် သဘာဝက ဖန်တီးပေးထားသည့် သယံဇာတ အခြေခံကောင်းများစွာ ရှိပြီးဖြစ်ရာ ၎င်းသဘာဝ အလှတရားများနှင့် သယံဇာတ ထွက်ကုန်များကိုအခြေပြု၍ ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ပါက ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝနှင့် အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာမည် ဖြစ်ပါသည်။

**☆ နိုင်ငံတော်က ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများအပါအဝင် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက်အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ**

**☆ သဘာဝထွက်ကုန်များဖြစ်သော သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကိုအခြေခံသည့် MSME လုပ်ငန်းများကို မြှင့်တင်အားပေးပြီး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလို**

**☆ ကချင်ပြည်နယ်အနေဖြင့် ရှိပြီးဖြစ်သော သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းပြီး စနစ်တကျဖြင့် ကုန်ချောအဖြစ် ထုတ်လုပ်မှုကို တိုးမြှင့်နိုင်မည်ဆိုပါက ပြည်နယ်အတွင်း လိုအပ်ချက်ကို ဖူလုံစေမည့်အပြင် ပြည်တွင်းလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်မည်**

ယနေ့အချိန်အခါသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ တာဝန်ယူဆောင်ရွက်လျက်ရှိသော ကာလဖြစ်ပါသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို စတင်တာဝန်ယူသည့် အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူအားလုံးအတွက် ငြိမ်းချမ်းသာယာဝပြောသည့် အနာဂတ်ကို ရည်မှန်းလျက် ကောင်းမွန်သည့် ပစ္စုပ္ပန်ကိုတည်ဆောက်လျက်ရှိပါသည်။ "တိုင်းပြည်သာယာဝပြောရေး" နှင့် "စားရေရိက္ခာ ဖူလုံရေး" ကို အမျိုးသားရေးရည်မှန်းချက်အဖြစ် ဦးတည်ထားရှိပြီး "စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမို ကရေစီစနစ်ခိုင်မာရေး" နှင့် "ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး" ကို နိုင်ငံရေးရည်မှန်းချက် အနေဖြင့် ချမှတ်ထားရှိပါသည်။ ချမှတ်ထားသည့်ရည်မှန်းချက်များ၊ ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ပြည့်ဝစေရေးနှင့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်ခိုင်မာမာဖြစ်စေရေးတို့အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများနှင့်လက်တွဲပြီး အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အမျိုးသားရေးရည်မှန်းချက်များနှင့် နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်စွာဆောင်ရွက်နိုင်ရန်အတွက် ဒေသတွင်းတိုင်းရင်းသားများ၏ အသိဉာဏ်ပညာပြည့်စုံမှုများဖြင့် ဆောင်ရွက်နိုင်ရန် အရေးကြီးသဖြင့် ပညာရေးမြှင့်တင်မှုကို အထူးအားပေးစေလိုပါသည်။

နိုင်ငံတော်က ကချင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ပညာရေး၊ ကျန်းမာရေး၊ ဆက်သွယ်ရေးနှင့် လျှပ်စစ်ကဏ္ဍများ အပါအဝင် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကဏ္ဍအလိုက် အစီအမံများ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် သဘာဝထွက်ကုန်များဖြစ်သော သစ်၊ ဝါး၊ ကြိမ်နှင့် အခြားပစ္စည်းများကို အခြေခံသည့် MSME လုပ်ငန်းများကို မြှင့်တင်အားပေးပြီး ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မြှင့်တင်နိုင်ရေးနှင့် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

ကချင်ပြည်နယ်အနေဖြင့် ရှိပြီးဖြစ်သော သဘာဝအရင်းအမြစ်များကို ထိန်းသိမ်းပြီး စနစ်တကျဖြင့် ကုန်ချောအဖြစ် ထုတ်လုပ်မှုကို တိုးမြှင့်နိုင်မည်ဆိုပါက ပြည်နယ်အတွင်း လိုအပ်ချက်ကို ဖူလုံစေမည့်အပြင် ပြည်တွင်းလိုအပ်ချက်ကိုပါ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပါသည်။ ထို့ပြင် နယ်စပ်ဒေသလည်းဖြစ်၍ ပြည်ပသို့ တင်ပို့နိုင်မည်ဆိုပါက ဒေသခံများ၏ လူမှုစီးပွားဘဝ အဆင်ပြေတိုးတက်မည့်အပြင် နိုင်ငံအတွက် ဝင်ငွေလည်း တိုးတက်လာနိုင်မည်ဖြစ်ပါသည်။

နိုင်ငံတော်အစိုးရသည် တပ်မတော်အပါအဝင် တိုင်းရင်းသားပြည်သူများနှင့် အတူပူးပေါင်းပြီး စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ကို အရင်းတည်ကာ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့ကို အမျိုးသားနိုင်ငံရေးတာဝန်များအဖြစ် ထာဝစဉ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပါသည်။

မိမိတို့ပြည်သူအားလုံး မျှော်မှန်းတောင့်တသည့် အေးချမ်းသာယာသော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်ရန် မရှိမဖြစ်လိုအပ်သည့် ပြည်ထောင်စုကြီးတစ်ခုလုံး ငြိမ်းချမ်းရေးရရှိစေရန် NCA လမ်းကြောင်းအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည်။ မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် တိုင်းရင်းသားညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံရေးနည်းလမ်းအရ တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့်သာ အောင်မြင်နိုင်မည်ဖြစ်ပါသည်။ တိုင်းရင်းသား ပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံ့အကျိုးကို တက်ညီလက်ညီ ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါသည်။

လွတ်လပ်ရေးရပြီးချိန်ကတည်းကစပြီး ယခုအချိန်ထိ ကချင်ပြည်နယ်အပါအဝင် အထူးသဖြင့်နယ်စပ်ဒေသ၊ တိုင်းရင်းသားများ နေထိုင်ရာဒေသများတွင် တည်ငြိမ်အေးချမ်းမှု မရှိခဲ့သဖြင့် ဒေသခံတိုင်းရင်းသား ပြည်သူများမှာ လွတ်လပ်ရေး၏အရသာကို အပြည့်အဝမခံစားရသေးဘဲ လူမှုဒုက္ခများကို ရင်ဆိုင်နေကြရဆဲဖြစ်ပါသည်။ ထိုကဲ့သို့သော အဖြစ်ဆိုးကို မိမိတို့၏ လက်ထက်တွင် ချုပ်ငြိမ်းစေပြီး ထာဝရငြိမ်းချမ်းရေးနှင့်အတူ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံကို တည်ဆောက်ပြီး အနာဂတ်အတွက် ကောင်းမွန်သည့်အမွေကို လွှဲပြောင်းပေးနိုင်ရေး ကြိုးစားဆောင်ရွက်ကြရန် လိုအပ်နေပြီဖြစ်ကြောင်း အသိပေးတိုက်တွန်းမှာကြားလိုပါသည်။

နိဂုံးချုပ်အနေဖြင့် ကချင်ပြည်နယ်မှ မိဘပြည်သူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအပါအဝင် နိုင်ငံနှင့် လူမျိုးကို အမှန်တကယ်ချစ်မြတ်နိုးကြသည့် တိုင်းရင်းသား ပြည်သူများသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေး၊ ထာဝရငြိမ်းချမ်းရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့ကျရာကဏ္ဍအလိုက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဝိုင်းဝန်းပါဝင်ကြိုးပမ်းတည်ဆောက်သွားကြရန် အလေးအနက်ထားတိုက်တွန်းရင်း (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့သို့ ဤဂုဏ်ပြုသဝဏ်လွှာပေးပို့အပ်ပါသည်။

**ဗိုလ်ချုပ်မှူးကြီး**
**သတိုးမဟာသရေစည်သူ**
**သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်**
**နိုင်ငံတော်ဝန်ကြီးချုပ်**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

## မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေ၊ ကော်မတီဝင်များ၊ ဌာနမှူးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အလုံမြို့နယ် သစ်တောရပ်ကွက် သစ်တောလမ်းရှိ မြို့ပြပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာန မော်တော်ယာဉ်ဌာနခွဲသို့ သွားရောက်၍ ယာဉ်မောင်းဝန်ထမ်းများ ကွန်ပျူတာအသုံးပြု Simulation စနစ်ဖြင့် ယာဉ်မောင်းလေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်သည် သင်တန်းခန်းမဆောင်၌ ကျင်းပသည့် မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန အခြေခံယာဉ်မောင်းသင်တန်း အမှတ်စဉ် (၁/၂၀၂၄) ယာဉ်မောင်းသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်၍ သင်တန်းဖွင့် အမှာစကားပြောကြားသည်။

**လေးပတ်ကြာမြင့်မည်**

အဆိုပါ သင်တန်းသို့ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သန့်ရှင်းရေးဌာနမှ ဝန်ထမ်းသင်တန်းသား ၃၀ တက်ရောက်ကြကာ သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာမြင့်မည်ဖြစ်ပြီး သင်တန်းတွင် မြေပြင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဂရုပြုလိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ယာဉ်များအတွက် လိုအပ်သည့် သုံးကုန်ပစ္စည်းများ ခြွေတာသုံးစွဲရေးအကြောင်းအရာများ၊ ယာဉ်ကိုထိန်းသိမ်းစောင့်ရှောက်ခြင်း အကြောင်းအရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းအရာများနှင့် လက်ရှိအသုံးပြုနေသည့် အမှိုက်သိမ်းယာဉ်များတွင် တပ်ဆင်ထားသည့် အင်ဂျင်စက်များကို ပြုပြင်ထိန်းသိမ်းခြင်း အကြောင်းအရာများကို စာတွေ့၊ လက်တွေ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

■






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ ပန်းဖွားအကဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးစဉ်။

❖ **အားကစားသည် လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုကို ဖြစ်ပေါ်စေရုံသာမက ဗလငါးတန်ဖွံ့ဖြိုးမှု၏ အခြေခံမျိုးစေ့လည်းဖြစ်**

❖ **တက္ကသိုလ်ကျောင်းသား ကျောင်းသူများအနေဖြင့် အားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ စိတ်လက်အပန်းဖြေနိုင်ခြင်း၊ စိတ်ဖိစီးမှု လျော့ကျစေနိုင်ခြင်း၊ တက်ကြွဖျတ်လတ်ခြင်း၊ ပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ စနစ်တကျ တွေးခေါ်နိုင်ခြင်း၊ ဖြတ်ထိုးဉာဏ်အသုံးချခြင်း၊ အသင်းအဖွဲ့နှင့် လုပ်ကိုင်တတ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်**

❂ ရွှေဖုံးမှ

ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကား ပြောကြားရာတွင် အားကစားသည် လူငယ်များ၏ ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုကို ဖြစ်ပေါ်စေရုံသာမက ဗလငါးတန်ဖွံ့ဖြိုးမှု၏ အခြေခံမျိုးစေ့လည်း ဖြစ်ပါကြောင်း၊ တက္ကသိုလ် ကျောင်းသား ကျောင်းသူများအနေဖြင့် အားကစားပြုလုပ်ခြင်းဖြင့် ကျန်းမာကြံ့ခိုင်ခြင်း၊ စိတ်လက် အပန်းဖြေနိုင်ခြင်း၊ စိတ်ဖိစီးမှု လျော့ကျစေနိုင်ခြင်း၊ တက်ကြွဖျတ်လတ်ခြင်း၊ ပြဿနာကို ဖြေရှင်းနိုင်ခြင်း၊ စနစ်တကျ တွေးခေါ်နိုင်ခြင်း၊ ဖြတ်ထိုးဉာဏ် အသုံးချခြင်း၊ အသင်းအဖွဲ့နှင့် လုပ်ကိုင်တတ်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ပေါင်းသင်းဆက်ဆံရေးကို မြှင့်တင်ပေးရုံသာမက စဉ်းစားတွေးခေါ်မှုစွမ်းရည်များကိုပါ တိုးတက်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အားကစားနှင့် ပညာရေးကို ပေါင်းစပ်ပေးခြင်းသည် တက္ကသိုလ်ကျောင်းသားလူငယ်များ၏ ဗလငါးတန် ဖွံ့ဖြိုးတိုးတက်မှုကို အလျင်အမြန် အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

**အားကစားနည်းငါးမျိုး**
**ထည့်သွင်းကျင်းပသွားမည်**

ယခုကျင်းပသည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲတွင် ဘောလုံး၊ ဘော်လီဘော၊ ပြေးခုန်ပစ်၊ ပိုက်ကျော်ခြင်း၊ စားပွဲတင်တင်းနစ်စသည့် အားကစားနည်းငါးမျိုး ထည့်သွင်း ကျင်းပသွားမည်ဖြစ်ကြောင်း၊ ယင်းအားကစားနည်းငါးမျိုးအနက် ဘောလုံးနှင့် ဘော်လီဘော အားကစားနည်းများကို ရန်ကုန်ဇုန်၊ ဒဂုံဇုန်၊ ပုသိမ်ဇုန်၊ မော်လမြိုင်ဇုန်၊ မန္တလေးဇုန်၊ မကွေးဇုန်၊ တောင်ကြီးဇုန်၊ မြစ်ကြီးနားဇုန်ဆိုသည့် ဇုန် ရှစ်ခုဖွဲ့စည်းပြီး သတ်မှတ်ဇုန်များက လူရွေးပွဲ ကျင်းပပြုလုပ်ခဲ့ကြပါကြောင်း၊ ယင်းမှ ဇုန်တစ်ဇုန်စီက ဇုန်ကိုယ်စားပြု အသင်းတစ်သင်းစီ ဖွဲ့စည်းခဲ့ကြပြီး ယခုကျင်းပနေသည့် ဗဟိုအဆင့်တွင် လာရောက်ယှဉ်ပြိုင်ကြခြင်း ဖြစ်ပါကြောင်း၊ ကျန် အားကစားနည်းများကို ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲအနေဖြင့် ယှဉ်ပြိုင်ကျင်းပသွားမည်ဖြစ်ပါကြောင်း။

Athletics ဟု ခေါ်သည့် ပြေးခုန်ပစ် အားကစားသည် ရှေးဟောင်း ဂရိလူမျိုးများထံမှ စတင်မြစ်ဖျားခံခဲ့ပြီး ဘီစီ ၁၀ ရာစုခန့်တွင် Sport ဟု ခေါ်သည့် အားကစားအဖြစ် ပေါ်ထွန်းလာခဲ့ကြောင်း၊ ဂရိတို့သည် ကာယဗလနှင့် ဉာဏဗလတို့တွင် ယင်းခေတ်ကာလက ကမ္ဘာပေါ်၌ အောင်မြင်ထင်ရှားခဲ့ပါကြောင်း၊ ဂရိလူမျိုးများသည် ပြေးခုန်ပစ်ကစားနည်းများကို တီထွင်ကစားခဲ့ကြရာမှ ကမ္ဘာပေါ်တွင်အိုလံပစ်အားကစားပြိုင်ပွဲများ ပေါ်ပေါက်လာသည့်အဆင့်အထိ တိုးတက်ထွန်းကားလာခဲ့ပါကြောင်း။

မြန်မာနိုင်ငံ တွင်လည်း တက္ကသိုလ်အားကစားလှုပ်ရှားမှုများသည် လျှမ်းလျှမ်းတောက် အောင်မြင်ခဲ့ဖူးသည့် သမိုင်းများရှိပါကြောင်း၊ ၁၉၁၇ ခုနှစ်ကတည်းက ရန်ကုန်ကောလိပ် ဘောလုံးအသင်း (Rangoon College Football Team) သည် အောင်မြင်မှုများနှင့်အတူ ပေါ်ပေါက်ခဲ့ပါကြောင်း၊ မြန်မာနိုင်ငံ၏ ဘောလုံးလောကတွင် ၁၉၃၂ ခုနှစ်မှစ၍ ယူနီဗာစီတီ ဘောလုံးအသင်းဆိုပြီး အထူးနာမည်ကြီးလာခဲ့ပါကြောင်း၊ ယင်းနှစ်တွင်ပင် ဘီအေအေ ယခု အောင်ဆန်းကစားကွင်း ချန်ပီယံဖလားကြီးကို ရရှိခဲ့ပါကြောင်း။

**သုံးနှစ်ဆက်တိုက်ရရှိခဲ့**

၁၉၃၃ ခုနှစ်တွင် ချန်ပီယံဖလားနှင့် ဝါတာလော့ ရှုံးထွက်ဒိုင်းကြီးကိုပါ ရရှိခဲ့ပါကြောင်း၊ ၁၉၃၄ ခုနှစ်တွင် ချန်ပီယံဖလားဆုကို သုံးနှစ်ဆက်တိုက်ရရှိခဲ့သဖြင့် အပိုင်ရရှိပြီး ဝါတာလော့ဒိုင်းကိုလည်း နှစ်နှစ်ဆက်တိုက် ရရှိခဲ့ပါကြောင်း၊ ယင်းအချိန်က ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်း၏ အောင်မြင်ကျော်ကြားမှုသည် ဘီအေအေကွင်းကြီးတွင်သာမက မြန်မာပြည်တစ်ပြည်လုံး "ဗာစီတီ ဗာစီတီ၊ ရားရား"ဆိုသည့် အားပေးသံများနှင့်အတူ လွှမ်းမိုးကျော်ကြားခဲ့ပါကြောင်း။

ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်းသည် ၁၉၆၅၊ ၁၉၆၆ နှင့် ၁၉၆၇ ခုနှစ်များတွင်လည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကျင်းပသည့် ရှုံးထွက်ဖလားပတ်လည်ဒိုင်းနှင့် ကွင်းဖွင့်ဖလားပြိုင်ပွဲများတွင် သုံးနှစ်ဆက်တိုက် ပထမဆု ရရှိခဲ့ဖူးပါကြောင်း၊ ရန်ကုန်တက္ကသိုလ်၏ ကျောင်းတွင်းအားကစားပြိုင်ပွဲများ အခန်းကဏ္ဍသည်လည်း အင်မတန်အရေးပါလှပါကြောင်း၊ စစ်ကြိုခေတ်ကာလက ရန်ကုန်တက္ကသိုလ်၏ ကျောင်းတွင်း အားကစားပြိုင်ပွဲများ အဖြစ် အဆောင်လိုက်ပြိုင်ပွဲနှင့် အတန်းလိုက်ပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးခဲ့ပါကြောင်း၊ အဆောင်လိုက်ပြိုင်ပွဲများတွင် နေ့ကျောင်းသားများသည် နေ့ဝိဇ္ဇာအသင်းနှင့် နေ့သိပ္ပံ အသင်းများအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါကြောင်း။

၁၉၆၄ ခုနှစ်မှစတင်၍ ကျောင်းဆောင်အလိုက် အားကစားပြိုင်ပွဲများအပြင် ဘာသာရပ်အလိုက် ပြိုင်ပွဲများကိုပါ ကျင်းပပြုလုပ်ပေးခဲ့ပါကြောင်း၊ ပညာသင်နှစ်အပေါ်မူတည်ပြီး ကျင်းပပေးခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုကဲ့သို့ ကျောင်းတွင်း အားကစားပြိုင်ပွဲများမှ ထူးချွန်သည့် ကျောင်းသားကျောင်းသူများကို တက္ကသိုလ်လက်ရွေးစင် အားကစားသမားများအဖြစ် ရွေးချယ်ပြီး ယခုကဲ့သို့ ကျင်းပသည့် တက္ကသိုလ်/ကောလိပ် အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်စေခဲ့ခြင်းဖြစ်ပါကြောင်း၊ ရန်ကုန်တက္ကသိုလ်တွင် အားကစားပြိုင်ပွဲများအပြင် အားကစားသင်တန်းများကိုလည်း ရက်တိုသင်တန်း၊ ရက်ရှည်သင်တန်း ခွဲခြားပြီး နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးခဲ့ပါကြောင်း။

စာမျက်နှာ ၅ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်စဉ်။

✪ စာမျက်နှာ ၄ မှ

ထိုကဲ့သို့ တစ်ချိန်က ရန်ကုန်တက္ကသိုလ် ဘောလုံးအသင်း သုံးနှစ်ဆက်တိုက် အနိုင်ရရှိခဲ့ခြင်းသည် ဘောလုံးသမားများ၏ ကြိုးစားလေ့ကျင့်မှုနှင့် ထူးချွန်ထက်မြက်မှုများကြောင့်ဖြစ်ပြီး ဘောလုံးအားကစားသမားများသည် တစ်ဦးချင်းသာမက အသင်းလိုက်အနေဖြင့်ပါ အရည်အချင်း ပြည့်ဝကောင်းမွန်လာရခြင်းနှင့်အတူ နည်းပြဆရာ၏ ညွှန်ကြား လေ့ကျင့်ပေးမှုအပေါ် အပြည့်အဝလိုက်နာ လေ့ကျင့်ခဲ့၍လည်း ယခုကဲ့သို့ အောင်မြင်မှုရရှိခဲ့ခြင်းပင် ဖြစ်ပါကြောင်း။

**နိုင်ငံအလိုက်ပထမဗိုလ်စွဲခဲ့**

၁၉၆၉ ခုနှစ် ဒီဇင်ဘာ ၆ ရက်မှ ၁၃ ရက်အထိ ပဉ္စမအကြိမ်မြောက် အရှေ့တောင်အာရှကျွန်းဆွယ် အားကစားပြိုင်ပွဲကြီးကို ရန်ကုန်မြို့၌ အောင်မြင်စွာကျင်းပခဲ့ရာ မြန်မာ အားကစားအဖွဲ့တွင် တက္ကသိုလ် အားကစားသမားများ ပိုမိုပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး အိမ်ရှင်မြန်မာတို့အနေဖြင့် ရွှေတံဆိပ် ၅၇ ခု၊ ငွေတံဆိပ် ၄၆ ခုနှင့် ကြေးတံဆိပ် ၄၃ ခု ရရှိခဲ့ပြီး နိုင်ငံအလိုက် ပထမဗိုလ်စွဲခဲ့ပါကြောင်း၊ ရရှိခဲ့သည့် ဆုတံဆိပ်များအနက် ရွှေတံဆိပ် ခြောက်ခု၊ ငွေတံဆိပ် လေးခုနှင့် ကြေးတံဆိပ် ငါးခုကို တက္ကသိုလ် အားကစားသမားများက ဆွတ်ခူးပေးနိုင်ခဲ့ကြောင်း၊ ရွှေတံဆိပ် ခြောက်ခုရရှိရာတွင် တက္ကသိုလ်ကျောင်းသား ရေကူးချန်ပီယံ နန္ဒကျော်စွာ တစ်ဦးတည်းက ရွှေတံဆိပ်သုံးခု ရယူပေးနိုင်ခဲ့ခြင်းသည် တက္ကသိုလ်နှင့် တက္ကသိုလ် ကျောင်းသားတို့၏ ဂုဏ်ရောင်ကို ပိုမိုထွန်းပြောင်စေခဲ့ပါကြောင်း၊ အလားတူ ကျွန်းဆွယ်ပြိုင်ပွဲ သမိုင်းစဉ်တစ်လျှောက်လုံး မြန်မာတို့ တစ်ကြိမ်တစ်ခါမျှ မရဖူးခဲ့သည့် တင်းနစ်ရွှေတံဆိပ်ဆုကို တက္ကသိုလ်ကျောင်းသား မောင်မောင်လေးက ဆွတ်ခူးပေးနိုင်ခဲ့ခြင်းသည်လည်း မှတ်တမ်းဝင်ခဲ့ပါကြောင်း၊ ယနေ့ကာလတွင်လည်း မြန်မာနိုင်ငံအနေဖြင့် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲ (ASEAN University Games–AUG)များတွင် တက်ကြွစွာဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး အောင်မြင်မှုများစွာ ရရှိထားပါကြောင်း။

၂၀၂၂ ခုနှစ် ထိုင်းနိုင်ငံတွင် ကျင်းပခဲ့သည့် အကြိမ်(၂၀)မြောက် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲတွင် ဘောလုံး၊ မြားပစ်၊ ပိုက်ကျော်ခြင်းနှင့် ဝူရှူး အားကစားနည်း လေးမျိုးတွင် အားကစားသမား ၃၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြရာမှ ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် နှစ်ခု ရရှိအောင်ပွဲခံနိုင်ခဲ့ပါကြောင်း၊ ယင်းကဲ့သို့ အောင်ပွဲရခဲ့သည့် တက္ကသိုလ်အားကစား မောင်မယ်များကို နိုင်ငံတော်က ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးခဲ့ပါကြောင်း၊ ထိုကဲ့သို့ ထူးချွန်သည့် တက္ကသိုလ် အားကစားမောင်မယ်များ ပေါ်ထွန်းလာရန်အတွက်လည်း နိုင်ငံတော်က လိုအပ်သည့် အထောက်အပံ့များ ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း။

**ပညာရေးကောင်းမှ နိုင်ငံတိုးတက်မည်**

ပညာရေးဝန်ကြီးဌာန အနေဖြင့် လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးရေးနှင့် အားကစားကဏ္ဍမြှင့်တင်ရေးအတွက် ကျောင်းအားကစားကွင်းများ အဆင့်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပညာရေးနှင့်အားကစား ပေါင်းစပ်သင်ယူနိုင်သည့် အခွင့်အလမ်းများကို တိုးမြှင့်ဖော်ဆောင်ပေးလျက်ရှိပါကြောင်း၊ အားကစားကောင်းမှ ပညာရေးကောင်းမည် ဖြစ်ပြီး ပညာရေးကောင်းမှ နိုင်ငံတိုးတက်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပညာတတ်သော၊ စိတ်ဓာတ် စည်းကမ်း ကောင်းမွန်သော၊ ကျန်းမာကြံ့ခိုင်သော လူချွန်လူကောင်းများ ပေါ်ထွက်လာစေရန် အားကစားကဏ္ဍကို ပညာရေးနှင့် ပေါင်းစပ်မြှင့်တင်ရမည်ဖြစ်ကြောင်း။

အခြေခံပညာကဏ္ဍတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ကာယဆရာ ဆရာမများအတွက် သင်တန်းများကို အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနနှင့် ပူးပေါင်း ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍတွင်လည်း ဒဂုံတက္ကသိုလ်နှင့် ရတနာပုံတက္ကသိုလ်တို့တွင် B.Sc (Sports)ဘွဲ့သင်တန်းကို ဖွင့်လှစ်ပေးထားပြီး အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း သင်ကြား ပို့ချပေးလျက်ရှိပါကြောင်း၊ ထို့ပြင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များတွင် အားကစားအရာရှိနှင့် အားကစားနည်းပြများ ခန့်အပ်ပေးထားပြီး စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားပေးလျက်ရှိပါကြောင်း။

“အာရောဂျံ ပရမံလာဘံ” ဆိုသည့်အတိုင်း ကျန်းမာရေးသည် လာဘ်တစ်ပါးအဖြစ် ဘဝတစ်လျှောက်လုံးတွင် လိုအပ်သည့်အတွက် ကျောင်းသား ကျောင်းသူ လူငယ်အားလုံးကို အားကစားလိုက်စားပြီး သက်ရှည်ကျန်းမာကြံ့ခိုင်စွာဖြင့် နိုင်ငံ့အကျိုး သယ်ပိုးနိုင်မည့် အနာဂတ်သားကောင်း ရတနာများဖြစ်အောင် ကြိုးစားကျင့်ကြံသွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း၊ မောင်တို့မယ်တို့သည် တက္ကသိုလ်ကျောင်းသား ကျောင်းသူ အားကစားသမားများဖြစ်ကြသည်နှင့် လျော်ညီစွာ အားကစားပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြသည့်အခါ စည်းကမ်းရှိရှိ၊ နည်းစနစ် ခိုင်ခိုင်မာမာ၊ အားကစား စိတ်ဓာတ်အပြည့်အဝနှင့် ကြိုးပမ်းအားထုတ်ယှဉ်ပြိုင်ကြရင်း နိုင်ငံတော်ချစ်စိတ်၊ မျိုးချစ်စိတ်တို့ဖြင့် နိုင်ငံတော်၏ဂုဏ်ကို ထိန်းသိမ်းမြှင့်တင်နိုင်ကြပါစေကြောင်း၊ ဆုတံဆိပ်အသီးသီးကိုလည်း ဆွတ်ခူးရရှိပြီး နိုင်ငံ့လက်ရွေးစင် အားကစားသမားများဖြစ်အောင် ကြိုးစား၍ အောင်မြင်မှုများ ရရှိနိုင်ကြပါစေကြောင်းနှင့် တက္ကသိုလ်အားကစားလောက တစ်ခေတ်ဆန်းသစ်နိုင်ကြပါစေကြောင်း ပြောကြားပြီး “၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲ” ကို ဖွင့်လှစ်ပေးသည်။

**စုပေါင်းသယ်ယူ၍လွှင့်တင်**

ထို့နောက် တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲ အထိမ်းအမှတ် အလံကို အားကစားမောင်မယ်များက စုပေါင်းသယ်ယူ၍လွှင့်တင်ပြီး အားကစားမောင်မယ် ကျောင်းသား ကျောင်းသူများက အားကစား သစ္စာအဓိဋ္ဌာန်ကို ရွတ်ဆိုကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တက္ကသိုလ်ပေါင်းစုံအားကစားပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများမှ အသင်းအုပ်ချုပ်သူ/နည်းပြများနှင့် အားကစားသမားများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ Exercise Dance၊ Physical Fitness Dance၊ ပန်းဖွားအကနှင့် ကရင်းဒုံးယိမ်းအကတို့ဖြင့် ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်ပေါင်းစုံ အားကစားပြိုင်ပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၈ ရက်အထိ အားကစားနည်းများ အလိုက် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ အားကစားရုံများနှင့် လေ့ကျင့်ရေးဘောလုံးကွင်းများ၌ ကျင်းပသွားမည်ဖြစ်ပြီး တက္ကသိုလ်ပေါင်းစုံမှ အဖွဲ့ခေါင်းဆောင်များ၊ အုပ်ချုပ်သူ၊ နည်းပြများနှင့် အားကစားသမား စုစုပေါင်း ၁၁၆၀ ကျော် ပါဝင်ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက အွန်လိုင်းမှတက်ရောက်ကြသည်။

**အဓိပ္ပာယ်ဖွင့်ဆို**

ဦးစွာ အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ကလေးအလုပ်သမားကို အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ကလေးများ၏ ရုပ်ပိုင်း၊ စိတ်ပိုင်းနှင့် လူမှုရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအပေါ် အပြုသဘောမဆောင်သည့် သက်ရောက်မှုရှိစေနိုင်သော အလုပ်၊ ပညာရေးကို အနှောင့်အယှက်ဖြစ်စေသော အလုပ်၊ ကျောင်းတက်ရမည့်အခွင့်အရေးကို ပိတ်ပင်စေသော အလုပ်၊ အချိန်မတိုင်မီ မဖြစ်မနေကျောင်းထွက်စေသည့် အလုပ်၊ ကျောင်းတက်ခြင်းနှင့်အတူ ပြင်းထန်သော အလုပ်ကို အချိန်ကြာမြင့်စွာ လုပ်ရသောအလုပ်များကို လုပ်ကိုင်နေရသော ကလေးများကို ဆိုလိုခြင်းဖြစ်ပါကြောင်း၊ ငယ်ရွယ်နုပျိုစဉ်တွင် ကျောင်းတက်၍ အတတ်ပညာ၊ အသိပညာ ရှာဖွေမှု မပြုလုပ်နိုင်ဘဲ ကလေးသူငယ်အခွင့်အရေးဆုံးရှုံးမှုများကို တားဆီးကာကွယ်နိုင်ရန် လိုအပ်ပါကြောင်း၊ လူငယ်များသည် နိုင်ငံ၏အနာဂတ်ဖြစ်သည့်အတွက် နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်မည့် ဗလငါးတန်နှင့်ပြည့်စုံသော ကလေးသူငယ်များ ဖြစ်လာရန် တာဝန်ရှိသူများနှင့် မိဘဆရာသမားများ၊ သက်ဆိုင်သူများက လေ့ကျင့်ပြုစုပျိုးထောင်ပေးကြရန် လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံကလေး အလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ပထမငါးနှစ်စီမံချက်မှာ ၂၀၁၉ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ပြီးဆုံးသွားပြီဖြစ်ပါကြောင်း၊ ဒုတိယငါးနှစ်စီမံချက် ၂၀၂၄-၂၀၂၈ ခုနှစ်ကို အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းတာဝန်များကို သက်ဆိုင်ရာဌာနအလိုက် လုပ်ငန်းစီမံချက်များကို အတွင်းရေးမှူးနှင့်ညှိနှိုင်းပြီး သင့်လျော်မည့်ရက်တွင် တင်ပြကြစေလိုပါကြောင်း၊ အမျိုးသားကော်မတီ၏ လုပ်ငန်းကော်မတီရုံးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ ကော်မတီများက အမျိုးသားအဆင့် ပထမငါးနှစ်စီမံချက် ၂၀၁၉-၂၀၂၃ ခုနှစ် လုပ်ငန်းဆောင်ရွက်မှု နှစ်ပတ်လည် အစီရင်ခံစာကို အမျိုးသားကော်မတီထံ တင်ပြသွားရန်လည်း ရှိပါကြောင်း၊ လာမည့်ငါးနှစ်စီမံချက်အတွက် သက်ဆိုင်ရာကော်မတီဝင် ဌာနအဖွဲ့အစည်းများက အသေးစိတ် လုပ်ငန်းစီမံချက်များကိုရေးဆွဲပြီး အမျိုးသားကော်မတီထံ ဇန်နဝါရီလအတွင်း တင်ပြနိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းကော်မတီ အတွင်းရေးမှူးက မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဒုတိယငါးနှစ်စီမံချက် ၂၀၂၄-၂၀၂၈ ခုနှစ် ရေးဆွဲရာတွင် အခြေခံရမည့် အချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများ ဖွင့်လှစ်နိုင်ရေး၊ မီဒီယာမှတစ်ဆင့် အသိပညာပေးအစီအစဉ်များ ထုတ်လွှင့်နိုင်ရေး၊ လုပ်ငန်းရှင်များအား အသိပညာပေးရေးနှင့် ဆက်လက်လုပ်ဆောင်သွားမည့် လုပ်ငန်းတာဝန်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ဆွေးနွေးတင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက် ဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**သတင်းစဉ်**

# လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၈ ရက်နံနက်ပိုင်းကအဆိုပါကျောင်းရှိ မြတ်ပညာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသက်နောင်ဖြူနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ်အလိုက် ပြခန်းများအား လိုက်လံအားပေးကြည့်ရှုပြီး လူရည်ချွန်ကျောင်းသား ကျောင်းသူများ၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများအားဆုများချီးမြှင့်ကြသည်။

ထို့ပြင် လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၂၀၂၃-၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်တွင် ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအကများ၊ တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေခဲ့ကြောင်း သိရသည်။ **ကျော်ဆန်းမြင့်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အား ရိုးရာအစဉ်အလာနှင့်အညီ မနောအကစုပေါင်းဆင်နွှဲ၍ ဖွင့်လှစ်ပေး

မြစ်ကြီးနား ဇန်နဝါရီ ၉

၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် ကျရောက်မည့် (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ဌာနေတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ခြင်းကို ဖော်ထုတ်ပြသသည့် မနောအကဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

## ကြိုဆိုနှုတ်ဆက်

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်ဒွဲဘူ၊ ဒေါက်တာမှုထန်၊ ဦးရွှေကြိမ်းတို့နှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမောင်မောင်အုန်း၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဦးဉာဏ်ထွန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်ဥပဒေချုပ်နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များက ရိုးရာသံစုံတီးဝိုင်း၊ ဆိုင်းကြိုသီချင်း၊ ဆိုင်းကြိုအကတို့ဖြင့် နွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

ဦးစွာ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အခမ်းအနားနှင့် မနောပွဲတော်အား ရိုးရာအစဉ်အလာနှင့်အညီ ကျင်းပနိုင်ရေး ကက်သလစ် အသင်းတော်မှ ဖာသာတန်ဂျီးက ကျမ်းစာပိုဒ်ဖတ်ကြားဆုတောင်းခြင်း၊ သိက္ခာတော်ရဆရာ ဦး G ဇုန်းချန်းက ဆုတောင်း ဆက်ကပ်အပ်နှံခြင်း၊ သီတာနှစ်ခြင်းအသင်းတော် သိက္ခာတော်ရဆရာ ဦးမဒိန်ဇုန်းကျန်းက ကောင်းချီးပေး ကောင်းချီးပေး ဆုတောင်းခြင်းများ ဆောင်ရွက်ကြပြီး ကချင်ပြည်နယ်နေ့ အထိမ်းအမှတ်ပွဲနှင့် မနောပွဲအား စတင်ကြောင်းကြေညာကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့က မနောပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ငြိမ်းချမ်းရေးအကျိုးဆောင် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ်အတွင်းရှိ ကချင်မျိုးနွယ်စုခြောက်မျိုး၊ ရှမ်းမျိုးနွယ်စုငါးမျိုးနှင့် ဗမာတိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့များ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ ပညာရေးကောလိပ်၊ သူနာပြုသင်တန်းကျောင်းများမှ သင်တန်းသား သင်တန်းသူများ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေး သင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက မနောအက ဦးဆောင်သူနောင်ရှောင် (Nau Shawng)များ၏ ဦးဆောင်မှုနှင့်အတူ ရိုးရာအစဉ်အလာနှင့်အညီ မနောကွင်းအတွင်း မနောအကကို တပျော်တပါး စုပေါင်းဆင်နွှဲသည်။



(၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ ဖွင့်ပွဲအခမ်းအနားကို ကချင်ပြည်နယ်အစိုးရအဖွဲ့ရုံး မြက်ခင်းပြင်၌ ဌာနေတိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်ခြင်းကို ဖော်ထုတ်ပြသသည့် မနောအကဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပစဉ်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ အဖွဲ့ဝင်များသည် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာ ပြခန်းများနှင့် ဟင်းသီးဟင်းရွက်နှင့်ဒေသထွက်ကုန်ပစ္စည်း ပြခန်းများကို စိတ်ဝင်တစား လှည့်လည်ကြည့်ရှု အားပေးကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ခင်းကျင်းပြသထားသည့် ဌာနဆိုင်ရာ ပြခန်းများနှင့် ဟင်းသီးဟင်းရွက်နှင့် ဒေသထွက်ကုန်ပစ္စည်းပြခန်းများကို ကြည့်ရှုအားပေးစဉ်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ကောင်စီဝင် ဒေါ်ဒွဲဘူ၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးလှမိုး၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမျိုးသန့်၊ ဒေါက်တာ သက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်အတွင်း တည်ဆောက်လျက်ရှိသည့် ဗလမင်းထင် အမှတ်(၂)တံတား တည်ဆောက်ရေး လုပ်ငန်းခွင်သို့ သွားရောက် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ထိုမှတစ်ဆင့် မြစ်ကြီးနားမြို့ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားကွင်းအတွင်းရှိ ငြိမ်းချမ်းသာယာရေကူးကန်သို့ သွားရောက်ပြီး အခြေခံရေကူးနည်း သရုပ်ပြခြင်းနှင့် အသက်အရွယ်အလိုက် ရေကူးနည်း လေးမျိုးဖြင့် ရေကူးပြိုင်ပွဲများ ကျင်းပနေမှုကို ကြည့်ရှုအားပေးကာ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဆုရ ရေကူးအားကစားသမားများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြစ်ကြီးနားမြို့ ရောရပ်ကွက်အတွင်းရှိ ယဉ်ကျေးမှုပြတိုက်သို့ သွားရောက်ပြီး ယဉ်ကျေးမှုပြတိုက်အတွင်း ဌာနေတိုင်းရင်းသားတို့၏ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ၊ လူမှုအသုံးအဆောင်ပစ္စည်းများ၊ အဝတ်အထည်များ၊ တူရိယာပစ္စည်းများ စသည့် ရှေးဟောင်းအမွေအနှစ်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုကိုလည်းကောင်း၊ ရမ်ပူရပ်ကွက်အတွင်း အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းဖြစ်သည့် ဂျိန်းဖော့သူ ရက်ကန်းရုံ၌ ကချင်ရိုးရာ အဝတ်အထည်များကို စက်ရက်ကန်း၊ လက်ရက်ကန်းစင်များဖြင့် ရက်လုပ်နေမှုများကိုလည်းကောင်း၊ မြို့သစ်ကြီးရပ်ကွက်အတွင်း MSME လုပ်ငန်းတစ်ခုဖြစ်သည့် တစ်နေရာတည်းတွင် ဝန်ဆောင်မှုအပြည့်အဝပေးနိုင်သည့် Safe & Sure Auto Service Centre ၌ ခေတ်မီ စက်ပစ္စည်းများဖြင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာမှုထန်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးဉာဏ်ထွန်း၊ Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့သည် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်း မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် (၇၆) နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ စွမ်းစွမ်းတမံဆောင်ရွက်ပေးခဲ့သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများ ပေးအပ်ချီးမြှင့်ပွဲသို့ တက်ရောက်ကြသည်။

ဆက်လက်၍ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုများကို ပေးအပ်ချီးမြှင့်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာမှုထန်၊ ဦးရွှေကြိမ်း၊ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမင်းနောင်၊ ဦးဉာဏ်ထွန်း၊ Jeng Phang နော်တောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်တို့က စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (ဒုတိယအဆင့်) ဆုရ ၂၂ ဦးကို ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၏ ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများက လူမှုရေးဆိုင်ရာထူးချွန်ဆု (ဒုတိယအဆင့်)ဆုရရှိသူ ၁၆ ဦးနှင့် အဆင့်မြင့်ပညာနှင့် အခြေခံပညာကျောင်းများမှ စာစီစာကုံးပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲ ဆုရရှိသူများနှင့် စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု (တတိယအဆင့်) ဆုရသူ ခုနစ်ဦးတို့ကို ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆု နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါက်တာမှုထန်နှင့်အဖွဲ့ဝင်များသည် ပြည်နယ်ဘောလုံးကွင်းအတွင်း (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ကျင်းပသည့် လက်ရွေးပြိုင်ပွဲ၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ရိုးရာခြင်းလုံး၊ တိုက်ကွမ်ဒို၊ ကရာတေးဒို၊ အမျိုးသား အမျိုးသမီးဂိုးလတ်ဘောလုံးပြိုင်ပွဲ Fitness Dance ပြိုင်ပွဲများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၉**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ခုနစ်ဖွဲ့၏ ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုဌာန၌ ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(ငြိမ်း)၊ ဒုတိယဗိုလ်ချုပ်ကြီး ဝင်းဗိုလ်ရှိန်နှင့် ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့(PPST) အဖွဲ့ဝင် ဦးခွန်ဥက္ကာနှင့် ဦးမျိုးဝင်း၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)မှ ဥက္ကဋ္ဌ စောမြရာဇာလင်း၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူး၊ လားဟူဒီမိုကရက်တစ် အစည်းအရုံး(LDU)မှ ဒုတိယဥက္ကဋ္ဌ ကျာဖူး၊ ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်(PNLO)မှ တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) ခွန်မင်းသိန်း၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)မှ ဆက်ဆံရေးဌာနမှူး စောကျော်သန်းငွေ၊ မွန်ပြည်သစ်ပါတီ(NMSP)မှ ဗဟိုဖွံ့ဖြိုးရေးဌာန ဒုတိယတာဝန်ခံ နိုင်ညီညီနှင့် ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)မှ ဗဟိုဦးစီးကော်မတီဝင် နန်းစံဖောင်းတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်နှင့် တက်ရောက်လာကြသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ကိုယ်စား KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ ဒုတိယဥက္ကဋ္ဌ ဒေါက်တာနော်ကပေါ်ထူးတို့က နှုတ်ခွန်းဆက်အမှာစကားများ ပြောကြားကြသည်။



ထို့နောက် ရှေ့ဆက်လက်ဆောင်ရွက်မည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ရှိရာဒေသများတွင် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုယ်စား ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) ဥက္ကဋ္ဌ စောမြရာဇာလင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့က နိဂုံးချုပ် အမှာစကားများ ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ကချင်ပြည်နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မြစ်ကြီးနား ဇန်နဝါရီ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲပိုင်းတွင် မြစ်ကြီးနားမြို့ရှိ အမှတ်(၁) နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိပြီး သင်တန်းကျောင်းအုပ်များက သင်တန်းကျောင်းဆိုင်ရာအချက်အလက်များ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၊ ကချင်ပြည်နယ်ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနရုံးနှင့် သင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများကိုတွေ့ဆုံ၍ နယ်စပ်ရေးရာဝန်ကြီးဌာန၏ မူဝါဒ(၄)ရပ်ဖြစ်သည့် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသတွင် နေထိုင်သောတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးရေး စသည့်မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ တည်ငြိမ်အေးချမ်းမှုရှိမှသာ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်၍ တည်ငြိမ်အေးချမ်းရေးကို ဦးစားပေးတည်ဆောက်ရမည်ဖြစ်ကြောင်း၊ အခြေခံပညာများဆည်းပူးရာတွင် အတန်းတိုင်း၌ ကြိုးစား၍ အဆင့်မြင့်ပညာများ အောင်မြင်ရန်နှင့် မိမိတို့၏ဘဝရည်မှန်းချက်များ ပေါက်မြောက်ရန် ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ဗလငါးတန် ဖွံ့ဖြိုးရေးအတွက် အစဉ်အားထုတ် ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း မှာကြားခဲ့ပြီး စားသောက်ဖွယ်ရာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် ကျောင်းဝင်းအတွင်းရှိ အိပ်ဆောင်များ၊ စားရိပ်သာများ၊ စာကြည့်တိုက်နှင့် ရာသီသီးနှံ စိုက်ပျိုးထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမှတ်(၂) နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ ရောက်ရှိ၍ ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေး၍ ရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇီးကုန်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဇီးကုန်း ဇန်နဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ မြို့နယ်မီးသတ်ဦးစီးဌာနမှ ကလေးသူငယ်များ အတွက် သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေး(Kaeru Caravan) ကစားနည်းကိုးမျိုးဖြင့် ပညာပေးဆောင်ရွက်ခြင်းကို ယနေ့နံနက် ၁၀ နာရီက အခြေခံပညာ အထက်တန်းကျောင်း (ဇီးကုန်း)၌ ကျင်းပသည်။



ဦးစွာ ဇီးကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးသက်အောင်က အဖွင့်အမှာစကားပြောကြားပြီး သာယာဝတီခရိုင် မီးသတ်ဦးစီးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိမ်းထွန်းက သဘာဝဘေးအန္တရာယ်လျော့ချရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေး အသိပညာပေးအစီအစဉ် ပြုလုပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများက ခင်းကျင်းပြသထားသော ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များက အရေးပေါ် မီးငြိမ်းသတ်နည်း၊ စောင်ဖြင့်ထမ်းစင်ပြုလုပ်နည်းနှင့် သယ်ဆောင်နည်း၊ ရေသန့်ဘူးခွံဖြင့် အသက်ကယ်အင်္ကျီပြုလုပ်နည်းများ၊ သဘာဝဘေးအန္တရာယ်ပေါ်ပေါက်လာပါကဆောင်ရွက်ရမည့် နည်းစနစ်များ၊ မီးလောင်မှုကို ဖြစ်ပေါ်စေနိုင်မည့် အကြောင်းအရာများ၊ အရိုးကျိုးလူနာများအား ရှေးဦးပြုစုနည်းစသည့် Game ကိုးမျိုးဖြင့် လေ့ကျင့်သင်ကြား ပညာပေးဆောင်ရွက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

ပြည်ထောင်စုဖွား
တိုင်းရင်းသားတို့
တွဲထားလက်များ
ခိုင်မြဲစို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး ပြည်နယ်/ခရိုင်/မြို့နယ်အဆင့် ကျန်းမာရေးဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူနှင့်ဒေါက်တာမှုထန်၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းတို့သည် ယမန်နေ့ညနေပိုင်းတွင် မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီးသို့ ရောက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံသည်။




တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူက ဒေသခံပြည်သူလူထုကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် မြစ်ကြီးနား ပြည်သူ့ဆေးရုံကြီး၌ တာဝန်ထမ်းဆောင်လျက်ရှိသော ကျန်းမာရေးဝန်ထမ်းများအား အထူးကျေးဇူးတင်ရှိပါကြောင်း၊ ဤဆေးရုံကြီးသည် ကချင်ပြည်နယ်ဒေသခံပြည်သူလူထုအားကိုးသည့် ဆေးရုံကြီးဖြစ်သည့်အားလျော်စွာ ဆေးရုံကြီး၏ လိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်ဂုဏ်ဆောင် ပြည်သူ့ဆေးရုံကြီးဖြစ်အောင် ဆက်လက်ကြိုးစားသွားစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်ကို အကောင်ထည်ဖော် ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ၊ ပြည်သူများစိတ်ချမ်းသာစွာဖြင့် အရည်အသွေးပြည့်ဝသည့် ကုသမှုခံယူနိုင်ရေးအတွက် ပြည်သူ့ဆေးရုံများ အဆင့်မြှင့်တင်ခြင်းနှင့် အခြေခံအဆောက်အအုံများဖြည့်ဆည်းခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ဝယ်ယူဖြည့်ဆည်းခြင်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်များ ဖြည့်ဆည်းမြှင့်တင်ခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဒေသခံပြည်သူလူထုအကျိုးရှိစေရန် ရည်ရွယ်၍ ပြည်သူ့ဆေးရုံကြီးများတွင် ခါတ်ခွဲ၊ ခါတ်မှန်၊ ရောဂါရှာဖွေရေးလုပ်ငန်းများကို အဆင့်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဆေးကုသမှုလုပ်ငန်းအပြင် လူနာများအား နွေးထွေးပျူငှာစွာဆက်ဆံရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော်မှထောက်ပံ့သည့် ဆေးနှင့်ဆေးပစ္စည်းများကို ဒေသခံပြည်သူလူထု အကျိုးရှိစေရေး သုံးစွဲကြရမည်ဖြစ်ပါကြောင်း၊ ဆေးရုံဥပဓိရုပ်ကောင်းမွန်ရေး၊ သန့်ရှင်းသာယာလှပရေးတို့အတွက် အားလုံးဝိုင်းဝန်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာကြသည့် အထူးကုဆရာဝန်ကြီးများ၊ ကျန်းမာရေးဝန်ထမ်းများက လိုအပ်ချက်များကိုတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကချင်ပြည်နယ်ကုသရေးဦးစီးဌာန/ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီး၊ မူးယစ်ဆေးစွဲရောဂါကုဆေးရုံ၊ ကချင်ပြည်နယ် တိုင်းရင်းဆေးပညာဦးစီးဌာန စသည်တို့မှ ကျန်းမာရေးဝန်ထမ်းများ၊ မိုးညှင်း၊ ဝိုင်းမော်၊ မိုးကောင်းမြို့နယ်တို့မှ ဆေးရုံအုပ်/မြို့နယ်ကုသရေးဦးစီးဌာနမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ကချင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေး

မြစ်ကြီးနား ဇန်နဝါရီ ၉

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲပိုင်းက ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာရုံးတွင် ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနေမှုအခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံညှိနှိုင်းအစည်းအဝေးသို့ ကချင်ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ကချင်ပြည်နယ်အတွင်းရှိ ပြည်နယ်/ခရိုင် / မြို့နယ် လျှပ်စစ်အင်ဂျင်နီယာများ၊ မြို့နယ်လျှပ်စစ်မှူးများ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန အမှတ်(၂)တည်ဆောက်ရေး လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) (၄)ရုံးမှ ဝန်ထမ်းများ၊ မဟာဓာတ်အားလိုင်းမှူး(ဝိုင်းမော်)၊ ဝိုင်းမော်ပင်မဓာတ်အားခွဲရုံမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဒေသဖွံ့ဖြိုးရေးအတွက် လျှပ်စစ်မီးရရှိရေးသည် အဓိကကျသဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာစေရန် လိုအပ်နေသည့် လျှပ်စစ်ဓာတ်အားကို တိုးမြှင့်ထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိပြီး လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဓာတ်အားထုတ်လုပ်မှုကို တိုးချဲ့တည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေသကဲ့သို့ ထုတ်လုပ်သော လျှပ်စစ်ဓာတ်အားများကို ပိုမိုသယ်ဆောင်နိုင်ရန်ကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ တစ်ဖက်တွင်လည်း ဓာတ်အားပြတ်တောက်မှု၊ ဓာတ်အားပျောက်ဆုံးမှု လျှော့နည်းစေရန်နှင့် ဓာတ်အားစနစ် တည်ငြိမ်တိုးတက်ကောင်းမွန်စေရေးတို့ကို ဟန်ချက်ညီတိုးတက်ကောင်းမွန်စေရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုသို့စီမံဆောင်ရွက်မှုများအပေါ် အားလုံးမှ တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ဓာတ်အားခကောက်ခံရာတွင်လည်း ရရှိသင့်သော နိုင်ငံတော်၏ဘဏ္ဍာငွေကို အလေအလွင့်မရှိစေရေး စနစ်တကျကောက်ခံသွားရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်သည့် လျှပ်စစ်ဓာတ်အားများကို ပြည်သူလူထုထံသို့ ဖြန့်ဝေပေးပို့ရာတွင်လည်း ထုတ်လုပ်မှုအပေါ်အခြေခံ၍ စနစ်တကျ ထိန်းညှိဖြန့်ဖြူးပေးလျက်ရှိသည်ကို ပြည်သူလူထုထံသို့ ချပြအသိပေးဆောင်ရွက်သွားရန်နှင့် ထိုသို့ဖြန့်ဖြူးပေးပို့ရာတွင်လည်း မျှတစွာဖြင့် သတ်မှတ်အချိန်အလိုက် စနစ်တကျခွဲဝေဖြန့်ဖြူးပေးသွားရန်လိုအပ်ပါကြောင်း ပြောကြားခဲ့ပြီး ကချင်ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်က ကချင်ပြည်နယ်အတွင်းရှိ ဓာတ်အားဖြန့်ဖြူးမှုအခြေအနေများ၊ ဓာတ်အားခကြွေးကျန်ရရှိရေး ဆောင်ရွက်နေမှုအခြေအနေများနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ စသည်တို့ကို ရှင်းလင်းတင်ပြသည်။



ထို့နောက် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာက ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနေမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် ဓာတ်အားပြတ်တောက်မှု လျှော့နည်းကျဆင်းစေရေး ဆောင်ရွက်ထားရှိမှု၊ ဘဏ္ဍာနှစ်အလိုက် ဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းက ရှင်းလင်းတင်ပြချက်များအပေါ် လမ်းညွှန်မှာကြားခဲ့ပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျေးသီးမြို့၌ လူကုန်ကူးမှုကာကွယ်တားဆီးရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော



ကျေးသီး ဇန်နဝါရီ ၉

ရှမ်းပြည်နယ်(တောင်ပိုင်း) ကျေးသီးမြို့နယ်၌ လူကုန်ကူးမှုကာကွယ်တားဆီးရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၂ နာရီက ကျေးသီးမြို့ အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပခဲ့သည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးထက်က လူကုန်ကူး/လူမှောင်ခိုအဓိပ္ပာယ်၊ ကွဲပြားခြားနားချက်များ၊ လူကုန်ကူးခံရမှုပုံစံများ၊ လူကုန်ကူးသူပွဲစားများ စည်းရုံးလေ့ရှိသည့်အလေ့အထများ၊ ပြည်တွင်းလူကုန်ကူးမှု၊ ထိုင်းနှင့် တရုတ်နိုင်ငံများသို့ လူကုန်ကူးမှုခံရမှုအခြေအနေများကို ဟောပြောသည်။

ထို့နောက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးလူလှက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအန္တရာယ် အသိပညာပေးလမ်းညွှန်ချက်များ၊ ယာဉ်မောင်းနှင်ရာတွင် လိုက်နာရမည့်အချက်များ၊ လမ်းဖြတ်ကူးရာတွင် လူကူးမျဉ်းကျားမှသာ စည်းကမ်းတကျဖြတ်ကူးကြရန်၊ လမ်းညွှန်အမှတ်အသားများကို လိုက်နာကြရန် ဟောပြောပြီး ဒုတိယရဲမှူး သန်းထွန်းက ဆိုင်ကယ်များမောင်းနှင်ရာတွင် ဆိုင်ကယ်စီးဦးထုပ်ဆောင်းရန်၊ နှစ်ဦးထက်ပိုမစီးရန်၊ အရှိန်ပြင်းမောင်းနှင်ခြင်းမပြုရန်၊ ယာဉ်မောင်းနေစဉ် လက်ကိုင်ဖုန်းအသုံးမပြုရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များနှင့်ပတ်သက်၍ သိရှိလိုက်နာနိုင်ရန် ဟောပြောခဲ့ကာ တက်ရောက်လာသော ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

တစ်လှေတည်းစီး၊ တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား

# အစဉ်အလာမရိုင်း ခိုင်မြဲသည့် ယုံကြည်ချက် ခံယူချက်များနှင့်အတူ စည်းရုံးကြမည့် သူရဲကောင်းများ

မိုးမြင့်

လွတ်လပ်ရေးနဲ့တပ်မတော်၊ တပ်မတော်နဲ့အချုပ်အခြာတွဲပြီးမြင်တတ်ရင် ယနေ့ နိုင်ငံရဲ့ ဘက်စုံပြဿနာအရပ်ရပ်အပေါ်မှာ ဘယ်လိုမှန်ကန်တဲ့အမြင်နဲ့ ချဉ်းကပ်ဖြေရှင်းသင့်သလဲ နားလည်နိုင်ပါလိမ့်မယ်။ တပ်မတော်ရဲ့ကံကြမ္မာဟာ တိုင်းပြည်ရဲ့ကံကြမ္မာနဲ့ တစ်ထပ်တည်းရှိတယ်ဆိုတာ မြင်နိုင်ရမယ်။ တပ်မတော်ရဲ့ဆုံးရှုံးမှုတိုင်းဟာ နိုင်ငံတော်ရဲ့ ဆုံးရှုံးမှုပဲဆိုတဲ့ဒဿန၊ တချို့မမြင်ချင်ယောင်ဆောင်နေတာလည်း ဖြစ်နိုင်တယ်။

> **“ လူမျိုးရေးဗန်းပြပြီး နယ်မြေလု၊ စစ်ဘုရင်ဆန်ဆန် ခေါင်းဆောင်အကျိုးနဲ့ မိသားစုအကျိုးစီးပွားသက်သက် လက်နက်ကိုင်တွေနဲ့ တပ်မတော်ဟာ ယှဉ်ပြိုင်တိုက်ပွဲဝင်နေရတာ ဖြစ်တယ်။ လက်နက်ကိုင်ဌာနချုပ်တွေကို မတိုက်ဘဲနေခြင်းဟာ ငြိမ်းချမ်းရေးလိုလားဆဲဖြစ်တယ်ဆိုတာ ပြသနေခြင်းပဲဖြစ်တယ်။ ဒါပေမဲ့ အပျော့နဲ့ အမာ soft and hard power ကြားမှာ အကန့်အသတ်တော့ ရှိနေပါလိမ့်မယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်အပေါ်မှာ တည်ဆောက်သူလား၊ ဖျက်ဆီးနေသူလား ရုပ်လုံးပေါ်လာတာနဲ့အမျှ လက်နက်ကိုင်တွေရဲ့ အလုံးစုံပျက်သုဉ်းရေး အကြမ်းဖက်ပုံရိပ်ဟာ နိုင်ငံတကာမျက်နှာစာမှာ ထင်ရှားသည်ထက် ထင်ရှားလာမှာဖြစ် ”**

ဟိုနယ်မြေကျတယ်၊ ဒီနယ်မြေပါသွားတယ်၊ ဟိုစခန်းလက်လွှတ်ရတယ်၊ ဒီစခန်းက ဆုတ်ခွာရတယ်တို့ဆိုတာဟာ ကျွန်တော်တို့ပြည်သူအားလုံးရဲ့ နယ်မြေတွေ ဆုံးရှုံးသွားတာပဲ၊ ဒီလိုမြင်တတ်ရမယ်။ သူပုန်အသိမ်းခံရတဲ့ မြို့ရွာမှန်သမျှဟာ တစ်ပါးနိုင်ငံ လက်ထဲပေးလိုက်ရတာနဲ့ အတူတူပဲဖြစ်တဲ့အတွက် ဘယ်မြို့၊ ဘယ်ရွာမှ သူပုန်လက်ထဲမရောက်အောင် အသည်းအသန် ကာကွယ်ကြရမယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ တိုင်းရင်းသားပြည်သူတွေ ယနေ့နေထိုင်နေတဲ့နေရာတွေ၊ မြို့တွေ၊ ရွာတွေ၊ ပြည်နယ်တွေ ရှိရှိသမျှ နယ်နိမိတ်အားလုံးဟာ ရှေးစဉ်ဘောင်ဆက် အဆက်ဆက် ပြည်ထောင်စုသားတွေနဲ့ ဖွဲ့စည်းထားတဲ့ တပ်မတော်ကြီးက မနည်းစုစည်းတိုက်ယူထားရတဲ့ နယ်မြေတွေဖြစ်တဲ့အတွက်ကြောင့်ပါပဲ။

တပ်မတော်အနေနဲ့က ခံစစ်အသေမဟုတ် ခွာသင့်တဲ့အခါ ခွာမယ်၊ ဆုတ်သင့်တဲ့အခါ ဆုတ်မယ်၊ လိုအပ်ရင် ဟန့်သင့်ဟန့်တားမယ်၊ သေချာတာတစ်ခုကတော့ အားလုံးကို ပြန်တိုက်ပြီး ထိုးစစ်အပြုအမူနဲ့ အတိုးကော အရင်းပါ ပြန်ယူမယ်လို့ ကျွန်တော်တို့ ယုံကြည်ပြီးဖြစ်တယ်။ နိုင်ငံရေးအရ ယုတ်မာမှု၊ စစ်ရေးအရ စွက်ဖက်မှု၊ ပြည်တွင်း၊ ပြည်ပ ဘယ်လို သွေးတိုးစမ်းစမ်း ဩဇာခံဖို့ ဘယ်လို ကြိုးပမ်းသည်ဖြစ်ပါစေ အမျိုးသားရေးမာန်အပြည့်နဲ့ ချေမှုန်းသွားမယ့် တပ်မတော်အဖြစ် ယုံကြည်လျက်ပါ။

## ဘက်ပေါင်းစုံက ထိုးနှက်တိုက်ခိုက်

ယခု မြန်မာပြည်မြောက်ဖျားက စလိုက်တဲ့အရေးကိုပဲကြည့်ပါ။ proxy ခံကြိုးကိုင်သူနဲ့ ပွဲလန့်ဖျာခင်းသမားတွေရဲ့ အကြံအစည်တွေပါတယ်ဆိုတာ မြန်မာပြည်သူအားလုံးက သိပြီးဖြစ်ပါတယ်။ ယနေ့ကာလမှာ တပ်မတော်ပြိုကွဲအောင်၊ မြန်မာအချင်းချင်း ရန်ဖြစ်ပြီး နိုင်ငံပျက်စီးအောင် ဘက်ပေါင်းစုံက ထိုးနှက်တိုက်ခိုက်နေချိန်လည်း ဖြစ်တယ်။ ခေတ်သစ်ကိုလိုနီနယ်ချဲ့တွေရဲ့ ခိုင်းစေမှုအောက်မှာ ပြည်တွင်းလက်နက်ကိုင်အချို့က ကိုယ့်အတ္တနဲ့ကိုယ် တချို့က အာဏာရဖို့၊ တချို့က နယ်မြေရဖို့၊ တချို့က ခွဲထွက်ဖို့ အပြင်းအထန် ကြိုးစားနေချိန်လည်း ဖြစ်တယ်။

ပြည်တွင်း လက်နက်ကိုင်တွေနဲ့ မတူညီတဲ့ တပ်မတော်ရဲ့ယုံကြည်ချက်က အချုပ်အခြာတည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီးမပြိုကွဲရေးနဲ့ ၁၃၅ မျိုးသော တိုင်းရင်းသားအားလုံးစည်းလုံးညီညွတ်ကြရေးပဲဖြစ်တယ်။ ထိုအရေး ၃ ပါးကို လုံးဝလက်လွှတ်ခံဖို့မရှိတဲ့ တပ်မတော်ဟာ အချုပ်အခြာပိုင် ဘယ်နယ်နိမိတ်တစ်လက်မမျှ ပေးမှာမဟုတ်ဘဲ နိုင်ငံနယ်နိမိတ်ကို အပြည့်အဝ ကာကွယ်ပေးနေတယ်လို့ယုံကြည်ပါတယ်။

လွတ်လပ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ပေးနေတယ်၊ ပြည်ထောင်စုစိတ်ဓာတ်နဲ့ သည်းညည်းခံဆက်ဆံနေတဲ့ တပ်မတော်အပေါ် လက်နက်ကိုင်တွေက နိုင်ငံရေးအရ အမြတ်ထုတ်နေခြင်းဟာ ဖက်ဒရယ်ကိုအလွဲသုံးစားလုပ်နေခြင်းပဲလို့ တပ်မတော်အနေနဲ့မြင်မှာပါ။ အမျိုးဘာသာသာသနာ မပျောက်ပျက်အောင် ထိန်းသိမ်းပေးထားတယ်။ လွတ်လပ်ရေးနဲ့အချုပ်အခြာကို ကာကွယ်စောင့်ရှောက်ပေးနေခြင်းဟာ ပြည်သူတွေရဲ့ အသက်တွေ၊ အိုးအိမ်စည်းစိမ်တွေကို ကာကွယ်စောင့်ရှောက်ပေးခြင်းနဲ့ ထပ်တူထပ်မျှပါပဲ။ ဒါကြောင့် တပ်မတော်နဲ့လက်နက်ကိုင်သောင်းကျန်းသူ ရည်ရွယ်ချက်ချင်း မတူသလို လုပ်နည်းလုပ်ဟန်လည်းတူမှာမဟုတ်ပါဘူး။ တပ်မတော်က ငြိမ်းချမ်းရေးကိုလိုလားပြီး NCA ကိုကိုင်ဆွဲထားတဲ့ တည်ဆောက်ရေးသမားတွေဖြစ်တယ်။ သောင်းကျန်းသူဆိုတာက လူသတ်၊ အကြမ်းဖက်ဖျက်ဆီး၊ လူသစ်စု၊ မူးယစ် လူမှောင်ခို၊ ဖျက်နိုင်သမျှဖျက် အဖျက်သက်သက်၊ ဖျက်ဆီးရေးဝါဒီသက်သက်ပါပဲ။

## ငြိမ်းချမ်းရေးလိုလားဆဲ ဖြစ်တယ်ဆိုတာ ပြသနေခြင်းပဲဖြစ်

လူမျိုးရေးဗန်းပြပြီး နယ်မြေလု၊ **စစ်ဘုရင်ဆန်ဆန် ခေါင်းဆောင်အကျိုးနဲ့ မိသားစု အကျိုးစီးပွားသက်သက် လက်နက်ကိုင်တွေနဲ့ တပ်မတော်ဟာ ယှဉ်ပြိုင်တိုက်ပွဲဝင်နေရတာ ဖြစ်တယ်။ လက်နက်ကိုင်ဌာနချုပ်တွေကို မတိုက်ဘဲ နေခြင်းဟာ ငြိမ်းချမ်းရေးလိုလားဆဲ ဖြစ်တယ်ဆိုတာ ပြသနေခြင်းပဲဖြစ်တယ်။ ဒါပေမဲ့ အပျော့နဲ့ အမာ soft and hard power ကြားမှာ အကန့်အသတ်တော့ ရှိနေပါလိမ့်မယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ် အပေါ်မှာ တည်ဆောက်သူလား၊ ဖျက်ဆီးနေသူလား ရုပ်လုံးပေါ်လာတာနဲ့ အမျှ လက်နက်ကိုင်တွေရဲ့ အလုံးစုံ ပျက်သုဉ်းရေး အကြမ်းဖက်ပုံရိပ်ဟာ နိုင်ငံတကာမျက်နှာစာမှာ ထင်ရှားသည် ထက် ထင်ရှားလာမှာဖြစ်ပါတယ်။**

တစ်ချိန်တည်းမှာ လက်နက်ကိုင်အဖွဲ့တွေဟာ မြန်မာပြည်မြောက်ပိုင်းနဲ့ တောင်ပိုင်းကို ဆက်စပ်ပြီး တိုက်ကွက်ဖော်နေကြပြီဟု သုံးသပ်နိုင်ပါတယ်။ တပ်မတော်က တိုင်းပြည်ကို ပြည်တွင်း၊ ပြည်ပအသုံးချခံဘဝ မရောက်အောင်၊ အင်အားကြီးတွေကြား ကြားခံဇုန်မဖြစ်အောင် ရဲရဲဝံ့ဝံ့ ရန်းကန်တိုက်ပွဲဝင်နေရပါတယ်။ ဒါပေမဲ့ အဖျက်သမားတွေကတော့ ပြောင်းပြန်၊ သူတို့ကိုယ်သူတို့ ကြားခံဇုန်မဖြစ်ဖြစ်အောင် ဖန်တီးယူပြီး တိုင်းရင်းသားပြည်သူတွေကို မြေစာပင်ဘဝရောက်အောင် လုပ်သလိုဖြစ်နေတယ်။

တိုင်းရင်းသား လက်နက်ကိုင်တွေအကြားမှာ အချင်းချင်းသစ္စာမရှိ၊ လူမျိုးရေးအရ ကြီးနိုင်ငယ်ညှဉ်း အချင်းချင်း နယ်မြေလု တိုက်ပွဲအစဉ်အလာတွေရှိခဲ့ဖူးတဲ့အတွက် ဒီလိုဖြစ်စဉ်တွေတိုင်းမှာ မိသားစုစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တွေနဲ့အညီ ကူညီထိန်းညှိပေးခဲ့ဖူးတဲ့ သမိုင်းအစဉ်အလာတွေ ရှိခဲ့ဖူးပါတယ်။ ဒီအချက်ဟာ နိုင်ငံနဲ့ တိုင်းရင်းသားတွေအပေါ်မှာ တပ်မတော်ရဲ့ သစ္စာရှိမှုကို ပြသခြင်းပဲဖြစ်ပြီး ပြည်ထောင်စုအရေး အရှည်မြော်တွေးပြီး ဆောင်ရွက်တတ်တဲ့ ပြည်ထောင်စုတပ်မတော်တစ်ခုအဖြစ် မြင်နိုင်ရန်ဖြစ်ပါတယ်။

> **“ တစ်ခါတစ်ရံမှာ စစ်ကိုစစ်နဲ့သာ ချုပ်ငြိမ်းစေလိုတဲ့ အခြေအနေရောက်အောင် တွန်းပို့သလိုဖြစ်လာရင်လည်း မလွှဲမရှောင်သာ လက်ခံရတော့မယ့်အနေအထားနဲ့ ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်လာနိုင်ပါတယ်။ စစ်ရဲ့ခါးသီးမှုကို အသိဆုံးဖြစ်ပြီး ငြိမ်းချမ်းရေးကို အလိုချင်ဆုံးဖြစ်တဲ့ တပ်မတော်ကသာ ပြည်သူတွေလိုချင်နေတဲ့ ငြိမ်းချမ်းမှုကို ရှာဖွေပေးနိုင်မှာဖြစ်တဲ့အတွက် ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် စစ်ကိုရပ်စဲနိုင်တဲ့ တစ်ခုတည်းသော အဖွဲ့အစည်းဟာလည်း တပ်မတော်ဆိုတဲ့ Institution သာလျှင်ဖြစ် ”**

## မြန်မာပြည်မြေပုံထဲက ဘယ်အစိတ်အပိုင်းကိုမှလည်း ဖဲ့ယူခွင့်ပြုနိုင်မှာမဟုတ်

ယခုလက်ရှိမှာ မြေဧရိယာ မရမက ချဲ့ယူပြီး နိုင်ငံရေးရည်မှန်းချက် တောင်းဆိုဖို့ ကြိုးစားနေတဲ့ လက်နက်ကိုင်သောင်းကျန်းသူတွေရဲ့ရန်ကို တပ်မတော်ဟာ ခုခံဖြေရှင်းနေပါတယ်။ ပြည်ထောင်စုနိုင်ငံတစ်ခုမှာ လက်နက်ကိုင်တိုက်ခိုက်ပြီးမှ နယ်မြေချဲ့ထွင်တဲ့ ယဉ်ကျေးမှုတစ်ရပ် ထွန်းကားလာမှာကို ဘယ်လိုမှ ခွင့်ပြုလို့မရပါဘူး။ မြို့တွေ၊ ကျေးရွာတွေ ပျက်စီးနေတဲ့အနေအထားကို ယခုထက်ပိုပြီး ခွင့်မပြုသင့်တော့ပါဘူး။ သီးခြားခွဲထွက်ခွင့်ကို အိပ်မက်ပင်မက်ခွင့်မပြုသလို မြန်မာပြည်မြေပုံထဲက ဘယ်အစိတ်အပိုင်းကိုမှလည်း ဖဲ့ယူခွင့်ပြုနိုင်မှာမဟုတ်ပါဘူး။ နယ်စွန်နယ်ဖျားမကျန် အစိတ်အပိုင်းအားလုံးဟာ မြန်မာတွေအတွက်သာ ဖြစ်ရမယ်ဆိုတဲ့ ခံယူချက်ဟာ နိုင်ငံတစ်ဝန်းက တိုင်းရင်းသားအားလုံးနဲ့ဆိုင်ပါတယ်။

လူမျိုးစွဲ၊ အတ္တစွဲဟာ ပြည်ထောင်စုစိတ်ဓာတ်နဲ့ဆန့်ကျင်ဘက်ဖြစ်ကာ ဖွဲ့စည်းပုံကိုကျော်လွန်ပြီး တောင်းဆိုချက်မှန်သမျှကိုလည်း ခွင့်ပြုလို့မရပါဘူး။ အစွန်အဖျားက မည်သည့်တိုင်းရင်းသားကိုမှ နိုင်ငံခြားလက်ဝေခံသစ္စာခံအဖြစ် ခွင့်ပြုလို့မရသလို ကိုယ့်နိုင်ငံသားအချင်းချင်း ဘယ်ဒေသကို ဘယ်တိုင်းရင်းသားတော့ မလာရ စသဖြင့် ပုံမမှန်တဲ့အချက်တွေ တောင်းဆိုလာခဲ့ရင် သို့မဟုတ် လက်နက်ကိုင်အကျပ်ကိုင်လာရင်လည်း အသက်ပေးပြီး ရင်ဆိုင်တုံ့ပြန်သွားဖို့ အသင့်ရှိမယ့် တပ်မတော်အဖြစ် အခိုင်အမာခံယူပြီးဖြစ်တယ်ဆိုတာ နားလည်ပါတယ်။

## သစ္စာရှိမှုအပေါ် အသက်ပေးပြီး အစဉ်အဆက်ပြသနေဆဲ

တပ်မတော်ဟာ နိုင်ငံနဲ့ ပြည်သူအပေါ် သူတို့ရဲ့သစ္စာရှိမှုအပေါ် အသက်ပေးပြီး အစဉ်အဆက်ပြသနေဆဲပဲဆိုတာ ယခုတစ်ကြိမ် ရှမ်းမြောက်၊ ကရင်၊ ကယား၊ ရခိုင်၊ စစ်ကိုင်းတစ်ခွင်တိုက်ပွဲများမှာလည်း ထင်ရှားပေါ်လွင်လျက်ပါ။ အထက်မှာတင်ပြခဲ့သလို မကြုံစဖူး အပြင်းထန်ဆုံးသော တိုက်ပွဲတွေဟာ မြန်မာပြည်ကြီး အလုံးစုံပျက်သုဉ်းရေး ထိုးနှက်မှုတွေအဖြစ် မြင်တွေ့ရမှာဖြစ်ပါတယ်။ ပန်းနဲ့ပေါက်ကြတာမှမဟုတ်ဘဲ၊ လူအင်အားအဆမတန်နဲ့ နည်းပညာမြင့်လက်နက်တွေ၊ ကျည်ဆန်တွေကြားမှာ မြေခခဲ့ရတဲ့ တပ်မတော်သားတွေရဲ့ အသက်တွေဟာ မနည်းပါဘူး။ တန်ဖိုးရှိတဲ့အရာရှိ စစ်သည်၊ မိသားစု လူ့အသက်တွေရဲ့တန်ဖိုးနဲ့ သက်မဲ့မြေကို နည်းဗျူဟာအရ အလဲအထပ်လုပ်လိုက်ရတဲ့ သဘောတွေလည်း ပါပါတယ်။

သို့ပေမဲ့ ယနေ့စစ်ပွဲတွေကနေ **အဆုံးအရှုံးကနေ ရလိုက်တဲ့အမြတ်တချို့နဲ့ အတူ အားနည်းချက်၊ အားသာချက်တွေကိုလည်း မြင်အောင်ကြည့်ရမှာပါ။ စစ်ကိုစစ်နဲ့တူအောင် တိုက်ခိုက်တတ်ကြတဲ့ စစ်ခေါင်းဆောင်တွေ၊ စစ်သည်တွေ၊ တိုက်ခိုက်ရေးစစ်သည်အလား စစ်တိုက်နိုင်ကြတဲ့ ရဲမေမိသားစုတွေကို မြင်တွေ့ခွင့်ရခဲ့တာ အင်မတန် အဖိုးတန်လှပါတယ်။ ခေါင်းဆောင်မှုအရည်အချင်းနဲ့ စစ်သားစိတ်၊ ရဲဘော်ရဲဘက်စိတ်နဲ့ တပ်ဖွဲ့စိတ်ရှိသူတွေ အမြောက်အမြားရှိနေကြောင်း အကဲဖြတ်ခွင့်ရခဲ့ပါပြီ။ နောင်လာနောက်သားတို့ နမူနာယူပြီး ဆက်လက်သယ်ဆောင်သွားရမယ့် သူရဲကောင်းစိတ်ဓာတ် အချို့ကိုလည်း ယနေ့စစ်ပွဲတွေကနေ ကောင်းစွာ ရှာဖွေနိုင်ခဲ့ပါပြီ။**

## စစ်တွေချုပ်ငြိမ်းမှသာ

တကယ်တော့ စစ်ဆိုတာ မကောင်းပါဘူး။ စစ်ကိုလည်းမမျှော်၊ ကိုယ့်ဒေသထံ စစ်ပွဲတွေ ရောက်မလာအောင်နဲ့ ကိုယ့်မြို့၊ ကိုယ့်ရွာမှာ အကြမ်းဖက်တွေမခိုအောင်း နိုင်အောင် ပါတီအဖွဲ့အစည်းအားလုံး၊ မျိုးချစ်အားလုံးက ဝိုင်းဝန်းကူညီကြဖို့ လိုပါမယ်။ စစ်ကြောင့် ယခုပစ္စုပ္ပန်မှာ လူ့အသက်အိုးအိမ်စည်းစိမ်တွေ သေကျေပျက်စီးကြရသလို နောင်မျိုးဆက်သစ်တွေရဲ့ဘဝတွေကို သတ်လိုက်သလို ဖြစ်စေမှာကို မြော်တွေးရပါမယ်။ ဒါကြောင့် စစ်တွေမဖြစ်ဖို့၊ ဖြစ်နေတဲ့ စစ်တွေရပ်စဲအောင်လုပ်ဖို့နဲ့ စစ်တွေချုပ်ငြိမ်းမှသာ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးမှု ဆက်စပ်ဖြစ်ထွန်းမှုကို ဆောင်ရွက်နိုင်မယ်လို့ ယုံကြည်ပါတယ်။

စာမျက်နှာ ၁၀ သို့

# လူမှုဖူလုံရေးအဖွဲ့ ရွေ့လျားဆေးကုသယာဉ်များဖြင့် အလုပ်သမားဝန်ကြီးဌာနရှိ ဝန်ထမ်းများအား ကွင်းဆင်း ဆေးကုသမှုဆောင်ရွက်ပေး



**နေပြည်တော် ဇန်နဝါရီ ၉**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ်များ (Mobile Medical Units) ဖြင့် ဇန်နဝါရီ ၁ ရက်မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ စက်မှုဇုန်များသို့လည်းကောင်း၊ ဇန်နဝါရီ ၂ ရက်မှစတင်၍ နေပြည်တော်ကောင်စီရှိ ဝန်ကြီးဌာနများသို့လည်းကောင်း ရွေ့လျားဆေးကုသယာဉ် (Mobile Medical Units) သုံးစီးဖြင့် လူမှုဖူလုံရေး အကျုံးဝင်အလုပ်သမားများအား အလုပ်ဌာနများအရောက် ကွင်းဆင်းဆေးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် လူမှုဖူလုံရေးအဖွဲ့က ရွေ့လျားဆေးကုသယာဉ်ဖြင့် ရုံးအမှတ်(၅၁) အလုပ်သမားဝန်ကြီးဌာနသို့ သွားရောက်၍ ဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် ဝန်ထမ်း ၄၅၀ အား လိုအပ်သော ဆေးဝါးကုသမှုများ၊ ၁၇၄ ဦးအား ခတ်ခွဲစစ်ဆေးမှုများ၊ ၄၂ ဦးအား နှလုံးအတွက် ECG စစ်ဆေးခြင်းများ ဆောင်ရွက်ပေးခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးသည်။

**အာမခံအလုပ်သမား ၁ ဒသမ ၂ သန်းကျော်**

လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ၂၀၂၃ ခုနှစ်နိုဝင်ဘာလတွင် အကျုံးဝင်အာမခံအလုပ်သမား ၁ ဒသမ ၂ သန်းကျော်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင် ဆေးရုံကြီး သုံးရုံ၊ မြို့နယ်လူမှုဖူလုံရေးဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၀၊ စာချုပ်ဆေးခန်း ၅၄ ခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှု (Specialist OG OPD) ဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၂၃ ခန်း၊ မီးဖွားဝန်ဆောင်မှုဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးရုံ/သားဖွားခန်း ၁၂ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှု ဆောင်ရွက်ပေးလျက်ရှိသည်။

နေပြည်တော်ကောင်စီရှိ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် လူမှုဖူလုံရေးအဖွဲ့ (ရုံးချုပ်)ရှိဝန်ထမ်းများကို ကျန်းမာရေးစောင့်ရှောက်မှုများအနေဖြင့် ဇန်နဝါရီ ၁၀ ရက်မှ ၁၅ ရက်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ မူလတန်းကြိုကျောင်း၊ ကလေးပြုစုရေးဌာနနှင့် သိုလှောင်ရုံများ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇန်နဝါရီ ၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန၊ ကျိုင်းတုံ မူလတန်းကြိုကျောင်း၊ ကလေးပြုစုရေးဌာန၊ အမျိုးသမီးသက်မွေးပညာသင် ကျောင်းနှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနသိုလှောင်ရုံတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**မှာကြား**

ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မူလတန်းကြိုကျောင်းတွင် ကလေးငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ သန့်ရှင်းသပ်ရပ်စွာဖြင့် အာဟာရပြည့်ဝစွာ ကျွေးမွေးနိုင်မည့် အခြေအနေ၊ သင်ရိုးညွှန်းတမ်းနှင့်အညီ ကလေးများအား စနစ်တကျ လေ့ကျင့်သင်ကြားပေးနိုင်မှု၊ ဆရာမများအနေဖြင့် စိတ်ကောင်း စေတနာကောင်းများဖြင့် ပြုစုပျိုးထောင်သင်ကြားပေးရေးတို့ကို မှာကြားသည်။

ယင်းနောက် ကျိုင်းတုံကလေးပြုစုရေးဌာနတွင် လက်ခံစောင့်ရှောက်ထားသည့် ကလေးငယ် ၅၀ ၏ ပညာသင်ကြားလေ့ကျင့်နေမှု၊ သင်ယူရာနေရာများနှင့် ကျွေးမွေးစောင့်ရှောက်မှု၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး ကလေးများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ အရုပ်များနှင့်စားသောက်ဖွယ်ရာများကို ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးသက်မွေးအတတ်ပညာသင် ကျောင်းသို့ရောက်ရှိရာ ကျောင်းအုပ်ကြီးက တောင်ပေါ်ဒေသတွင် နေထိုင်ပြီး ဆင်းရဲနွမ်းပါး၍ မိသားစုများက ပညာဆက်လက်သင်ကြားပေးရန် ခက်ခဲသည့် ကလေးငယ် ၅၆ ဦးကို ပညာဆက်လက်သင်ကြားနိုင်ရန် လူမှုဝန်ထမ်းဦးစီးဌာနက ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွင်း အမျိုးသမီးသက်မွေးအတတ်ပညာသင် ကျောင်းတွင် လက်ခံစောင့်ရှောက်ပေးနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ကလေးငယ်များကို အတန်းပညာသာမက ၎င်းတို့၏ ဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အသိပညာများ၊ ကျန်းမာရေးဆိုင်ရာ အသိပညာ ဗဟုသုတများကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ပညာရှင်များဖိတ်ခေါ်၍ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးရန်နှင့် နွေရာသီ ကျောင်းပိတ်ရက်တွင် အသက်မွေးဝမ်းကျောင်းပညာရပ်များ သင်ကြားပေးရန် မှာကြားခဲ့ပြီး ကလေးငယ်များနှင့် ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ စားသောက်ဖွယ်ရာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ကျိုင်းတုံခရိုင်ဦးစီးမှူးရုံးနှင့် ကယ်ဆယ်ရေး ပစ္စည်းသိုလှောင်ရုံသို့ သွားရောက်၍ ကယ်ဆယ်ရေးပစ္စည်းများ သိုလှောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက ကယ်ဆယ်ထောက်ပံ့ပစ္စည်းများကို လေလွင့်ပျက်စီးမှုများ မဖြစ်ပေါ်စေရေး၊ သက်တမ်းပြည့် ကောင်းမွန်စွာဖြင့် ဘေးသင့်သူများလက်သို့ ထောက်ပံ့နိုင်ရေးတို့အတွက် ထုတ်ပြန်ထားသော သိုလှောင်ရုံ ထိန်းသိမ်းရေးလက်စွဲနှင့်အညီ စနစ်တကျ ထားသိုထိန်းသိမ်းရန်နှင့် မီးဘေးအပါအဝင် သိုလှောင်ရုံလုံခြုံရေးကို ဝန်ထမ်းများ အထူးသတိပြုဆောင်ရွက်ကြရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

**❒ စာမျက်နှာ ၉ မှ**

**တစ်ခါတစ်ရံမှာ စစ်ကိုစစ်နဲ့သာ ချုပ်ငြိမ်းစေလိုတဲ့ အခြေအနေရောက်အောင် တွန်းပို့သလိုဖြစ်လာရင်လည်း မလွှဲမရှောင်သာ လက်ခံရတော့မယ့် အနေအထားနဲ့ ဆက်လက်ဆောင်ရွက်ဖို့ ဖြစ်လာနိုင်ပါတယ်။ စစ်ရဲ့ခါးသီးမှုကို အသိဆုံးဖြစ်ပြီး ငြိမ်းချမ်းရေးကို အလိုချင်ဆုံးဖြစ်တဲ့ တပ်မတော်ကသာ ပြည်သူတွေ လိုချင်နေတဲ့ငြိမ်းချမ်းမှုကို ရှာဖွေပေးနိုင်မှာဖြစ်တဲ့အတွက် ဘယ်လိုအခြေအနေမျိုးမှာပဲ ဖြစ်ဖြစ် စစ်ကိုရပ်စဲနိုင်တဲ့ တစ်ခုတည်းသော အဖွဲ့အစည်းဟာလည်း တပ်မတော်ဆိုတဲ့ Institution သာလျှင် ဖြစ်ပါလိမ့်မယ်။**

ထို့ကြောင့် ယခုအချိန်မှာ အရာအားလုံးကို သင်ခန်းစာယူပြီး အယူအဆတွေ မကွဲပါနဲ့တော့၊ မြန်မာအချင်းချင်းလည်း မဖျက်ဆီး၊ မပျက်စီးကြပါနဲ့တော့။ အရေးကြီးဆုံးက အားလုံးသည် တစ်စိတ်တစ်ဝမ်းတည်းဖြစ်ဖို့သာ၊ ခြောက်ပြတိုင်းလည်း မကြောက်ဖို့၊ ချော့တိုင်းလည်း ပျော့မသွားဖို့ပါ။ အဝေးကနေစိတ်ပျက်အားလျော့နေခြင်းက ရင်မြေကတုတ်လုပ်ပြီး အလံတိုင်စိုက်မယ့်အဖွဲ့တွေအတွက် အားမဖြစ်ပါဘူး။ ဘက်စုံမှုသား သွေးခွဲစကားတွေသတိထားသွေးမကွဲဘဲ တို့အရေးသုံးပါးသာ အာရုံစိုက်ရပါမယ်။ ယနေ့လိုအခြေအနေမျိုးမှာ နိုင်ငံသားအားလုံး မျိုးချစ်စိတ်ဓာတ် ထက်သန်စေချင်ပါတယ်။ တပ်မတော်ကို မျိုးချစ်စိတ်ဓာတ် ထက်သန်စွာနဲ့ အခိုင်အမာ အားပေးရပ်တည်ကြရပါမယ်။

**မမိုတ်မသုန် ထောက်ခံအားပေး**

**နိုင်ငံရဲ့တစ်ခုတည်းသော တပ်မတော်ကြီး တစ်စုံတစ်ရာသော အကြောင်းကြောင်းကြောင့် အားနည်းသွားခဲ့ရင် နိုင်ငံတွင်းက သက်ရှိသက်မဲ့အားလုံး အနိုင်ဆိုတာမရှိ၊ အားလုံးဆုံးရှုံးခြင်းသာ အဖတ်တင်ကျန်ရစ်မှာ ဖြစ်ပါတယ်။ အကောင်းဆုံးတွေ ရှင်သန်နေမှ အောင်မြင်မှုကအမြဲရှိနေမှာပါ။ အသက်အပိုမပါတဲ့စစ်သည်တွေ သူတို့အသက်တွေ ပေးနေသရွေ့ တိုင်းပြည်အချုပ်အခြာ၊ ဘာသာသာသနာအတွက် စိတ်ချပြီးသားပါ။ ဒါကို အလေးအနက်ထားဖို့ သတိပြုကြဖို့လိုပါတယ်။ တပ်မတော်နဲ့နိုင်ငံတော်ကို ပုဂ္ဂိုလ်စွဲ၊ လူမျိုးစွဲ၊ ဒေသစွဲနဲ့မမြင်ဘဲ ငါတို့နိုင်ငံ၊ ငါတို့လူမျိုးအားလုံးအတွက် ငါတို့အားလုံးနဲ့ ဆိုင်တယ်၊ တပ်မတော်ဟာ နိုင်ငံတော်နဲ့ နိုင်ငံသားတွေကို ကာကွယ်စောင့်ရှောက်ပေးနေသော တစ်ခုတည်းသောအဖွဲ့အစည်းကြီးဖြစ်တယ်ဆိုတဲ့အမြင်နဲ့ မမိုတ်မသုန် ထောက်ခံအားပေးကြရပါမယ်။**

**ပြိုင်ပွဲဟာ အချိန်လည်း မစေ့သေးပါဘူး၊ အဆုံးသတ်လည်းမဟုတ်ပါဘူး။ အောင်မြင်မှုများစွာနဲ့ အစမ်းသပ်ခံရမယ့် ပွဲတွေရှိပါသေးတယ်၊ ဒီအချိန်မှာ မြန်မာပြည်မြေပုံ ပျက်ယွင်းမသွားဖို့ စည်းလုံးညီညွတ်မှုသာ မပြိုကွဲပါစေနှင့်၊ မိမိအင်အား အစစ်အမှန်ကို သိဖို့နဲ့ ပြည်တွင်းအင်အားကို တိုးချဲ့တည်ဆောက်ပြီး ကျစ်လျစ်ခိုင်မာတဲ့ အင်အားနဲ့ အားမွေးကြဖို့ပါ၊ အရာအားလုံးမှာ အရေးကြီးဆုံးကတော့ ခံယူထားရမယ့် စစ်သားကောင်းစိတ်ဓာတ်နဲ့ စုစည်းညီညွတ်ခြင်းပါပဲ။ ။**

**စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ

## အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်မှုနှင့်အညီ အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေပုဒ်မ ၂၀(ဂ)တွင် သတ်မှတ်ပြဋ္ဌာန်းချက်အရ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေကို နိုင်ငံတော်၏မတည်ထောက်ပံ့ငွေဖြင့် ထူထောင်ထားရှိပြီး ဖြစ်ပါသည်။ အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သက်သာသောအတိုးနှုန်းဖြင့် ထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ MSME ချေးငွေများ ထုတ်ချေးရာတွင် အောက်ဖော်ပြပါလုပ်ငန်းများအား ဦးစားပေးအနေဖြင့် ထုတ်ချေးမည်ဖြစ်ပါသည်-

(က) တန်ဖိုးမြှင့်ထုတ်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများ၊

(ခ) နိုင်ငံ၏ပို့ကုန်ဝင်ငွေ တိုးတက်စေသည့်လုပ်ငန်းများ၊

(ဂ) ဒေသထွက်ကုန်ကြမ်းများကိုအခြေခံ၍ ထုတ်လုပ်သောလုပ်ငန်းများ၊

(ဃ) သွင်းကုန်အစားထိုး ကုန်ထုတ်လုပ်မှုလုပ်ငန်းများ၊

(င) ပြည်သူများ၏ အလုပ်အကိုင်ရရှိရေး ဖန်တီးပေးနိုင်သည့် လုပ်ငန်းများ၊

(စ) စွမ်းအင်ချွေတာရေးလုပ်ငန်းများ၊

(ဆ) လုပ်ငန်းအတွင်း စွန့်ပစ်ရေဆိုးများအား ထိန်းသိမ်းခြင်းနှင့် ပတ်ဝန်းကျင်အန္တရာယ် ကျရောက်မှုမှ ကင်းဝေးရန် ဆောင်ရွက်မည့်လုပ်ငန်းများ၊

(ဇ) ပြည်သူများ၏ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ရေး မြှင့်တင်နိုင်သည့် လုပ်ငန်းများ၊

၃။ MSME ချေးငွေစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | သတ်မှတ်ချက် |
|---|---|---|
| ၁ | MSME လုပ်ငန်းတစ်ခုသို့ အများဆုံး ထုတ်ချေးမည့် ပမာဏ | အသေးစားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၁၀)သန်း၊<br>အငယ်စားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၅၀)သန်း၊<br>အလတ်စားစီးပွားရေးလုပ်ငန်းအတွက် ကျပ်(၁၀၀)သန်း၊<br>(မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံ ကုမ္ပဏီတစ်ခုခု၏ CGI စနစ်ဖြင့် ရယူထုတ်ချေးလိုပါက မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံကုမ္ပဏီနှင့် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ပါသည်။) |
| ၂ | ချေးငွေ အတိုးနှုန်းနှင့် သက်တမ်း | (က) Fixed Capital အနည်းဆုံး (၃၀%) နှင့်အထက် အသုံးပြုမည့်ချေးငွေ အတိုးနှုန်း တစ်နှစ်လျှင်(၃%)နှင့် ချေးငွေသက်တမ်း အများဆုံး (၃) နှစ်၊<br>(ခ) Working Capital (၁၀၀%) အသုံးပြုမည့် ချေးငွေအတိုးနှုန်း တစ်နှစ်လျှင် (၄%) နှင့် ချေးငွေသက်တမ်းအများဆုံး (၁)နှစ် (၆)လ၊<br>(ဂ) CGI စနစ်ဖြင့် ထုတ်ချေးမည့် ချေးငွေအတိုးနှုန်း တစ်နှစ်လျှင် (၅%)၊<br>(CGI စနစ်ဖြင့် ငွေချေးယူသူသည် အထက်ပါအတိုးနှုန်း တစ်နှစ်လျှင် (၅%) အပြင် မြန်မာ့အာမခံလုပ်ငန်း (သို့မဟုတ်) အခြားအာမခံကုမ္ပဏီတစ်ခုခု၏ ပရီမီယံကြေးနှုန်းကို ထပ်ဆောင်းကျခံရမည် ဖြစ်ပါသည်။) |
| ၃ | ချေးငွေအတွက်အာမခံ | ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ ချေးငွေလုံခြုံမှုအတွက် အာမခံပေးအပ်ရပါမည်။ |

၄။ MSME ချေးငွေလျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည် ဖြစ်ပါသည်-

(က) စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနက ထုတ်ပေးသော SME Member Card (သို့မဟုတ်) ယာယီမှတ်ပုံတင်လက်မှတ်ရရှိပြီးသူ ဖြစ်ရမည်။

(ခ) သက်ဆိုင်ရာ ဌာန၊ အဖွဲ့အစည်းများ၏ သက်တမ်းရှိ လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင် ပြသနိုင်သူဖြစ်ရမည်။

(ဂ) ကုမ္ပဏီဖြစ်ပါက မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (The Myanmar Companies Law) အရ မှတ်ပုံတင်ထားသည့်ကုမ္ပဏီ ဖြစ်ရမည်။

(ဃ) ချေးငွေအား ပြန်လည်ပေးဆပ်နိုင်မည့် ခိုင်လုံသော စီးပွားရေးအခြေအနေရှိရမည်။

(င) ဤချေးငွေကိုမရယူမီ မြန်မာ့စီးပွားရေးဘဏ်အပါအဝင် ငွေရေးကြေးရေးအဖွဲ့အစည်းများတွင် ချေးငွေရယူထားပါက ချေးငွေပြေကြေပြီးသူဖြစ်ရမည်။

(စ) ချေးငွေအတွက် ဘဏ်လုပ်ထုံးလုပ်နည်းနှင့်အညီ လုံလောက်သောအာမခံ ပေးအပ်ရမည်။

(ဆ) သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များတွင် ဖွင့်လှစ်ထားသော MSME Agency များမှ လုပ်ငန်းအမှန်တကယ်လုပ်ကိုင်ဆောင်ရွက်နေကြောင်း ထောက်ခံချက်တင်ပြနိုင်ရမည်။

၅။ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးရန်ပုံငွေမှ ထုတ်ချေးသောချေးငွေကို ရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အေဂျင်စီရုံးခွဲများမှတစ်ဆင့် ချေးငွေများ စတင်လျှောက်ထားနိုင်ပါသည်။ ချေးငွေလျှောက်ထားသူ MSME လုပ်ငန်းရှင်များအား မြန်မာ့စီးပွားရေးဘဏ်မှ စတင်ထုတ်ချေးမည်ဖြစ်ပြီး နောင်တွင် အခြားပုဂ္ဂလိကဘဏ်များကပါ ပါဝင်ထုတ်ချေးနိုင်ရန် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နီးစပ်ရာ MSME အေဂျင်စီရုံးခွဲများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၉**



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများနှင့် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း စာရေရိက္ခာဖူလုံပိုလျှံရေး၊ သီးနှံများ ပန်းတိုင်အထွက်နှုန်း တိုးတက်ထွက်ရှိရေးနှင့်ထုတ်ကုန်ကဏ္ဍတိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးမြေများကို မြေလွတ်မြေလပ်များမကျန် ဖော်ထုတ်စိုက်ပျိုးနိုင်မှသာလျှင် သီးထပ်စွမ်းအားများ တိုးတက်လာမည်ဖြစ်ကြောင်း၊ သီးနှံများအထွက်နှုန်းကောင်းမွန်စေရေးအတွက် စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ ခေတ်မီနည်းစနစ်များ အသိပညာပေးဆောင်ရွက်နိုင်ရေး၊ စိုက်ပျိုးရေလုံလောက်စွာရရှိရေးတို့ကို ဆောင်ရွက်ရမည့်အပြင် အဆင့်မြင့်လယ်ယာမြေများ ဖော်ဆောင်နိုင်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း။

သီးနှံများအရည်အသွေးပြည့်ဝပြီး နိုင်ငံတကာ ဈေးကွက်ဝင်သည့် ထုတ်ကုန်ပစ္စည်းများဖြစ်အောင် ဆောင်ရွက်ကြစေလိုကြောင်း၊ ဆောင်းသီးနှံနှင့် ဆီထွက်သီးနှံများ စိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် MSME ထုတ်ကုန်ပစ္စည်းများ နိုင်ငံတကာ ဈေးကွက်မီရေးအတွက် ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်းများကို အရည်အသွေးမြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်မှုအပေါ်အခြေခံ၍ ကျေးလက်နေပြည်သူများ၏ လူမှုဘဝဝင်ငွေရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများနှင့် ဌာနဆိုင်ရာများက ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးနှင့်စပ်လျဉ်း၍ လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက တင်ပြချက်များနှင့်စပ်လျဉ်း၍ လုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပေါက်ခေါင်းမြို့နယ် မြို့မဈေးကြီး၌ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

**ပေါက်ခေါင်း ဇန်နဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့ မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့နှင့် မြို့နယ်လျှပ်စစ်ဌာနဝန်ထမ်းများပူးပေါင်း၍ ယနေ့မွန်းလွဲ ၁ နာရီက မြို့မဈေးကြီးအတွင်း မီးငြိမ်းသတ်နည်းသရုပ်ပြ ဇာတ်တိုက်လေ့ကျင့်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးသူမောင်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမင်းအောင်နှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးမှူး ဦးမျိုးသူအောင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဈေးသူဈေးသားများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သန်းထွန်းအောင်(ပြန်/ဆက်)**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ Naypyitaw State Academy တွင် ပညာရေးဝန်ကြီးဌာန (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံ သုတေသနညီလာခံကျင်းပနိုင်ရေး ပါမောက္ခချုပ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

ပညာရေးဝန်ကြီးဌာန၏ (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့်သိပ္ပံသုတေသနညီလာခံကျင်းပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်၉နာရီတွင် Naypyitaw State Academy ရှိအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီးများ ဒေါက်တာ ဇော်မြင့်နှင့်ဒေါက်တာ မိုးဇော်ထွန်း၊အမြဲတမ်းအတွင်းဝန်၊ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်များမှ ပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ပြောကြား**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပညာရေးဝန်ကြီးဌာန၏ (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံ သုတေသနညီလာခံ အောင်မြင်စွာကျင်းပနိုင်ရေး တက္ကသိုလ်ပါမောက္ခချုပ်များနှင့် ဆရာ ဆရာမများအားလုံး ညီညီညွတ်ညွတ် ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ညီလာခံတွင် သုတေသန စာတမ်းဖတ်ပွဲများ၊ တက္ကသိုလ်အလိုက် ပြသမည့် သုတေသနပိုစတာများ၊ သုတေသနပြခန်း၊ ပြကွက်များ ပြသဆောင်ရွက်မည်ဖြစ်ရာ မိမိတို့တက္ကသိုလ်အလိုက် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ အဆင့်မြင့်ပညာဦးစီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ညီလာခံသို့ရောက်ရှိလာကြမည့်သူများ နေထိုင်စားသောက်ရေး၊ သွားလာရေး စသည့် ကိစ္စရပ်များ အဆင်ပြေချောမွေ့စေရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ သုတေသနလုပ်ငန်းသည် တက္ကသိုလ်၏အသက်သွေးကြောဖြစ်သည်နှင့်အညီ ပညာရေးဝန်ကြီးဌာန၏ (၂၃)ကြိမ်မြောက် ဝိဇ္ဇာနှင့် သိပ္ပံသုတေသနညီလာခံဖွင့်ပွဲမှစ၍ လုပ်ငန်းစဉ် အဆင့်ဆင့် အောင်မြင်ရေးအတွက် အသေးစိတ် ပြင်ဆင်ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးဒေါက်တာဇော်မြင့်က သုတေသနညီလာခံတွင်ပြသမည့် သုတေသနပိုစတာများရွေးချယ်ထားမှုနှင့် စာတမ်းဖတ်ကြားရန် ပြင်ဆင်ထားမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက်အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဒေါက်တာဝင်းထွန်းက ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းများကိုတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် တက္ကသိုလ်ပါမောက္ခချုပ်များက သက်ဆိုင်ရာ တက္ကသိုလ်အလိုက် ပြခန်းများ၌ပြသမည့်အကြောင်းအရာများ၊ သုတေသနစာတမ်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တက္ကသိုလ်ပါမောက္ခချုပ်များသည် တက္ကသိုလ်များအလိုက် ပြသမည့်သုတေသနပိုစတာများ၊ သုတေသနပြကွက်များ၊ သုတေသနပြခန်းများအတွက် လျာထားသည့်နေရာများနှင့် သုတေသနစာတမ်းဖတ်ပွဲများကျင်းပမည့် အခန်းများကို လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## အ ထ က (၄) ပုဇွန်တောင် ပညာရေးစုံညီပွဲတော် ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၉**

၂၀၂၂-၂၀၂၃ ပညာသင်နှစ် အ ထ က (၄) ပုဇွန်တောင် ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၈ ရက် နံနက် ၉ နာရီက ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အ ထ က(၄) ကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် သဘာပတိ ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ခင်စန်းနှင့် ခရိုင်ပညာရေးမှူး ဒေါ်ခင်သူဇာစိန်တို့က အဖွင့်အမှာစကားပြောကြားပြီး ပညာရေးစုံညီပွဲတော်အတွက် အလှူငွေကျပ်တစ်သိန်းနှင့် အထက်အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခဲ့သည်။

ဆက်လက်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ဘာသာရပ်သင်ကြားရေးထူးချွန်ဆုများနှင့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းတက်မှန်ဆု၊ အတန်းလိုက်ပညာရည်ထူးချွန်ဆုများနှင့် Grade-5 ၊ Grade-9 တွင် A အဆင့်ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် မြို့နယ်အဆင့်လူရည်ချွန်ဆုရရှိသော ကျောင်းသား ကျောင်းသူများ၊ အင်္ဂလိပ်စာစွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဆုရရှိသူများနှင့် စာပေဘာသာရပ် (စာစီစာကုံး၊ ပန်းချီ၊ ဆောင်းပါး၊ ကဗျာ)တို့တွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ခဲ့သည်။

**ကျော်စိုးမိုး(မင်္ဂလာတောင်ညွန့်)**

## မှော်ဘီမြို့နယ် အ ထ က (သန္ဓေပင်)၌ ပညာရေးစုံညီပွဲတော် ကျင်းပ

**မှော်ဘီ ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်၌ ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း(သန္ဓေပင်) ပညာသန္ဓေခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မှော်ဘီမြို့နယ် ပညာရေးမှူးဒေါ်စမ်းစမ်းဝင်းက အဖွင့်အမှာစကားပြောကြားပြီး အထက(သန္ဓေပင်)ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုမာက အခမ်းအနားကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်သောကျောင်းသား ကျောင်းသူများ၊ တိုင်း/ခရိုင်ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများ၊ လူရည်ချွန်ပြိုင်ပွဲ၊ စွမ်းရည်ပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ကျပန်းစကားပြောပြိုင်ပွဲနှင့် အားကစားပြိုင်ပွဲများတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများကို အထက (သန္ဓေပင်) ကျောင်းအုပ်ဆရာမကြီး ဒေါ်ညိုညိုမာနှင့် ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များက ဂုဏ်ပြုဆုနှင့် ဆုဖလားများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။



ထို့ပြင် အတန်းများအလိုက်ကျင်းပခဲ့သည့် ကျောင်းသား ကျောင်းသူများ၏ ဈေးရောင်းပွဲကို အားပေးချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**ဝင်းဇော်(မှော်ဘီ)**

## မုံ့ဒုံမြို့နယ် အ ထ က (၂)ကျောင်း၌ ပညာရေးစုံညီပွဲတော် ကျင်းပ



**မုဒုံ ဇန်နဝါရီ ၉**

မွန်ပြည်နယ် မုဒုံမြို့နယ် အမှတ် (၂)အခြေခံပညာအထက်တန်းကျောင်း၏ ပညာရေးစုံညီပွဲတော်နှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မုဒုံမြို့နယ် ပညာရေးမှူးဒေါ်မြဝင်းက အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပညာရည်ချွန်၊ ကာယ၊ ဉာဏပြိုင်ပွဲများတွင် ထူးချွန်စွာဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ပြီး ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော် ရိုးရာယဉ်ကျေးမှုအကအလှများဖြင့် ဖျော်ဖြေခဲ့ကြသည်။ အခမ်းအနားသို့ မြို့နယ်ပညာရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ကျိုက်မရောမြို့နယ်၌ MSME လုပ်ငန်းများအကြောင်း အသိပညာပေးဆွေးနွေးပွဲ ပြုလုပ်

**ကျိုက်မရော ဇန်နဝါရီ ၉**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်အတွင်း၌ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ကျိုက်မရောမြို့နယ် ရှင်စောပုရပ်ကွက်အတွင်းရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း (MSME) အကြောင်း အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက် ၁၁ နာရီက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနေသည့် MSME လုပ်ငန်းများကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် ဆွေးနွေးပွဲများ ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ဒေသထွက်သီးနှံများဖြင့် ယိုမျိုးစုံလုပ်ငန်းများအကြောင်းကို ရှင်စောပုရပ်ကွက်မှ ဝင်းဝင်းထွေးယိုမျိုးစုံ လုပ်ငန်းရှင် ဒေါ်မိုးမိုးစံက ဒေသထွက်သီးနှံများဖြင့် ယိုမျိုးစုံလုပ်ငန်း တည်ထောင်ခဲ့ပုံ၊ ယိုမျိုးစုံထိုးနည်း၊ ယိုမျိုးစုံလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မွန်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက လိုအပ်သည့် နည်းပညာနှင့် ငွေကြေးကူညီထောက်ပံ့မှုများနှင့် စက်ပစ္စည်းများထောက်ပံ့မှုများကိုရရှိ၍ အသေးစား အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

**မချို(ပြန်/ဆက်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ဆီအောကျေးရွာ၏မြောက်ဘက် ပွိုင့်-၂၂၀၂ တောင်ကုန်း(ဆင်ဦးကင်းကုန်း)ပေါ်ရှိ ဒေသခံပြည်သူများနှင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတစ်ဆူအား MNDAA အကြမ်းဖက်သောင်းကျန်းသူများက ဖျက်ဆီးခဲ့မှုနှင့်ပတ်သက်ပြီး အများပြည်သူမှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချနေမှုများ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ ၁၀ နှစ်အရွယ် ကလေးငယ်များပါမချန် အတင်းအဓမ္မ လူသစ်စုဆောင်းနေမှု အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr. Sun Weidong အား လက်ခံတွေ့ဆုံခဲ့မှုခရီးစဉ်အတွင်း နှစ်နိုင်ငံ ဆွေမျိုးပေါက်ဖော် ရင်းနှီးချစ်ကြည်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည့် အခြေအနေများ၊ မြဝတီမြို့အနီးရှိ အွန်လိုင်းလိမ်လည်မှုများနှင့်ပတ်သက်၍ KNU မှ တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံတို့နှင့်ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဖြောင်လိမ်ဖြောင်စား ကြေညာချက်ထုတ်ပြန်မှု၊ ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တိုင်းရင်းသားပြည်သူများ၊ မိသားစုဝင်များ လုံခြုံရေးအတွက် ဦးစားပေးဆောင်ရွက်နေမှုအခြေအနေများ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ တရုတ်ဘာသာဖြင့်အသုံးပြုသည့် လူမှုကွန်ရက်စာမျက်နှာများတွင် ဒေသခံတိုင်းရင်းသားပြည်သူများမှ သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များအပေါ် ဝင်ရောက်ရေးသားကန့်ကွက်မှုများနှင့်ပတ်သက်၍ ဗိုလ်ချုပ်ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ လောက်ကိုင်ဒေသ ဆီအောကျေးရွာရဲ့မြောက်ဘက် ဆင်ဦးကင်းတောင် ပွိုင့် ၂၂၀၂ မှာရှိတဲ့ ကျွန်တော်တို့ဗုဒ္ဓဘာသာဝင်တိုင်း အမြတ်တနိုးတန်ဖိုးထားတဲ့ ဘုရားစေတီတော်ကို MNDAA အကြမ်းဖက်သောင်းကျန်းသူတွေက ဖျက်ဆီးနေတဲ့ပုံကို မနေ့ကတည်းက လူမှုကွန်ရက်စာမျက်နှာတွေမှာ ပျံ့နှံ့နေတာတွေ့ရပါတယ်။ ဒီနေ့မှာတော့ မန္တလေးမြို့မှာ ဒီကိစ္စနဲ့ပတ်သက်ပြီး ဆန္ဒပြမှုများလည်းရှိပါတယ်။ ဒီတင်ထားတဲ့ ဗီဒီယိုဖိုင်ကို ကြည့်တဲ့အခါမှာလည်း ဗုဒ္ဓဘာသာဝင်အားလုံးကို လှောင်ပြောင်စော်ကား၊ ဘာသာရေးကိုစော်ကားတဲ့ပုံစံ၊ မြန်မာတစ်မျိုးသားလုံးကို စော်ကားတဲ့ပုံစံ တင်ထားတာ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သောင်းကျန်းသူတွေဘက်ကတော့ အကြောင်းအမျိုးမျိုးပြကြတာပေါ့။ သို့သော် ယခင်ကတည်းက ဘုရားစေတီတွေ၊ ကျောင်းကန်တွေကို သောင်းကျန်းသူတွေအနေနဲ့ ဖျက်ဆီးတဲ့ အထောက်အထားအများအပြား ရှိပါတယ်။ အနီးစပ်ဆုံးပြောရရင် မူဆယ်မြို့အဝင်မှာရှိတဲ့ ရပ်တော်မူဘုရားကျောင်းဝင်း၊ ဘုန်းကြီးကျောင်းဝင်းကို Drop Bomb နဲ့ အကြောင်းမဲ့ပစ်ချခဲ့တာတွေ ရှိပါတယ်။

ဒါ့အပြင် အခြားသောသောင်းကျန်းသူတွေအနေနဲ့လည်း ဗုဒ္ဓဘာသာဝင်ဘုရားစေတီတွေအပေါ်မှာ အကာအကွယ်ယူပြီး ပစ်ခတ်တာတွေ၊ ခံစစ်စခန်းလုပ်တာတွေ လုပ်ဆောင်နေတာဖြစ်ပါတယ်။ ဒီလိုဖြစ်တဲ့ပုံစံတွေက သူတို့ပြောနေတဲ့ ဒီမိုကရေစီအရေး၊ ဖက်ဒရယ်ပြည်ထောင်စုအရေးနဲ့ လားလားမျှသက်ဆိုင်ခြင်းမရှိပါဘူး။ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေအပေါ်မှာ သက်သက်စော်ကားခြင်း၊ စော်ကားပြခြင်းဖြစ်ပါတယ်။ ဒါတွေ ဘာကြောင့်ဖြစ်ရလဲဆိုတော့ ကျွန်တော်တို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတွေကြားထဲမှာ သွေးကွဲနေမှုတွေကို သပ်လျှိုတာ၊ သွေးကွဲနေမှုတွေအပေါ်မှာ အခွင့်ကောင်းယူတာ ဖြစ်ပါတယ်။ ဒါတွေကို သတိရှိကြဖို့လိုပါတယ်။ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ သူတို့ခေတ္တရရှိသွားတဲ့ နယ်မြေတွေမှာ လူသစ်စုဆောင်းတာတွေ အတင်းအဓမ္မ ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရပါတယ်။ ကွတ်ခိုင်နဲ့တစ်ဝိုက်မှာဆိုရင် ၁၀ နှစ်အရွယ်ရှိတဲ့ ယောကျ်ားလေးဆိုရင် သောင်းကျန်းသူတပ်ဖွဲ့ထဲမှာ ပညာသင်ပေးမယ်၊ ပညာရရမယ်ဆိုပြီး ဆွဲဆောင်စည်းရုံးနေတာတွေရှိပါတယ်။ အတင်းအဓမ္မ လူသစ်စုဆောင်းတာတွေရှိပါတယ်။ ဒါကြောင့် အဲဒီဒေသတွေမှာရှိနေတဲ့ နေရပ်စွန့်ခွာပြီး ထွက်ပြေးလာကြတဲ့လူတွေ များပြားနေတာကိုလည်း တွေ့ရပါတယ်။ သူတို့လွှမ်းမိုးထားတဲ့နယ်မြေအတွင်းမှာရှိနေတဲ့ ယောကျ်ားလေးဆိုရင် တိုက်ခိုက်ရေးတပ်ထဲဝင်ရမယ်။ အမျိုးသမီးတွေဆိုရင် အထောက်အကူပြုတပ်ဖွဲ့ Drone တပ်ဖွဲ့ထဲဝင်ရမယ်ဆိုပြီး အတင်းအဓမ္မ လူသစ်စုဆောင်းနေတာတွေကိုလည်း တွေ့ရပါတယ်။ ဒါတွေက ကျွန်တော်တို့နိုင်ငံမှာ အကြမ်းဖက်သောင်းကြမ်းသူတွေ အမြဲတမ်းဆောင်ရွက်နေတဲ့အရာတွေဖြစ်ပါတယ်။ ဒီဖြစ်စဉ်အမှန်တွေကိုလည်း ပြည်ဖျက်မီဒီယာ တွေက ဖုံးဖိပြီးဆောင်ရွက်နေတာကို တွေ့ရပါတယ်။

နောက်တစ်ချက်ကတော့ တရုတ်နိုင်ငံရဲ့ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr. Sun Weidong မြန်မာနိုင်ငံကို လာရောက်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်၊ တာဝန်ရှိသူများနဲ့ တွေ့ဆုံခဲ့တာရှိပါတယ်။ ဒီနေရာမှာတော့ နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကိုအဓိကထားပြီး ဆွေးနွေးနိုင်ခဲ့ပါတယ်။ တရုတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ပုံမှန်သတင်းစာရှင်းလင်းပွဲမှာလည်း ပြောရေးဆိုခွင့်ရှိသူအနေနဲ့ မြန်မာနိုင်ငံမြောက်ပိုင်း ပဋိပက္ခတွေနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံရဲ့ရပ်တည်ချက်ကို ပြောကြားသွားတာတွေ့ရပါတယ်။ မြန်မာနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို တရုတ်နိုင်ငံအနေနဲ့ အမြဲတမ်းအခိုင်အမာ ထောက်ခံအားပေးပြီး ပြဿနာဖြစ်အောင် လှုံ့ဆော်နေတဲ့ ဘယ်အဖွဲ့အစည်းကိုမှ ထောက်ခံမှာမဟုတ်ပါဘူးလို့ ပြောကြားခဲ့တာရှိပါတယ်။ အပစ်အခတ်ရပ်စဲရေးနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေဟာ မြန်မာနိုင်ငံမှာရှိတဲ့ သက်ဆိုင်ရာအဖွဲ့အစည်းတွေအားလုံးရဲ့ အကျိုးစီးပွားအတွက်ဖြစ်ပြီး တရုတ်-မြန်မာနယ်စပ်ငြိမ်းချမ်းရေးကို ထိန်းသိမ်းရာမှာ အထောက်အကူဖြစ်စေရမယ်လို့ ပြောကြားခဲ့တာရှိပါတယ်။ မြေပြင်အခြေအနေမှာ တင်းမာမှုတွေ ပြေလျော့ပြီးတော့မှ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး အစပျိုးဖို့ မြန်မာနိုင်ငံမြောက်ပိုင်းအခြေအနေတွေ ပြန်လည်တည်ငြိမ်စေဖို့ ပူးပေါင်းဆောင်ရွက်ကြမယ်လို့ ပြောကြားခဲ့တာရှိပါတယ်။ ကျွန်တော်တို့အနေနဲ့လည်း ယခင်ကတည်းက ကျွန်တော်တို့ရဲ့ နိုင်ငံရေးရည်မှန်းချက်ထဲမှာ ပြည်ထောင်စုစနစ်နဲ့၊ ဖက်ဒရယ်စနစ်နဲ့သွားဖို့အတွက် ကျွန်တော်တို့ ရည်မှန်းထားပြီးဖြစ်ပါတယ်။ ဒီဟာတွေသည် နိုင်ငံရေးအရ တောင်းဆိုရမည့်အရာဖြစ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့ အစိုးရအနေနဲ့ ပွင့်လင်းစွာပြောဆိုပြီးဖြစ်ပါတယ်။ သို့သော် ခုနက ပြောသလို လက်နက်ကိုင်သောင်းကျန်းမှု၊ လက်နက်ကိုင်နယ်မြေလုမှုတွေကနေ လက်နက်ကိုင်ပြီး ဘာသာရေးကိုပါစော်ကားတဲ့ တစ်မျိုးသားလုံးအမြတ်တနိုးထားတဲ့ ဘာသာရေးကိုပါ စော်ကားတဲ့ အပြုအမူများနဲ့ သွေးတိုးစမ်းလာတာတွေသည် မြန်မာပြည်သူလူထု တစ်ရပ်လုံးအတွက် မြန်မာပြည်သူတစ်ရပ်လုံးကို စော်ကားခြင်း၊ မြန်မာပြည်သူလူထုတစ်ရပ်လုံးအတွက် များစွာသော စိတ်ထိခိုက်မှုဖြစ်ရပါတယ်။ ဒါတွေကို ကျွန်တော်တို့အနေနဲ့ ပြန်လည်ပြီးတွန်းလှန်သွားရမယ်။ ပြန်လည်ပြီး သွေးစည်းသွားရမယ်။ ပြန်လည်ပြီး ညီညွတ်သွားရမှာဖြစ်ပါတယ်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေနဲ့ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေမှာ ဝင်ရောက်ဆောင်ရွက်ကူညီပေးတာကို မြန်မာနိုင်ငံအနေနဲ့ အမြဲတမ်းကျေးဇူးတင်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း ယခင်တုန်းက ကျွန်တော်တို့ ပြောနေကျဖြစ်တဲ့ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ် အေးအတူပူအမျှ အသိုက်အဝန်းထူထောင်ရေး ဒီမူဝါဒတွေကို လက်ခံထားတဲ့အပြင် တရုတ်နိုင်ငံသမ္မတကြီး ရှီကျင့်ဖျင်ရဲ့ ကမ္ဘာလုံးဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးအစီအမံ၊ လုံခြုံရေးအစီအမံ၊ လူသားယဉ်ကျေးမှုအစီအမံ အကောင်အထည်ဖော်ခြင်းတွေကို မြန်မာနိုင်ငံအနေနဲ့ ထုတ်ပြန်ပြီးမကြာခင်မှာပဲ ဦးစွာထောက်ခံမှုပြုခဲ့တဲ့ နိုင်ငံဖြစ်ကြောင်းလည်း ပြောလိုပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကျွန်တော်တို့ရဲ့မူဝါဒအတိုင်းပဲ အိမ်နီးနားချင်းနိုင်ငံနဲ့ အိမ်နီးနားချင်းနိုင်ငံတွေရဲ့ ပြည်သူလူထုအပေါ်မှာ အကျိုးစီးပွားထိခိုက်အောင်လုပ်တဲ့ မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်ကိုမှ မြန်မာမြေပေါ်မှာ အခြေချပြီးလုပ်ကိုင်ခွင့်ပေးမှာမဟုတ်ပါဘူး။




နောက်တစ်ခုကတော့ ကေကေပတ် ကိစ္စဖြစ်ပါတယ်။ မြဝတီမြို့ရဲ့တောင်ဘက်မှာ ကေကေပတ်ဆိုတဲ့နေရာတစ်ခုရှိပါတယ်။ ဒီနေရာသည် KNU နဲ့ ကုမ္ပဏီတစ်ခုနဲ့ လက်မှတ်ထိုးပြီး တည်ဆောက်ခဲ့တဲ့နေရာဖြစ်ပါတယ်။ ဒီနေ့မှာ KNU အနေနဲ့ ပညာတတ်ထုတ်တဲ့ပုံစံမျိုး လုပ်ခဲ့တာတွေ့ရပါတယ်။ ဖြောင်လိမ်ဖြောင်စားလုပ်တဲ့ပုံစံမျိုး လုပ်ခဲ့တာတွေ့ရပါတယ်။ မြဝတီမြို့အနီးမှာရှိတဲ့ အွန်လိုင်းလိမ်လည်မှုကျားဖြန့်ကိစ္စတွေနဲ့ ပတ်သက်ပြီး ထိုင်းနိုင်ငံအစိုးရ၊ တရုတ်အစိုးရတို့နဲ့ ပူးပေါင်းပြီး ဆောင်ရွက်မယ်ဆိုတဲ့ဟာမျိုး ထုတ်ပြန်ခဲ့တာရှိပါတယ်။ ဖြောင်လိမ်ဖြောင်စားလုပ်ဆောင်ခြင်းသာဖြစ်တယ်လို့ ကျွန်တော်ပြောကြားလိုပါတယ်။ အဲဒီမှာနာမည်ကြီးနေတဲ့အွန်လိုင်းလောင်းကစားမှု၊ လူမှောင်ခိုလုပ်မှုနာမည်ကြီးနေတဲ့ ကေကေပတ်ဆိုတာသည် သူတို့နဲ့ ကုမ္ပဏီတစ်ခုနဲ့ လက်မှတ်ထိုးပြီး တည်ဆောက်ထားတဲ့နေရာသာဖြစ်ပါတယ်။ ဒါတွေကိုလည်း ကျွန်တော်တို့အားလုံး သတိရှိရမှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ လတ်တလောမှာ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသမှာတော့ မိသားစုဝင်တွေလုံခြုံရေးအတွက် ဦးစားပေးပြီး လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်တာတွေကို လုပ်ဆောင်ခဲ့ရတာတွေရှိပါတယ်။ ဒါနဲ့ပတ်သက်ပြီးလည်း အချိန်အခါကိုက်ပြီး ပြည်ဖျက်မီဒီယာများ၊ အဖွဲ့အစည်းအမျိုးမျိုးက တပ်မတော်ကို သွေးခွဲလှုံ့ဆော်နေတာတွေရှိကြောင်းတွေ့ရပါတယ်။ သပ်လျှိုသွေးခွဲနေတာတွေလည်း တွေ့ရပါတယ်။ ဒါ့အပြင် ခုနကပြောသလို မြန်မာနိုင်ငံအတွင်းမှာ မြန်မာအချင်းချင်း မညီညွတ်မှုကို အကြောင်းပြုပြီး သပ်လျှိုသွေးခွဲမှုမျိုးစုံ လုပ်နေတာရှိပါတယ်။ ဒီလိုသွေးကွဲမှုတွေကြောင့်ပဲ ဒီနေ့ဒီအချိန်မှာ တစ်မျိုးသားလုံးတန်ဖိုးထားရတဲ့ ဘာသာတရားကို တိုက်ရိုက်ထိပါးစော်ကားတဲ့ အပြုအမူမျိုးတွေအထိ လုပ်လာတာတွေ့ရပါတယ်။ ဒီနေရာမှာ ကျွန်တော်ပြောချင်တာကတော့ ဒီဟာတွေသည် ဒါတွေနဲ့ပတ်သက်ပြီး ပြည်ပမီဒီယာတွေမှာလည်း အမျိုးမျိုးရေးသားနေတာ တွေ့ရပါတယ်။ MNDAA၊ TNLA သောင်းကျန်းသူတွေနဲ့ပတ်သက်ပြီး လော်ဘီလုပ်နေတဲ့ တရုတ်လူမှုကွန်ရက်စာမျက်နှာတွေကိုလည်းတွေ့ရပါတယ်။ ဒီလူမှုကွန်ရက်စာမျက်နှာတွေကို သွားရောက်လေ့လာကြည့်တဲ့အခါမှာ ဒီမြန်မာနိုင်ငံထဲမှာရှိတဲ့ သတင်းတွေကို ဒီ MNDAA၊ TNLA ကိုယ်တိုင်ဦးစီးပြီး လုပ်ဆောင်နေတာတွေ့ရမယ်။ သို့သော် အဲဒီမှာ ထူးခြားချက်က ကျွန်တော်တို့ မြန်မာပြည်တွင်းမှာပဲ နေထိုင်နေတဲ့၊ ဒီနယ်မြေတွေမှာ လက်တွေ့နေထိုင်နေတဲ့ တရုတ်လူမျိုးတွေ၊ တရုတ်စာတတ်တဲ့သူတွေက အောက်မှာ ကွန်းမန့်တွေရေးထားတာတွေ့ရပါတယ်။ အဲဒီကွန်းမန့်တွေကို လေ့လာကြည့်တဲ့အခါမှာ သူတို့ရဲ့သဘောထားတွေနဲ့မတူဘဲ လုံးဝဆန့်ကျင်နေတာကို တွေ့ရပါလိမ့်မယ်။ သူတို့အနေနဲ့ လွတ်မြောက်ရေးဆိုတဲ့ စကားတွေ၊ ကျားဖြန့်တိုက်ဖျက်ရေးဆိုတဲ့ စကားတွေ တွင်တွင်သုံးစွဲပေမယ့် အဲဒီမှာ လက်တွေ့ရှိနေတဲ့ တရုတ်နိုင်ငံသားတွေ၊ တရုတ်စကားတတ်တဲ့သူတွေအနေနဲ့ ဒါတွေသည် ကျားဖြန့်ကို အကြောင်းပြတဲ့ လိမ်လည်မှုတွေသာဖြစ်တယ်။ ဘာမှ ငါတို့နယ်မြေ လွတ်မြောက်စရာမရှိဘူး။ ငါတို့နယ်မြေသည် အရင်ကတည်းကတိုင် ငါတို့နေတဲ့နေရာတွေသည် လွတ်မြောက်ပြီးသားဖြစ်တယ်။ ဒီMNDAA၊ TNLA သောင်းကျန်းသူတွေလုပ်လို့သာ ငါတို့ရဲ့စီးပွားရေး၊ လူမှုရေး ပျက်ပြားရတယ်။

စာမျက်နှာ ၁၄ သို့ ❖

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို

**နေပြည်တော် ဇန်နဝါရီ ၉**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်းဂေါပက အဖွဲ့ဝင် ၁၀၉ ဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြသည်။



**ရှင်းလင်းပြောကြား**

ဦးစွာ ရှင်းလင်းဆောင်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ် ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိ ထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှု ဗီဒီယိုမှတ်တမ်းကို ပြသသည်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များကိုယ်စား ဂေါပကအဖွဲ့ဝင်တစ်ဦးက ယခုကဲ့သို့ ရုပ်ပွားတော်မြတ်ကြီးအား အဆင်ပြေချောမွေ့စွာ လာရောက် ဖူးမြော်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးမှုများနှင့် ရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခဲ့မှု လုပ်ငန်းစဉ်အဆင့်ဆင့်ကို အသေးစိတ် ရှင်းလင်းပြောကြားပေးမှုများအပေါ် ကျေးဇူးတင်စကားပြောကြားပြီး ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များက ရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု အခြေအနေနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက အသေးစိတ်ပြန်လည်ရှင်းလင်းဖြေကြားသည်။

ယင်းနောက် ဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ဘုရားဖူးလာဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်တော် ပုံစံငယ်ပြသထားမှု၊ ဗုဒ္ဓဥယျာဉ်တော်အတွင်း ကျင်းပပြုလုပ်ခဲ့သည့် မဟာမင်္ဂလာအခမ်းအနားများတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ၊ ဘုရားရှင်ဓာတ်တော်၊ ရဟန္တာဓာတ်တော်များ ထည့်သွင်းပူဇော်ခဲ့သည့် ရွှေဖလားများ၊ မာရဝိဇယ ဆင်းတုတော်ကြီးအား အစိတ်အပိုင်း လေးပိုင်းခွဲ၍ တည်ဆောက်ထားသော ဆင်းတုတော်ကြီး ပုံစံငယ်များ၊ မြန်မာ့ရိုးရာ ပန်းဆယ်မျိုး လက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှု မှတ်တမ်းဓာတ်ပုံများ၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များနှင့် အခြား သာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်လေ့လာ ကြည်ညိုခဲ့ကြသည်။

အလားတူ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပုဗ္ဗသီရိမြို့နယ် ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ၊ မော်လမြိုင်မြို့ သီလရှင်စာသင်တိုက်မှ ဆရာလေးများနှင့် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူဘုရားဖူး ပြည်သူများ လာရောက်ဖူးမြော် ကြည်ညိုလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်ကာကွယ်ရေးတာဝန်များ ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည်ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များ ချောင်းသာကမ်းခြေသို့ အပန်းဖြေခရီးသွားရောက်

**နေပြည်တော် ဇန်နဝါရီ ၉**

နိုင်ငံတော် ကာကွယ်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိရာမှ ဆေးရုံ၊ ဆေးခန်းများတွင် တက်ရောက်ကုသ၍ ပြန်လည် ကောင်းမွန်လာသည့် တပ်မတော်သား အရာရှိ၊ စစ်သည်များအား အနားယူအပန်းဖြေခရီးစဉ်အဖြစ် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်းနှင့် တာဝန်ရှိသူများက ရင်းရင်းနှီးနှီး ပို့ဆောင်နှုတ်ဆက်ကြသည်။

**ဖူးမြော်ကြည်ညို**

အဆိုပါ အဖွဲ့သည် မွန်းလွဲပိုင်းတွင် ပုသိမ်မြို့သို့ ရောက်ရှိကြပြီး မြတ်ကျောင်းတော် ပုသိမ်ထီး လုပ်ငန်းအား သွားရောက်ကြည့်ရှုလေ့လာကာ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုခဲ့ကြသည်။ ညနေပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေသို့ ရောက်ရှိကြရာ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် ဝေလင်းနှင့် တာဝန်ရှိသူများက ရင်းနှီးနွေးထွေးစွာ ကြိုဆိုခဲ့ကြသည်။



ထို့နောက် ချောင်းသာ အပန်းဖြေဧည့်ရိပ်သာ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က အမှာစကားများ ပြောကြားကြပြီး ဒေသထွက် စားသောက်ဖွယ်ရာများဖြင့် တည်ခင်းဧည့်ခံ၍ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ( ၁၇ )ကြိမ်မြောက် ပညာရည်ချွန်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၉**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့ ရွှေအင်းရိပ်သာ ပရိယတ္တိစာသင်တိုက် တိုက်အုပ် စာချနာယက ဘဒ္ဒန္တ ပညာသာမိ (အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ဆရာတော်သည် သက်တော် ၆၄ နှစ်ပြည့် မွေးနေ့ကုသိုလ် အထိမ်းအမှတ်အဖြစ် ဆရာတော်၏ မွေးဖွားရာ ဇာတိဖြစ်သော ပျော်ဘွယ်မြို့နယ် ဥစ္စာနွယ်အုပ်စု လင်းစဉ်ကုန်းကျေးရွာရှိ ၂၀၂၂–၂၀၂၃ စာသင်နှစ်တွင် ပညာရေးထူးချွန် အောင်မြင်ကြသော တက္ကသိုလ်ဝင်တန်း ကျောင်းသားကျောင်းသူများအား ဆုများ ချီးမြှင့်သည်။



**လှူဒါန်း**

ထိုသို့ဆုချီးမြှင့်ခြင်းမှာ (၁၇) ကြိမ်မြောက်ဖြစ်ပြီး လင်းစဉ်ကုန်း (အမက)ကျောင်းရှိ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံ (အဖြူအစိမ်း)များနှင့် စာရေးကိရိယာ၊ အဖျော်ရည်၊ အလှူငွေစသည်တို့ကို ဇန်နဝါရီ ၉ ရက်ကလင်းစဉ်ကုန်းကျေးရွာ လင်းစဉ်ကုန်း (အမက) ကျောင်း၌ လှူဒါန်းချီးမြှင့်ခဲ့ကြောင်းသိရသည်။ **သတင်းစဉ်**

❖ စာမျက်နှာ ၁၃ မှ

ဒါ့အပြင် Comment တွေကို ထောက်ခံတဲ့သူတွေအပေါ်မှာလည်း ထပ်ပြီးဒီထောက်ခံတဲ့သူတွေအနေနဲ့ မြန်မာနိုင်ငံရဲ့အရေးကို ဘာမှမသိဘဲနဲ့ ထောက်ခံနေတာဖြစ်တယ်။ လက်တွေ့မြေပြင်မှာ သိတာငါတို့ပဲရှိတယ်။ ငါတို့သည် မြန်မာပြည်သူတွေနဲ့ တစ်သွေးတစ်သားတည်းဖြစ်တယ်။ မြန်မာပြည်မှာ နေထိုင်လာတာလည်းကြာပြီဆိုတဲ့ အရေးအသားမျိုးတွေကိုလည်း လေ့လာတွေ့ရှိရပါတယ်။ ဒါတွေသည် နယ်မြေခံလူထုမှာ ဖြစ်ပျက်နေတဲ့ အခြေအနေတွေပဲဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ဝန်ကြီးချုပ်အနေနဲ့ နိုင်ငံရေးပါတီတွေနဲ့ တွေ့ဆုံတဲ့အခါမှာလည်း ပြောခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ပြည်သူလူထုလုံခြုံရေး၊ နယ်မြေဒေသလုံခြုံရေးအတွက် ပြည်သူ့လုံခြုံရေးစနစ်၊ ပြည်သူ့ကာကွယ်ရေးစနစ်တွေကို တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပိုမိုပြီးလုံခြုံတဲ့၊ ပိုမိုပြီး ကာကွယ်နိုင်တဲ့စနစ်များကို ကျွန်တော်တို့တိုးမြှင့်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ အဓိကလိုအပ်ချက်က ကျွန်တော်တို့ပြည်သူလူထုပဲဖြစ်ပါတယ်။ ပြည်သူလူထုအနေနဲ့ ပြည်သူ့လုံခြုံရေးစနစ်၊ ကာကွယ်ရေးစနစ်တွေမှာ မိမိတို့တတ်စွမ်းသမျှ ပါဝင်ခြင်းဖြင့် နိုင်ငံတော်၊ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်နဲ့ ကျွန်တော်တို့ တန်ဖိုးထားရတဲ့ ဘာသာတရားကို ကာကွယ်စောင့်ရှောက်သွားဖို့တိုက်တွန်းပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

■

ပြည်ထောင်စုသားများ စည်းလုံးညီ
ရှေ့သို့လှမ်းချီ ပန်းတိုင်ဆီ။

# ဗိသုကာလက်ရာတွေကို ခေတ်သစ်ရဲ့ နည်းပညာတွေနဲ့ သာသနာတော်အတွက် ကမ္ဘာမှာ ထင်ရှားတဲ့ အရာတစ်ခုဖြစ်အောင် ထုဆစ်ကိုးကွယ်ထားတာကို အံ့မခန်းဖူးမြော်ရပါတယ်

ဦးလှမြင့်

တွေ့ဆုံမေးမြန်း - အောင်ဂျိုင်း
ဓာတ်ပုံ - ကိုရဲ

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဇန်နဝါရီ ၉ ရက်က ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရားစေတီများမှ ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက လာရောက်ဖူးမြော်ကြသည်။


ဦးလှမြင့်


ဦးမျိုးမြင့်


ဦးလှထွန်း


ဦးမြင့်လွင်


ဦးမျိုးမင်း

အဆိုပါဘုရားဖူးလာ ဂေါပကအဖွဲ့ဝင်များသည် ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ထား ပူဇော်ထားသည့် ဘုရားစေတီများနှင့်သာသနိကအဆောက်အအုံများကို လှည့်လည်ဖူးမြော် ကြည်ညိုလေ့လာကြပြီး ခမ်းနားထည်ဝါစွာ ပူဇော်ထုဆစ်ထားသည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မျက်မြင်ဖူးမြော်တွေ့ရှိရမှုနှင့် အံ့မခန်း ဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသည့် သာသနိကအဆောက်အအုံများအား လေ့လာခွင့်ရရှိမှု ရင်တွင်းခံစားချက်များကို မေးမြန်းရေးသား တင်ပြလိုက်ရပါသည်။

**ဦးလှမြင့် (ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်)**

ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့ စီစဉ်ပေးမှုကြောင့် အခုလို မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုခွင့်ရတာပါ။ ရန်ကုန်တိုင်းဒေသကြီးမှာရှိတဲ့ ဘုရားစေတီ ၂၈ ဆူရဲ့ ဂေါပကအဖွဲ့တွေကို ကားသုံးစီးနဲ့ ဒုတိယအကြိမ်မြောက် ပို့ဆောင် ဖူးမြော်စေခြင်းဖြစ်ပါတယ်။ ကျွန်တော်က မာရဝိဇယဘုရားကို အရင်တစ်ကြိမ် ဖူးမြော်ပြီးပါပြီ။ အခုက ဒုတိယအကြိမ် ဖူးမြော်ကြည်ညိုခွင့်ရတာ ဖြစ်ပါတယ်။ ဒီလို ဖူးမြော်ခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာပီတိဖြစ်ရပါတယ်။ ဖူးမြော်မဝနဲ့ ကြည်ညိုသပ္ပာယ်လွန်းလှပါတယ်။

ဗိသုကာလက်ရာတွေကို ခေတ်သစ်ရဲ့ နည်းပညာတွေနဲ့ သာသနာတော်အတွက် ကမ္ဘာမှာ ထင်ရှားတဲ့အရာတစ်ခုဖြစ်အောင် ထုဆစ်ကိုးကွယ်ထားတာကို အံ့မခန်း ဖူးမြော်ရပါတယ်။ အခုလို အကောင်အထည်ဖော်ပေးတဲ့ ဦးဆောင်ဒါယိကာ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့တကွ တာဝန်ယူဆောင်ရွက်ကြရတဲ့ နိုင်ငံတော်အကြီးအကဲတွေ၊ လက်ရှိစီမံခန့်ခွဲမှုတွေ ဆောင်ရွက်နေတဲ့ အကြီးအကဲတွေနဲ့ သက်ဆိုင်ရာ ဂေါပကအဖွဲ့တွေကိုလည်း ကျေးဇူးတင်ပါတယ်။ လက်ရှိဆောင်ရွက်နေကြတဲ့တာဝန်ရှိသူတွေ၊ ဂေါပကတွေ၊ ဦးစီးကော်မတီက တာဝန်ရှိသူတွေကို ဘုရားဖူးလာသူတိုင်း ကြည်ညိုဖွယ်ဖြစ်အောင်၊ ဂုဏ်ယူရအောင် ဘုရားအား ထိန်းသိမ်း စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ကမ္ဘာမှာ ဉာဏ်တော်အမြင့်ဆုံး ရုပ်ပွားတော်ကို အခုလို တည်ထားကိုးကွယ်တဲ့အတွက် ဘုရားဖူးပြည်သူတစ်ယောက်အနေနဲ့၊ ဂေါပကအဖွဲ့ဝင်အနေနဲ့ အင်မတန်ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဘုရားရဲ့ထိန်းသိမ်းရေးအပိုင်းမှာ လိုအပ်တဲ့အကြံဉာဏ်ကောင်းတွေကို မျှဝေပေးသွားမှာဖြစ်ပါတယ်။ ကျယ်ဝန်းလှတဲ့ ဘုရားပရိဝုဏ်ကို စနစ်တကျထိန်းသိမ်းစောင့်ရှောက်ပေးပြီး နှစ်ပေါင်းရာထောင် တည်တံ့နိုင်မယ်လို့ ယူဆမိပါတယ်။

**ဦးမျိုးမြင့် (ဦးစီးကော်မတီဥက္ကဋ္ဌ၊ မဟာသကျမုနိရုပ်ပွားတော်မြတ်ကြီး)**

ကျွန်တော်တို့ကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အစီအစဉ်နဲ့ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာရှိတဲ့ ဘုရားတွေရဲ့ ဂေါပကအဖွဲ့တွေ၊ ဦးစီးကော်မတီတွေကို နေပြည်တော်မှာ တည်ထားကိုးကွယ်ထားတဲ့ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုဖို့ စီစဉ်ဆောင်ရွက်တာပဲဖြစ်ပါတယ်။ ပထမတစ်ဖွဲ့တုန်းက အင်အား ၁၀၀ နဲ့ လာခဲ့ကြပြီး အခုကျွန်တော်တို့ လာတာက ဒုတိယအဖွဲ့ဖြစ်ပါတယ်။ အခုဒုတိယအဖွဲ့မှာ ဂေါပကအဖွဲ့၊ ဦးစီးကော်မတီအဖွဲ့တွေနဲ့ အုပ်ချုပ်ရေးအဖွဲ့ပါ ၁၁၅ ဦးကို ကားသုံးစီးနဲ့ စီစဉ်ဆောင်ရွက်ပေးတဲ့အတွက် လာရောက်ဖူးမြော် ကြည်ညိုတာဖြစ်ပါတယ်။ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား စကျင်ကျောက်တော်ကြီး စတင်သယ်ယူပြီး ထုဆစ်တဲ့အထိကို တီဗွီထဲမှာ တွေ့ရပါတယ်။ နောက်ပိုင်း ဘုရားအနေကဇာတင်ပွဲတွေ၊ ဘုရားပွဲတွေကိုလည်း တီဗွီမှာတွေ့ရတယ်။ ဒါပေမယ့် ကိုယ်တိုင်ကိုယ်ကျ ဖူးမြော်ချင်လို့ ပထမဆုံးအကြိမ်အဖြစ် လာရောက် ဖူးမြော်ကြည်ညိုတာဖြစ်ပါတယ်။ အခုလို ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော်ရတော့ တီဗွီထဲမှာ ဖူးမြော်ရတာထက်ကို ပိုပြီးကြည်ညိုသဒ္ဓါပွားရပါတယ်။

ကမ္ဘာပေါ်မှာအကြီးဆုံးသောထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရှိနေတာဟာ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ လူမျိုး၊ ကျွန်တော်တို့ ဘာသာအတွက် အင်မတန်ဂုဏ်ယူရပြီး ကမ္ဘာတည်သရွေ့ တည်တံ့မယ့်အနေအထားဖြစ်မှာပါ။ အခုလိုမျိုး တည်ထား ကိုးကွယ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ ဂေါပကအဖွဲ့တွေ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်။

**ဦးလှထွန်း (ဂေါပကအဖွဲ့ဝင်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီ)**

ဒီခရီးစဉ်ဟာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အထူးအစီအစဉ်အဖြစ် ရန်ကုန်မြို့ ပတ်ဝန်းကျင်မှာရှိတဲ့ ဘုရားစေတီတော်အားလုံးက ဂေါပကအဖွဲ့ဝင်တွေကို အဖွဲ့နှစ်ဖွဲ့ခွဲပြီး နေပြည်တော်မှာ တည်ထားကိုးကွယ်ထားတဲ့ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော်ကြည်ညိုဖို့ အထူးစီစဉ်ဆောင်ရွက်ပေးတာဖြစ်ပါတယ်။ ရုပ်ပွားတော်မြတ်ကြီးဟာ ဘယ်လောက် ကြီးကျယ်ခမ်းနားတယ်ဆိုတာ တီဗွီမှာ အကြိမ်ကြိမ်ဖူးမြော်ခဲ့လို့ သိရှိပြီး ဖြစ်ပါတယ်။ အခုလို ကိုယ်တိုင်လာရောက်ဖူးမြော်ရတဲ့အခါမှာ ကျွန်တော်တို့ အဖွဲ့တွေကို လှိုက်လှိုက်လှဲလှဲ ခရီးဦးကြိုပြုပြီး ရုပ်ပွားတော်မြတ်ကြီး စတင်သယ်ယူထုဆစ်ပုံ အဆင့်ဆင့်ကို ပြီးပြည့်စုံစွာရှင်းပြပေးပါတယ်။ ရှင်းပြတာကြားရတော့ ရုပ်ပွားတော်မြတ်ကြီးကို အခက်အခဲတွေ ကျော်လွှားပြီး တည်ထားကိုးကွယ်ခဲ့ရတာ သိရှိရတယ်။

နိုင်ငံတော် အကြီးအကဲတွေကနေစပြီး အဆင့်ဆင့်သော တာဝန်ရှိသူတွေက ဘယ်လောက်အားထည့်ပြီး တည်ထားကိုးကွယ်ခဲ့တယ်ဆိုတာကိုပါ သိရှိရတော့ ပိုပြီး ကြည်ညိုသဒ္ဓါစိတ်ဖြစ်မိပါတယ်။ ရုပ်ပွားတော်မြတ်ကြီးကို တည်ထားကိုးကွယ်နိုင်ခဲ့တဲ့အတွက် ဗုဒ္ဓဘာသာသာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ပြီး မြန်မာနိုင်ငံဟာ ထေရဝါဒဗုဒ္ဓသာသနာတော် ကိုးကွယ်ယုံကြည်ကြတာကို ကမ္ဘာကို ထင်ထင်ရှားရှားပြသနိုင်ခဲ့ပါတယ်။ ဗုဒ္ဓဘာသာ သာသနာတော်ကို များစွာ အထောက်အကူ ဖြစ်တယ်ဆိုတာကို တွေ့ရတာကြောင့် အင်မတန်ဝမ်းသာပီတိဖြစ်ရပါတယ်။

**ဦးမြင့်လွင် (ဂေါပကအဖွဲ့ဝင်၊ ဥက္ကလာပစေတီတော်မြတ်ကြီး)**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်အောင် ထုဆစ်ပုံဖော်နိုင်တဲ့ စွမ်းအား၊ မြန်မာနိုင်ငံသူ နိုင်ငံသားတွေရဲ့ စေတနာ သဒ္ဓါတရား၊ နိုင်ငံတော်အကြီးအကဲရဲ့ စီမံခန့်ခွဲမှုနဲ့ သဒ္ဓါတရားတွေကို အင်မတန် အံ့သြချီးကျူးမိပါတယ်။ ပညာရှင်တွေကျတော့လည်း သူတို့ တတ်စွမ်းသမျှ ပညာတွေကို အစွမ်းကုန်ထုတ်သုံးပြီးတော့ လုပ်ထားတာတွေကို လေ့လာရတဲ့အတွက် အင်မတန် ဝမ်းသာဂုဏ်ယူရပြန်ပါတယ်။ ကျွန်တော်တို့အဖွဲ့လည်း ဒီကနေ စီမံခန့်ခွဲတဲ့အပိုင်းတွေကို အတုယူပြီးတော့ ဥက္ကလာပစေတီတော်မြတ်ကြီးမှာ ပိုပြီးတော့အများကြည်ညိုဖွယ်ဖြစ်အောင် ကြိုးစားပြီးတော့ ဆောင်ရွက်သွားပါမယ်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓဘာသာ နိုင်ငံအသီးသီးကနေ ဆရာတော်ကြီးတွေ ကြွရောက်ပြီးတော့ ဗုဒ္ဓါဘိသေက အနေကဇာတင်တာတွေ့ရတော့ အင်မတန်ဝမ်းသာပီတိဖြစ်မိပါတယ်။ ဗုဒ္ဓဘာသာ သာသနာတော်ကြီး မြန်မာပြည်မှာ အဓွန့်ရှည်တည်တံ့ဖို့အတွက် အားလုံးက သဒ္ဓါတရားထက်သန်စွာနဲ့ ကြိုးစားဆောင်ရွက်ခဲ့လို့သာ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲကြီးကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါကြောင့် မြန်မာဗိသုကာ ပညာရှင်တွေရဲ့ စုပေါင်းစွမ်းအား၊ နိုင်ငံတော်အကြီးအကဲရဲ့ စီမံခန့်ခွဲမှုအားနဲ့ ဒီရုပ်ပွားတော်မြတ်ကြီးမှာ မြန်မာ့ယဉ်ကျေးမှု အနုလက်ရာတွေကို မြန်မာပညာရှင်တွေနဲ့ အစဉ်အဆက် ထိန်းသိမ်းနိုင်အောင်၊ အားလုံးက အတုယူဖွယ်ဖြစ်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။

**ဦးမျိုးမင်း (ဂေါပကအဖွဲ့ဥက္ကဋ္ဌ၊ မဟာဓမ္မရံသီ အိမ်တော်ရာစေတီတော်)**

အခုလိုဂေါပကအဖွဲ့ဝင်တွေစုစည်းပြီး မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးကို လာရောက် ဖူးမြော်ခွင့်ရတဲ့အတွက် အင်မတန် ဝမ်းသာမိပါတယ်။ အခုဘုရားဖူးလာတော့ ကျွန်တော်တို့အဖွဲ့ကိုရှင်းလင်းဆောင်မှာ ဘုရားကြီးနဲ့ပတ်သက်ပြီး တည်ထားကိုးကွယ်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြသပါတယ်။

ဘုရားကြီး တည်ထားကိုးကွယ်ရတဲ့ ရည်ရွယ်ချက်တွေကို ရှင်းပြပါတယ်။ ကျွန်တော် မှတ်သားမိတာက မြန်မာနိုင်ငံဟာ ဗုဒ္ဓသာသနာရဲ့ ဗဟိုချက်မ ဖြစ်စေဖို့ ဆိုတဲ့ အချက်တစ်ချက်ကို ကြားသိမှတ်သားလိုက်ရပါတယ်။ ကမ္ဘာပေါ်မှာ ထေရဝါဒ ဗုဒ္ဓဘာသာဝင် ငါးနိုင်ငံ ရှိတယ်လို့ လေ့လာမှတ်သား သိရှိရပါတယ်။ ဒီငါးနိုင်ငံမှာ မြန်မာနိုင်ငံဟာ ထေရဝါဒဗုဒ္ဓသာသနာ စည်ပင်ပြန့်ပွားဆုံးသော နိုင်ငံတစ်ခုဖြစ်ပါတယ်။ ဒီနိုင်ငံရဲ့ ဂုဏ်ဒြပ်နဲ့အညီ ဒီကနေ့ကျွန်တော်တို့ နေပြည်တော်မှာ ဘုရားဝင်းအကျယ် ၂၅၅ ဧက မှာ ပလ္လင်တော်နဲ့ ဉာဏ်တော်အမြင့် ၈၁ ပေရှိတဲ့ ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီးကို တည်ထားတဲ့အတွက် ဗုဒ္ဓဘာသာဝင်တစ်ဦးအနေနဲ့ အထူးပဲဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ဖူးမြော်ရတာလည်း အင်မတန်မှကို ပီတိဖြစ်မိပါတယ်။

ရုပ်ပွားတော်မြတ်ကြီး တည်ထားတဲ့အခါမှာလည်း အခက်အခဲပေါင်းစုံ၊ စိန်ခေါ်မှုပေါင်းစုံနဲ့ အတိမ်းအစောင်းမခံတဲ့ တည်ထားမှု လုပ်ငန်းစဉ်တွေကို လေ့လာမှတ်သား သိရှိရပါတယ်။ ဒီလိုအခြေအနေမျိုးမှာ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်တွေက နည်းပညာအပြည့်အစုံနဲ့ အဘက်ဘက်က ပူးပေါင်းပါဝင်ဆောင်ရွက်ကြပြီး ဘုရားကြီးကို တည်ထားပေးတဲ့အတွက် လေးစားဂုဏ်ယူမိပါတယ်။

ရန်ကုန်က ဂေါပကအဖွဲ့ဝင်တွေ စုစည်းပြီး မာရဝိဇယရုပ်ပွားတော်မြတ်ကြီးကို စုပေါင်းလာရောက်ဖူးမြော်ခွင့်ရတာဟာ အင်မတန်တန်ဖိုးရှိပါတယ်။ ရှင်းပြတဲ့နေရာမှာလည်း သာသနိကအဆောက်အအုံ အခင်းအကျင်း၊ ဘုရားကြီးနဲ့ပတ်သက်တဲ့ အချက်အလက်တွေကို လေ့လာမှတ်သားရပါတယ်။ အခု ဘုရားဖူးခရီးစဉ်ဟာ ဂေါပကအဖွဲ့ဝင် တစ်ဦးအနေနဲ့ အင်မတန်မှကို တန်ဖိုးရှိတဲ့ ခရီးစဉ်တစ်ခုဖြစ်ပါတယ်။ အခုခရီးစဉ်ကို စီစဉ်ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဂေါပကအဖွဲ့တွေသာမက နောက်မှာကျန်ရှိတဲ့ ဂေါပကရုံးအဖွဲ့တွေလည်း ဖူးမြော်ခွင့်ရပြီး အခုလို ဘုရားကြီးအကြောင်း ရှင်းလင်းပြောပြတာကို ကြားသိခွင့်ရရင် ပိုပြီးတန်ဖိုးရှိမယ်လို့ အကြံပြုချင်ပါတယ်။

# ကွန်ဟိန်းမြို့နယ်၌ ငွေကျပ် ၆၅၄၅ သိန်းတန်ဖိုးရှိ စိတ်ပြောင်းဆေးဝါး Happy Water များနှင့် ခြောက်လုံးပြူးသေနတ်တစ်လက် သိမ်းဆည်းရမိ

**နေပြည်တော် ဇန်နဝါရီ ၉**

ဇန်နဝါရီ ၆ ရက် နံနက် ၈ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကွန်ဟိန်းမြို့နယ် တာကော်ကျေးရွာရှိ ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် မျိုးသက်ကို မောင်းနှင်လာသည့် Probox အမျိုးအစားယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်နောက်ခန်းရှိစက္ကူဂျုပ်ဖာအတွင်းမှ စိတ်ပြောင်းဆေးဝါး Happy Water ၅ ဒသမ ၉၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် စိတ်ပြောင်း ဆေးဝါးများ သယ်ဆောင်ရာ၌ ပူးပေါင်းပါဝင်သူများဖြစ်သည့် စိုင်းကောရ(ခ) စိုင်းခမ်းမတ်အား နမ့်စန်မြို့အဝင် နမ့်စန်-ခိုလမ်သွား ကားလမ်းတွင် TOYOTA CROWN ယာဉ်တစ်စီး၊ ခြောက်လုံးပြူးသေနတ်တစ်လက်၊ ၎င်းကျည် ၂၃ တောင့်နှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် မိုးသက်ကို(ခ) ဘိုင်ဘိုင်းအား လွိုင်လင်မြို့ အမှတ်(၂) ရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့သဖြင့် မျိုးသက်ကို ၃၇ နှစ်၊ စိုင်းကောရ(ခ) စိုင်းခမ်းမတ် ၂၉ နှစ်နှင့် မိုးသက်ကို(ခ) ဘိုင်ဘိုင်း ၂၆ နှစ်တို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



မျိုးသက်ကို၊ မိုးသက်ကို(ခ)ဘိုင်ဘိုင်းနှင့် စိုင်းကောရ(ခ)စိုင်းခမ်းမတ်တို့အား သိမ်းဆည်းရမိသည့် စိတ်ပြောင်းဆေးဝါး Happy Water များနှင့်အတူ တွေ့ရစဉ်။

# “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် ဇန်နဝါရီ ၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ပညာဖြင့်တည်ဆောက်ကြရာဝယ်”** ခေါင်းစဉ်ဖြင့် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“စုပေါင်းကာကွယ် ကောလာဟလအန္တရာယ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့်ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့်ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်မှာ အရပ်သားတွေကို စစ်မှုထမ်းဖို့ တပ်မတော်က အုပ်ချုပ်ရေးမှူးတွေကတစ်ဆင့် တောင်းခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၉**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးတွင် ဇန်နဝါရီ ၅ ရက်က တပ်မတော်မှ အုပ်ချုပ်ရေးမှူးများကို ခေါ်ယူကာ အသက် ၁၈ နှစ်မှ ၅၅ နှစ်ကြား အမျိုးသားများကို ကျေးရွာတစ်အုပ်စုလျှင် ၁၀ ဦး ပေးရမည်ဟု စစ်မှုထမ်းအင်အားများတောင်းခံနေကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ တပ်မတော်မှ ဒေသခံပြည်သူများအား စစ်မှုထမ်းဆောင်ရန် အင်အားတောင်းခံခြင်းနှင့် အတင်းအဓမ္မ စစ်မှုထမ်းဆောင်ခိုင်းခြင်း မရှိပါကြောင်း၊ ကောလာဟလသတင်းများကို မသမာသူများက လုပ်ကြံပြောဆိုနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းစေပြီး ပြည်သူများမှ အထင်အမြင်လွဲမှားစေရန်အတွက် ကောလာဟလသတင်းများကို လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် လုပ်ကြံရေးသားပြီး အကြောက်တရားများ၊ အမုန်းတရားများကို လေလှိုင်းပေါ်မှတစ်ဆင့် နည်းလမ်းမျိုးစုံဖြင့် ပြည်သူများအား လှုံ့ဆော်ဝါဒဖြန့်နေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ညောပြင်ရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးနေပြီး ပြည်သူများထွက်ပြေးတိမ်းရှောင်နေရကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၉**

တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ် ညောပြင်ရွာကို ဇန်နဝါရီ ၈ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရွာလုံးကျွတ်မီးရှို့ဖျက်ဆီးနေပြီး ပြည်သူများထွက်ပြေးတိမ်းရှောင်နေရကြောင်း သတင်းတု၊ သတင်းအမှားများကို Khit Thit Media က လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ ဇန်နဝါရီ ၈ ရက်တွင် လောင်းလုံးမြို့နယ် ညောပြင်ကျေးရွာ၏ အနောက်တောင်ဘက် မီတာ ၃၇၀၀ ခန့်၌ အနီးဝန်းကျင်ကျေးရွာများကို မီးရှို့ဖျက်ဆီးနေသည့် အကြမ်းဖက်သောင်းကျန်းသူများ ခိုအောင်းလှုပ်ရှားနေကြောင်း အကြမ်းဖက်မှုကို မလိုလားသည့် ဒေသခံပြည်သူများ၏ သတင်းပေးမှုအရ လုံခြုံရေးတပ်ဖွဲ့များက နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သမားများသည် ၎င်းတို့အခြေပြုနေထိုင်သည့်တဲများအား မီးရှို့ထွက်ပြေးသွားခဲ့ကြောင်းနှင့် လက်လုပ်မိုင်းများ၊ ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများအနေဖြင့် သတင်းတု၊ သတင်းအမှားများကို ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသားပြီး ဒေသခံပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား အထင်အမြင်လွဲမှားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ဂုဏ်သိက္ခာကျဆင်းစေရန် လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန်ရေးသားဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇန်နဝါရီ ၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇန်နဝါရီ ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Htet Lwin” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရွှေဘုန်းရှိန်ရပ်ကွက်နေ ထက်လွင်အား ညနေ ၃ နာရီခွဲတွင်လည်းကောင်း၊ “Aungmyo Tun” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် စမ်းချောင်း(မြောက်) ရပ်ကွက်နေ အောင်မျိုးထွန်း(ခ) အာနိုးအား ည ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ “Thu Riza” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၅၇) ရပ်ကွက်နေ စိုးဝင့်ငယ်အား ယင်းနေ့ည ၁၂ နာရီ မိနစ် ၅၀ တွင် လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ကြေးမုံ အယ်ဒီတာ့ထံပေးစာ

## ပြည်တွင်းသောင်းကျန်းမှုစစ်မီးကြီးရပ်တန့်သွားရေးက ကျွန်တော်တို့အားလုံးအရေးပါ

**အယ်ဒီတာခင်ဗျာ**

ကျွန်တော်ဟာ ၂၇-၁၀-၂၀၂၃ ရက်နောက်ပိုင်းက စလို့ ရှမ်းမြောက် အရေးကို စိတ်ထဲမှာထားပြီး နိုင်ငံပိုင်သတင်းဌာနတွေက ထုတ်လွှင့်တာတွေ ဖတ်ရှုနားထောင်၊ တယ်လီဂရမ်မှာ ထုတ်လွှင့်တာ၊ ဝက်ဘ်ဆိုက်အမျိုးမျိုးမှာ ပါတာတွေ ဖတ်ရှုနားထောင်၊ Viber Group မျိုးစုံထဲက သတင်းတွေဖတ်ပြီး မအိပ်နိုင်၊ မစားနိုင်ဖြစ်ရပါတယ်။ မြောက်သုံးကောင်ဟာ နောက်ခံကောင်းရှိသူတွေပီပီ အဆင့်မြင့် လက်နက်တွေ၊ ရိက္ခာ၊ ဆက်သွယ်ရေး၊ ယာဉ်မျိုးစုံနဲ့ နိုင်ငံတော်အစိုးရ၊ တပ်မတော်ကို ဆန့်ကျင်ဘက် ပြုခဲ့တာပါ။ သောင်းကျန်းသူ သူပုန်လက်မှာ အချုပ်အခြာမြေတွေ ခဏပေးထားရတာ စိတ်မအေးပါ။ နိုင်ငံချစ်သူတိုင်း ကြိမ်မီးအုံးသလို ခံစားနေရမယ်လို့ ယုံကြည်မိပါတယ်။

မြန်မာ့တပ်မတော်သားတွေဟာ အပင်ပန်း၊ အဆင်းရဲခံနိုင်မှုမှာ နိုင်ငံတကာနဲ့ ယှဉ်နိုင်စွမ်းရှိသူတွေပါ။ ထမင်းငတ်တာလည်း ခံနိုင်၊ ရေငတ်တာလည်းခံနိုင်ပြီး ဆေးပေါ့လိပ်(ပွတ်ချွန်း) သောက်ပြီး အလိုလိုစွမ်းအားတွေပြည့်နေတဲ့ တပ်မတော်သားတွေလို့ ကျွန်တော်တို့ ကြားသိရဖူးပါတယ်။ ဒါပေမဲ့ တပ်မတော်သားတွေကို ဆက်သွယ်မှု မပြတ်တောက်ဖို့၊ စားနပ်ရိက္ခာမပြတ်စေဖို့၊ လက်နက်ခဲယမ်းကောင်းဖို့၊ ထောက်ပံ့ပို့ဆောင်မှုကောင်းကောင်းနဲ့ သွားလာဆက်သွယ်နိုင်ဖို့တော့ နောက်ပိုင်းကနေ မပြတ်ကူညီထောက်ပံ့ပေးဖို့လိုမှာပါ။ လစဉ် လစာပေးအဖွဲ့နဲ့ မိသားစုဆီက စာလေးတစ်စောင်ဖြစ်ဖြစ်၊ ငါးပိကြော်လေးဖြစ်ဖြစ်၊ ဆေးပေါ့လိပ်တစ်စည်းဖြစ်ဖြစ်၊ ဓာတ်ပုံလေးတစ်ပုံဖြစ်ဖြစ် ပါလာရင်ကို အားပြည့်နေတဲ့ တပ်မတော်သားတွေလို့ တပ်မတော်သားဟောင်းကြီးတွေရဲ့ ကျူးရင့်စကားသံကို ကြားယောင်မိပါတယ်။

၃၀-၁၂-၂၀၂၃ ရက်နေ့က ကြေးမုံသတင်းစာမှာပါတဲ့ ရန်ကုန်မြို့က မောင်ဆွေရဲ့အယ်ဒီတာ့ထံပေးစာမှာ ရေးထားတာတွေကို သဘောတူပါတယ်။ တစ်နိုင်ငံလုံးပိုင်ဆိုင်သမျှ စည်းစိမ်တွေအကုန်သုံးပြီး၊ တစ်နိုင်ငံလုံးက အရန်အင်အားတွေ အကုန်သုံးပြီး ခဏဆုတ်ခွာပေးခဲ့ရတဲ့၊ သိမ်းပိုက်ခံနယ်မြေတွေကို အမြန်ဆုံးပြန်လည်ရယူရပါမယ်။ ပြီးရင် နိုင်ငံသူ နိုင်ငံသားတွေဆီ တည်ငြိမ်အေးချမ်းသွားသော နိုင်ငံတော်သစ်ကို လက်ဆောင်ပေးရပါမယ်။ ကျွန်တော်တို့နဲ့ တစ်စိတ်တည်း တစ်ဝမ်းတည်းရှိသူတွေ အများအပြားရှိနေပါတယ်။

မောင်ဆွေရဲ့ ပေးစာမှာပါသလို **"ပြည်တွင်းသောင်းကျန်းမှု စစ်မီးကြီး ရပ်တန့်သွားရေးဟာ နံပါတ် (၁)၊ နံပါတ် (၂)၊ နံပါတ် (၃) မှ နံပါတ် စဉ်အားလုံး အရေးအကြီးဆုံးတွင် ထားရမယ်။ ဒီထက်အရေးကြီးတာ ဘာမှမရှိ"** ဆိုတဲ့အတိုင်း အခုမှစတင်ပြီး စစ်မီးငြိမ်းရေးအတွက် တစ်ခုတည်းကိုပဲ ဦးစားပေးပြီး လူအင်အားစုဖွဲ့ခြင်း၊ ငွေကြေးဖြည့်တင်းခြင်း၊ ရိက္ခာဖြည့်တင်းခြင်း၊ ဆက်သွယ်သွားလာရေး အဆင်ပြေအောင် ဖြည့်ဆည်းခြင်း၊ သူ့အင်အားထက် ပိုမိုသာလွန်တဲ့အင်အား၊ လက်နက်၊ စားနပ်ရိက္ခာ၊ တိုက်စစ်နည်းဗျူဟာချမှတ်ခြင်း၊ တပ်မတော်သားတွေ စိတ်ဓာတ်ခွန်အားတက်စေရေးအတွက် အနီးကပ်ဆုံးနေရာအထိ သွားရောက်အားပေးခြင်းစသည်ဖြင့် ဆောင်ရွက်ဖို့ ကျွန်တော်တို့ ဝန်းကျင်က ပြည်သူပြည်သားအားလုံးက လိုလားနေကြပါတယ်။ အစိုးရတစ်ရပ်မို့ ဒါတွေက လွယ်ကူစွာဖြည့်ဆည်းနိုင်မယ်၊ ပြင်ဆင်ဆောင်ရွက်နေတာမျိုးဖြစ်ပြီးရင်လည်း ဖြစ်နေလိမ့်မယ်လို့ ယုံကြည်မိပါတယ်။ နိုင်ငံ့ခေါင်းဆောင်တွေ၊ တပ်မတော်ခေါင်းဆောင်တွေရဲ့ ဆောင်ရွက်နိုင်စွမ်း၊ အရည်အချင်းပြည့်ဝမှုကို လျှော့မတွက်ပါဘူး။ ယုံကြည်ပြီးသားပါ။

ကျွန်တော်တို့ သက်ရှိထင်ရှားရှိနေချိန်မှာ အရှက်ရစရာ သမိုင်းအမည်းစက်တွေ ကျန်ရစ်မနေစေလိုပါ။ အသက်ထက် တိုင်းပြည်အရှည်တည်တံ့ဖို့၊ နိုင်ငံတကာအလယ်မှာ မြန်မာဟေ့လို့ ဟစ်ကြွေးနိုင်ဖို့ သောင်းကျန်းသူများကို အသက်စွန့်ပြီး တိုက်ခိုက်နှင်ထုတ်ရုံမှတစ်ပါး အခြားမရှိပြီ။ မြန်မာနိုင်ငံမှာသောင်းကျန်းသူဆိုတာ ချိုး (ဂျိုး) နဲ့လားဆိုပြီး မေးရတဲ့အထိဖြစ်အောင် အမြစ်ပြတ်ချေမှုန်းသွားကြပါစို့။

စစ်နိုင်သူကသာ သမိုင်းကို ရေးတာပါ ဆိုတဲ့ ဆိုရိုးရှိပါကြောင်း အယ်ဒီတာမှတစ်ဆင့် တင်ပြလိုက်ရပါတယ်။

**နိုင်ငံနဲ့ တပ်မတော်ကို ချစ်မြတ်နိုးသူတစ်ဦး**

**၉-၁-၂၀၂၄ ရက်နေ့၊ ပဲခူးမြို့**

## MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့်သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့နယ် ဆီအောကျေးရွာ၏မြောက်ဘက် ပွိုင့်-၂၂၀၂ တောင်ကုန်း (ဆင်ဦးကင်းကုန်း)ပေါ်ရှိ ဒေသခံပြည်သူများနှင့် ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ စေတီတစ်ဆူအား MNDAA အကြမ်းဖက် သောင်းကျန်းသူများက သံတူဖြင့်ထု၍ စေတီအား ဖြိုချဖျက်ဆီးနေသည့် ဓာတ်ပုံများနှင့် ဗီဒီယိုဖိုင်များ လူမှုကွန်ရက်စာမျက်နှာများပေါ်၌ ယခုရက်ပိုင်းအတွင်း ပျံ့နှံ့လျက်ရှိသည်ကို စိတ်မချမ်းမြေ့ဖွယ် တွေ့ရှိရသည်။

အဆိုပါ လောက်ကိုင်မြို့နယ် ဆီအောကျေးရွာသည် ဗုဒ္ဓဘာသာဝင်များ အများစုနေထိုင်လျက်ရှိပြီး ကျေးရွာ၌ ဘုန်းတော်ကြီးကျောင်းလည်း တည်ရှိသည့် ကျေးရွာတစ်ရွာဖြစ်ကြောင်း သိရှိရသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကုန်းကြမ်း၊ လောက်ကိုင်၊ ချင်းရွှေဟော်၊ ကွမ်းလုံမြို့နယ်များအတွင်း တိုက်ပွဲများဖော်ဆောင်၍ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိရာမှ ယခုအခါ ဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားရာ ဘုရားစေတီများကို ဖြိုချဖျက်ဆီးခြင်းများပြုလုပ်၍ ဗုဒ္ဓဘာသာအပေါ် ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်ခြင်းများ လုပ်ဆောင်နေသည်ကို တွေ့ရှိရသည်။

MNDAA အကြမ်းဖက်သောင်းကျန်းသူများသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်း တိုက်ပွဲဖြစ်ပွားခဲ့သည့် ဒေသတစ်လျှောက်တွင်ရှိသည့် စစ်ရေးနှင့်မသက်ဆိုင်သော ဘုရားစေတီများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးလျက်ရှိသဖြင့် ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများအနေဖြင့် ၎င်းတို့၏ အကြမ်းဖက်လုပ်ရပ်များအပေါ် လုံးဝလက်မခံနိုင်ဘဲ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





## ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန် တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဖတ်ဝန်းကုန်းကျေးရွာအုပ်စု ဘေးမဲ့ကျေးရွာ ကုန်ထုတ် (မြေ+ဂဝံ) လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို ဇန်နဝါရီ ၈ ရက်က တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။



ကွင်းဆင်း စစ်ဆေးရာတွင် ရန်ကုန်တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးကျော်သူကိုကို၊ တိုက်ကြီးခရိုင်ဦးစီးမှူး ဒေါ်လဲ့လဲ့မွန်၊ မြို့နယ်ဦးစီးမှူး ဒေါ်ဥမ္မာရွှေနှင့် တာဝန်ရှိသူများက ဘေးမဲ့ကျေးရွာ ကုန်ထုတ် (မြေ+ဂဝံ) လမ်းခင်းခြင်းလုပ်ငန်း ပြီးစီးမှုအခြေအနေများကို မြေပြင်ကွင်းဆင်းစစ်ဆေးခဲ့ကြပြီး မြေသားလမ်းခင်းခြင်းလုပ်ငန်းများအနေဖြင့်လည်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

**ကိုဇင်(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ်၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေထုတ်ချေး

**ရန်ကုန် ဇန်နဝါရီ ၉**

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ဇင်ပွန်းကုန်းကျေးရွာနှင့် ဆေးဘိုဝကျေးရွာတို့တွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အထိ စီမံကိန်းစက်ဝန်း(၁၁) ကြိမ်မြောက်ပတ်လည်ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေး ၂၆ ဦး၊ မွေးမြူရေး ၄၈ ဦး၊ ရေလုပ်ငန်း နှစ်ဦး၊ အရောင်းအဝယ် ၈၁ ဦး၊ အသေးစားစက်မှုလက်မှုလုပ်ငန်း လေးဦး၊ အသက်မွေးဝမ်းကျောင်း ၃၈ ဦး စုစုပေါင်း ၂၀၁ ဦးတို့အား ငွေကျပ် ၄၅၁၅၀၀၀၀ ကို အတိုးတစ်ကျပ်နှုန်းဖြင့် ချေးငွေကာလ တစ်နှစ်ဆပ်ဖြင့် ထုတ်ချေးပေးခြင်းကို ကျောက်တန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ (နည်းပညာ)ဒေါ်ဝတ်ရည်ရှိန်နှင့် စီမံကိန်းဝန်ထမ်းများက ဇန်နဝါရီ ၈ ရက်က သွားရောက်ထုတ်ချေးပေးခဲ့ပြီး မြစိမ်းရောင်စီမံကိန်း ချေးငွေဖြင့် လုပ်ငန်းအမျိုးအစားအလိုက် ဆောင်ရွက်နေမှုကို စစ်ဆေးခဲ့သည်။ **ဘော်ဂါသွေး**



# မြန်မာဂန္ထဝင်တေးသံရှင်ကြီး ဒေါ်မာမာအေး ၉၁ နှစ်အရွယ်တွင် ကွယ်လွန်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာဂန္ထဝင်တေးသံရှင် ဒေါ်မာမာအေးသည် ဇန်နဝါရီ ၈ ရက် တနင်္လာနေ့ ဒေသစံတော်ချိန် ညနေ ၆ နာရီ ၂၈ မိနစ်အချိန်တွင် အမေရိကန်နိုင်ငံ ဖို့တ်ဝိန်းမြို့ နေအိမ်တွင် ကင်ဆာရောဂါဖြင့် ကွယ်လွန်ခဲ့ကြောင်း သိရသည်။

ဂန္ထဝင်တေးသံရှင် ဆရာမကြီး၏အမည်ရင်းမှာ ဒေါ်အေးမြင့်ဖြစ်ပြီး အသက်သုံးနှစ်ကျော်အရွယ်ကစ၍ ခေတ်သစ်ရာဇဝင်ပြဇာတ်အဖွဲ့တွင် သီချင်းသီဆိုခြင်း၊ ပြဇာတ်ကခြင်းများ ဆောင်ရွက်ခဲ့သည်။ အသက်ရှစ်နှစ်အရွယ်တွင် စတင်အသံလွှင့်ခဲ့သည်ဟု သိရသည်။



"မြန်မာနိုင်ငံကို ၂၀၁၂ ခုနှစ် ဒီဇင်ဘာလမှာ ပြန်ရောက်လာပြီး ၂၀၁၃ နှစ်ဆန်းပိုင်းမှာ တစ်ကိုယ်တော် ဖျော်ဖြေပွဲလုပ်ခဲ့ပါတယ်။ တစ်နှစ်ကို နှစ်ခေါက်လောက် ပြန်ပြန်လာပြီး ကွယ်လွန်ချိန်အထိဆိုရင် ခြောက်ခေါက် ခုနစ်ခေါက်လောက်တော့ မိသားစုနဲ့ ချစ်တဲ့ပရိသတ်တွေဆီကို အရောက်လာခဲ့ပါတယ်။ ကိုဗစ်အစဦးကလေးမှာ အမေရိကန်နိုင်ငံကိုပြန်သွားခဲ့တာ။ အဲဒီပြန်ရောက်တော့မှ ကင်ဆာရောဂါဖြစ်နေတာသိခဲ့ရပြီး အခုတော့ ကင်ဆာရောဂါနဲ့ပဲ ကွယ်လွန်ခဲ့တာပါ။ ပြီးခဲ့တဲ့ ဒီဇင်ဘာလလောက်ကစပြီး အစာမဝင်တော့လို့ ပိုပြီးအားယုတ်ခဲ့တယ်။ ဇူလိုင်လ မွေးနေ့ပွဲမှာကတည်းက ဆရာဝန်က ခြောက်လလောက်ပဲ နေရတော့မယ်ပြောလို့ အမေရိကားက ချစ်တဲ့မိတ်ဆွေတွေက မွေးနေ့အမှတ်တရပွဲလေး လုပ်ဖြစ်တော့ ဝှီးချဲနဲ့ ပွဲတက်ရောက်ခဲ့တာက နောက်ဆုံးနှုတ်ဆက်ခဲ့တာလို့ ပြောရမှာပါပဲ" ဟု သမီးကြီးဖြစ်သူ ဒေါ်အေးလွင်လွင်ဦးက ပြောသည်။

မြန်မာဂန္ထဝင်တေးသံရှင် ဆရာမကြီးသည် သန်းသန်းမြင့်၊ မြင့်မြင့်အေးအမည်များဖြင့် ပွင့်ဦးတေးသံ အပျော်တမ်းတူရိယာအဖွဲ့၊ မြင့်သီရိအပျော်တမ်းတူရိယာအဖွဲ့၊ ချိုတေးရှင် တူရိယာအဖွဲ့တို့တွင် ပါဝင်ဖျော်ဖြေခဲ့သည်။ ထို့နောက်တွင် မာမာအေးအမည်ဖြင့် ရဲသီဟတူရိယာအဖွဲ့၊ စစ်ရဲဂီတတူရိယာအဖွဲ့၊ ကေသီပန်တူရိယာအဖွဲ့၊ ဂီတမာလာသီချင်းကြီးတူရိယာအဖွဲ့၊ စောင်းဦးခင်မြင့် သီချင်းကြီးတူရိယာအဖွဲ့၊ မန္တလေးစန္ဒရား ဦးအုန်းမောင် သီချင်းကြီးတူရိယာအဖွဲ့တို့တွင် ပါဝင်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

အလယ်တန်းကျောင်းသူ အရွယ်မှာပင် "သက်တန့်ပေါ်မှာ ကစားမယ်" သီချင်းဖြင့် ၁၉၅၅ ခုနှစ်တွင် နိုင်ငံသိအဆိုတော်ဖြစ်လာပြီး ၁၉၅၆၊ ၁၉၅၇၊ ၁၉၅၈ ခုနှစ်တို့တွင် ကျောင်းပေါင်းစုံ ကဗျာရွတ်ပြိုင်ပွဲ၌ အလယ်တန်းပထမဆု သုံးနှစ်ဆက်တိုက်ရရှိသဖြင့် တံခွန်စိုက်ဆု အပ်နှင်းခြင်းခံခဲ့ရသည်။

မြန်မာဂန္ထဝင်တေးသံရှင် ဒေါ်မာမာအေးသည် ငယ်ရွယ်စဉ်ကတည်းက စာပေရေးသားမှုလည်းရှိခဲ့သည်။ "လေးမာ" ကလောင်အမည်ဖြင့် ကဗျာစာညွန့်၊ သီချင်းများကို ငယ်စဉ်ကတည်းက ရေးသားခဲ့သူဖြစ်ပြီး ၁၉၆၁ ခုနှစ်တွင် မြန်မာ့အသံ၌ အစီအစဉ်လက်ထောက်ထုတ်လွှင့်ရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ထိုအချိန်က မြန်မာနိုင်ငံခေတ်ပေါ်တေးဂီတကောင်စီ အမှုဆောင်အဖွဲ့ဝင်နှင့်ဂီတပဒေသာမဂ္ဂဇင်း ကော်မတီဝင်အဖြစ်လည်း ပါဝင်လုပ်ဆောင်ခဲ့သည်။

သီချင်းဆိုခြင်း၊ စာပေရေးသားခြင်းသာမက သရုပ်ဆောင်အလုပ်ကိုလည်း လုပ်ဆောင်ခဲ့ရာ "မြခြူသံ"၊ "သူ့ကိုမှချစ်သည်"၊ "မန်ဒါလီ" ရုပ်ရှင်ဇာတ်ကားများတွင် သရုပ်ဆောင်ခဲ့ကာ အောင်မြင်ကျော်ကြားခဲ့သည်။

ထုတ်လွှင့်ထွက်ရှိခဲ့သော ရေဒီယိုတေးများ၊ ဓာတ်ပြားတေးစုနှင့် ရုပ်ရှင်တေးများလည်း များစွာရှိပြီး အောင်မြင်မှုရရှိကာ ထင်ပေါ်ကျော်ကြားခဲ့သည်။

"စာပန်းခင်းမှာ အဖေနဲ့အမေ ဝတ္ထုနှစ်ပုဒ်ကို ဆရာမကြီးရေးဖြစ်လို့ သုံးဖြစ်လိုက်တယ်။ လွန်ခဲ့တဲ့ နှစ်လသုံးလလောက်ကတော့ အဲဒီဝတ္ထုစာမူတွေကို အမေရိကားကို ပို့ပေးလို့ရရင် ပို့ပေးပါဆိုလို့ ဆရာဦးဝင်းငြိမ်းကနေတစ်ဆင့် ပို့ပေးလိုက်တာ မမအေး ဖတ်သွားရလိမ့်မယ်လို့မျှော်လင့်မိလိုက်ပါတယ်။ မမအေးဆုံးတယ်ကြားရတော့ ဒီအကြောင်းအရာလေးက မမအေးနဲ့နောက်ဆုံးပြောဖြစ်ခဲ့တဲ့ အမှတ်တရပါပဲ။ ကျွန်တော် တာဝန်ကျေပါတယ် မမအေးရေ"ဟု စာရေးဆရာ အယ်ဒီတာ အဆိုရှင် ဒါရိုက်တာ မောင်မောင်ဇော်ဝင်းက ပြောသည်။

မြန်မာဂန္ထဝင်တေးသံရှင် ဒေါ်မာမာအေးကို ဖခင်ဖြစ်သူ နဲ့ဆရာဦးအေး၊ မိခင်ဖြစ်သူ ဒေါ်သန်းနှစ်(အဆိုတော် မြောင်းမြသန်း)တို့က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ ရှမ်းကုန်းပိုင်း၌ ၁၉၄၂ ခုနှစ် ဇူလိုင် ၂၆ ရက်တွင် မွေးဖွားခဲ့သည်။

"မြန်မာနိုင်ငံကို အမြဲတမ်းပြန်လာချင်တယ်။ ငါပြန်လာမယ် စောင့်နေပါ။ သေတဲ့အထိ သီချင်းတွေ ဆိုသွားမယ်လို့ မိတ်ဆွေတွေ၊ သူ့ပရိသတ်တွေကို အမြဲပြောနေတာ"ဟု ဂန္ထဝင်တေးသံရှင် ဒေါ်မာမာအေး၏ တေးချစ်သူများအတွက် နောက်ဆုံးအမှတ်တရစကားကို သမီးကြီးဖြစ်သူ ဒေါ်အေးလွင်လွင်ဦး၏ ပြောကြားမှုအရ သိရသည်။

မင်းထက်နိုင်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀-၁-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၅၃၅ | ၂၅၈၀ | ၂၅၇၅ | ၂၅၄၀ | ၂၅၈၀ | ၂၆၀၅ | ၂၅၉၀ | ၂၅၆၅ | ၂၆၆၅ | ၂၆၈၀ | ၂၅၇၅ | ၂၅၈၀ | ၂၆၂၀ | ၂၆၂၀ | ၂၆၂၀ | ၂၈၅၀ | ၂၉၀၀ |
| 95 Ron | ၂၆၃၅ | ၂၆၈၅ | ၂၆၈၀ | ၂၆၄၅ | ၂၆၈၀ | ၂၇၀၅ | ၂၆၉၀ | ၂၆၇၀ | ၂၇၆၅ | ၂၇၈၅ | ၂၆၇၅ | ၂၆၉၀ | ၂၇၂၀ | ၂၇၂၀ | ၂၇၂၅ | ၂၉၅၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၃၂၀ | ၂၃၇၀ | ၂၃၆၅ | ၂၃၃၀ | ၂၃၆၅ | ၂၃၉၀ | ၂၃၈၅ | ၂၃၅၀ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၀ | ၂၃၇၀ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၅ | ၃၀၉၀ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၅ | ၂၄၅၅ | ၂၄၉၀ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၂၄၅ |
| HSD (10 ppm) | ၂၄၁၀ | ၂၄၆၀ | ၂၄၅၅ | ၂၄၂၀ | ၂၄၆၀ | ၂၄၈၀ | ၂၄၇၅ | ၂၄၄၅ | ၂၅၆၅ | ၂၅၆၀ | ၂၄၅၀ | ၂၄၆၀ | ၂၄၉၅ | ၂၄၉၅ | ၂၅၀၀ | ၂၇၃၀ | ၃၂၄၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၄၁၄ | ၂၄၉၆ |
| 95 Ron | ၂၅၁၃ | ၂၅၉၇ |
| HSD (500 ppm) | ၂၂၀၇ | ၂၂၈၀ |
| HSD (50 ppm) | ၂၂၈၈ | ၂၃၆၃ |
| HSD (10 ppm) | ၂၂၉၆ | ၂၃၇၁ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

❖ ကျောဖုံးမှ

ရန်ကုန်ပြည်သူ့ဆေးရုံသစ်ကြီးသည် ခုတင်(၄၀၀)ဆံ့ ဆေးရုံကြီးဖြစ်ကာ ပြီးစီးသွားပါက ရန်ကုန်တိုင်းဒေသကြီးတွင်သာမက အနယ်နယ်အရပ်ရပ်မှပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အကုန်အကျသက်သာစွာဖြင့် ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ကြောင်းနှင့် အဆိုပါဆေးရုံသစ်ကြီးတွင် ဓာတ်မှန်ခန်းခြောက်ခန်းနှင့်ကွန်ပျူတာဓာတ်မှန်ခန်းနှစ်ခန်းပါဝင်သောအဆောင်များ၊ ဓာတ်ခွဲခန်းများပါဝင်သောအဆောင်များ၊ ဖျားနာကုသဆောင်များ၊ သွေးရောဂါကုသဆောင်များ၊ ရိုးတွင်းခြင်ဆီအစားထိုးကုသဆောင်များ၊ အမျိုးသား အမျိုးသမီးလူနာဆောင်များ၊ သီးသန့်လူနာခန်းများပါဝင်သောအဆောင်များ၊ တာဝန်ကျဆရာဝန်၊ ဆရာမများ၊ သူနာပြုများ နားနေခန်းများ ပါဝင်သောအဆောင်များနှင့် အခြားအထွေထွေရောဂါကုသသည့်အဆောင်များပါဝင်သည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တိုင်းဒေသကြီးဝန်ကြီးများသည် ဇန်နဝါရီ ၈ ရက် နံနက်ပိုင်းက အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့(၁)မှ တာဝန်ယူတည်ဆောက်လျက်ရှိသည့် လသာမြို့နယ် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့်ခုနစ်ထပ်ဆောင်ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာ ဆေးရုံတည်ဆောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ပါမောက္ခ ဒေါက်တာဇော်သန်းထွန်း၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး ပါမောက္ခချုပ် (ဆေးရုံအုပ်ကြီး) ဒေါက်တာသီတာလှ၊ ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာငွေးလွင်နှင့် တာဝန်ရှိသူများက ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့်ခုနစ်ထပ်ဆောင် အချောသပ်လုပ်ငန်းများဆောင်ရွက်နေမှုနှင့် မကြာမီပြီးစီးတော့မည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

❂ ၂၀၂၆ မှ

ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့၌ လေ့ကျင့်မှုပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်သည်။ ယခုလေ့ကျင့်ခန်းအစီအစဉ်သို့ ပြည်ပကလပ်များတွင် ကစားနေသည့် ကစားသမားအချို့အပါအဝင် ပြည်တွင်းကလပ်အသင်းများမှ ကစားသမားအများစု ပါဝင်မည်ဖြစ်ပြီး စုစုပေါင်း ၂၈ ဦး ရွေးချယ်ထားသည်။ ယခုလေ့ကျင့်မည့် ကစားသမားစာရင်းတွင် ထိုင်းကလပ်များ၌ ကစားနေသူများအနက် အောင်သူ၊ အောင်ကောင်းမာန်၊ သန်းပိုင်၊ အီစိုး၊ လွင်မိုးအောင်၊ ဟိန်းဖြိုးဝင်း၊ ကမ္ဘောဒီးယားလိဂ်မှ စိုးမိုးကျော်၊ သီဟဇော်၊ ဘူတန်လိဂ်မှ အောင်ကျော်နိုင်၊ ဒဏ်ရာရရှိနေသည့် ပြည်တွင်းလိဂ်မှ နန္ဒကျော်၊ ထက်ဖြိုးဝေ၊ နေမိုးနိုင်တို့ မပါဝင်နိုင်သေးဘဲ ဒုတိယအကြိမ်လေ့ကျင့်မှုမှသာ လာရောက်ပူးပေါင်းမည်ဖြစ်သည်။

ယခုလေ့ကျင့်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုးသမားကျော်ဇင်ဖြိုး၊ ဆန်းဆက်နိုင်၊ ပြည့်ဖြိုးသူ၊ ဇင်ညီညီအောင်၊ နောက်တန်း သက်ဟိန်းစိုး၊ သီဟထက်အောင်၊ ရဲမင်းသူ၊ ဟိန်းဇေယျာလင်း၊ လတ်ဝေဘုန်း၊ ငြိမ်းချမ်း၊ ကောင်းထက်ပိုင်၊ ဖွဲ့ခန့်မင်း၊ ဖွဲ့ထက်မင်း၊ အလယ်တန်း ခွန်ကျော်ဇင်ဟိန်း၊ မောင်မောင်လွင်၊ ဥက္ကာနိုင်၊ မြတ်ကောင်းခန့်၊ လင်းထက်စိုး၊ ဟိန်းထက်အောင်၊ ဇော်ဝင်းသိန်း၊ ဝေလင်းအောင်၊ အာကာကျော်၊ အောင်နိုင်ဝင်း၊ ရန်နိုင်ဦး၊ ကျော်မင်းဦး၊ ရှေ့တန်း ကျော်ကိုကို၊ ဝင်းနိုင်ထွန်းနှင့် သူရိန်ထွန်းတို့ ပါဝင်ကြသည်။

**သတင်း - ကိုညီလေး၊ ဓာတ်ပုံ - သော်ကြီး**

❍ ဝီဂန်အသင်းမှ

ရပ်တည်နိုင်ခဲ့တာကြောင့် ယခုအက်ဖ်အေဖလားပြိုင်ပွဲဟာ မန်ယူအသင်းအတွက် ယခုဘောလုံးရာသီဖလားရရှိမယ့် နောက်ဆုံးမျှော်လင့်ချက်အဖြစ်လည်း ရှိနေတာဖြစ်ပါတယ်။

အက်ဖ်အေဖလားစတုတ္ထအဆင့်ပွဲစဉ်တွေ မဲခွဲဆုံးဖြတ်ပြီးချိန်မှာတော့ လက်ရှိချန်ပီယံ မန်စီးတီးအသင်းနဲ့ စပါးအသင်း၊ ချယ်လ်ဆီးအသင်းနဲ့ အက်စတွန်ဗီလာအသင်း၊ ဖူလ်ဟမ်အသင်းနဲ့ နယူးကာဆယ်အသင်း၊ ရှက်ဖီးလ်အသင်းနဲ့ ဘရိုက်တန်အသင်း၊ မန်ယူအသင်းနဲ့ နယူးပို့ကောင်တီ သို့မဟုတ် အိစ်လိုက်အသင်း၊ လိဒ်ယူနိုက်တက်အသင်းနဲ့ ပလိုင်းမောက်အသင်း၊ လီဗာပူးအသင်းနဲ့ နော့ဝှစ်ချ်အသင်း သို့မဟုတ် ဘရစ္စတိုးရိုဗာအသင်း၊ အစ်ဆွစ်အသင်းနဲ့ မိတ်စတုန်းအသင်း၊ ရှက်ဖီးလ်ဝက်နက်စဒေးအသင်းနဲ့ ကိုဗင်ထရီအသင်း၊ လက်စတာစီးတီးအသင်းနဲ့ ဟားစီးတီးအသင်း သို့မဟုတ် ဘာမင်ဂမ်စီးတီးအသင်း၊ ဘုန်းမောက်အသင်းနဲ့ ဆွမ်ဆီးအသင်း၊ ဝက်စ်ဘရွန်းအသင်းနဲ့ ဘရန်းဖို့ဒ်အသင်း သို့မဟုတ် ဝုလ်ဗက်အသင်း၊ ဝက်စ်ဟမ်းအသင်း သို့မဟုတ် ဘရစ္စတိုးစီးတီးအသင်းနဲ့ နော့တင်ဟမ်ဖော့ရက်စ်အသင်း သို့မဟုတ် ဘလက်ပူးလ်အသင်း၊ ခရစ္စတယ်ပဲလေ့စ်အသင်း သို့မဟုတ် အဲဗာတန်အသင်းနဲ့ လူတန်တောင်းအသင်း သို့မဟုတ် ဘိုလ်တန်ဝါဒါရာအသင်းတို့ တွေ့ဆုံနေတာဖြစ်ပါတယ်။ **ငွေကြယ်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၉-၁-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမှ<br>အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၈၉၆။ | ဦးသားကြီးမိသားစုနှင့် ဦးအောင်ခန့်မွန် မိသားစုကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၈၉၇။ | နှစ်ဖက်သော ဘိုး၊ ဘွား၊ မိဘနှင့် ခင်ပွန်းကြီးဆယ်ပါးအား ဦးထိပ်ထားလျက် ဦးသန်းရွှေနှင့်ဇနီး ဒေါ်ခင်ဝင်း၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀၀ |
| ၇၈၉၈။ | ဦးအောင်ကြည်စိုးနှင့်ဇနီး ဒေါ်ချိုချို (သမီး)မနှင်းယုမွန်၊ ဒေါက်တာဆုမွန်ထက်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၈၉၉။ | ကွယ်လွန်သူ ဦးသိန်းအောင်နှင့် (သား)မောင်မျိုးဝင်း တို့အားရည်စူး၍ ကျန်ရစ်သူမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၇၉၀၀။ | ဒေါက်တာတင်မင်းညွန့်နှင့်ဇနီး ဒေါ်ခင်ဝါဝါမော် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၀၁။ | ဆရာတော်ဘုရားကြီး ဦးပညိန္ဒကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၀၂။ | ကွယ်လွန်သူ ဆရာကြီးဦးမောင်ချစ်အားရည်စူး၍ ဒေါ်ခင်ဥမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၀၃။ | ဦးအောင်နိုင်နှင့်ဇနီး ဒေါ်ဖြူဖြူခင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၀၄။ | ဦးနေဝင်းနှင့်ဇနီး ဒေါ်နွယ်နွယ်လှိုင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၀၅။ | ကွယ်လွန်သူ မိခင်ကြီးဒေါ်မျိုးကြည်အားရည်စူး၍ ဦးမောင်မောင်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၀၆။ | ဦးကျော်သူနှင့်ဇနီး ဒေါ်မိုးမိုးထွေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၀၇။ | ကွယ်လွန်သူ ဒေါ်ပုအားရည်စူး၍ ဦးထွန်းတင်၊ သား၊ သမီး၊ မြေးတစ်စုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၀၈။ | ကွယ်လွန်သူ ဦးစောမောင်အားရည်စူး၍ ဒေါ်မြမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၀၉။ | ဦးလှအောင်နှင့်ဇနီး ဒေါ်မြင့်မြင့်စိမ်း၊ သား၊ သမီး၊ မြေးမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၈၉၁၀။ | ဦးသောင်းနှင့်ဇနီး ဒေါ်ခင်ညွန့်၊ (သမီး)ဒေါက်တာမေရည်သောင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၁၁။ | ဒေါက်တာလှညွန့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၁၂။ | ဗိုလ်ကြီးဝေလင်းကျော်နှင့်ဇနီး မခင်စုစုဟန်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၁၃။ | ဒေါ်ခင်ခင်မြင့်အားရည်စူး၍ ဦးကျော်နိုင်၊ (သမီး)မဆုဝေမွန်၊ (ညီမ)ဒေါ်ထားထားမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |

| စဉ် | နဝကမှ<br>အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၉၁၄။ | ဗိုလ်မှူးကြီးတင်အေး(ငြိမ်း)နှင့်ဇနီး ဒေါ်မူမူအေး၊ သား၊ သမီး၊ မြေး၊ မြစ်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၁၅။ | ဦးသစ်လင်းအုန်းနှင့်ဇနီး ဒေါ်မေစန်းသိန်း၊ (သား)ဦးသုဟန်သစ်၊ (သမီး)မသက်နှင်းသစ္စာ မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၁၆။ | ဦးအောင်ဇော်ဦးနှင့်ဇနီး ဒေါ်သန္တာငြိမ်း၊ (သား)မောင်သူရိန်ထက်၊ (သမီး)မဝိုင်းဝိုင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၁၇။ | အောင်ဆန်းသူရိယလှသောင်းကျောင်းမင်္ဂလာဒုံမှ ဆရာမဒေါ်ခင်သန်းအေး(ငြိမ်း)မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၁၈။ | ကွယ်လွန်သူ ဦးအောင်မြတ်ကျော်အားရည်စူး၍ ဒေါ်လှလှဝင်းမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၁၉။ | ဦးဇော်မြင့်နိုင်နှင့်ဇနီး ဒေါ်တင်တင်အုန်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၂၀။ | ဝဏ္ဏကျော်ထင်ဦးညွန့်အောင်နှင့်ဇနီး ဒေါ်ခင်မေစိမ့် မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၂၁။ | ဦးသိန်းဇော်ထွန်းနှင့်ဇနီး ဒေါ်ပွင့်ဖြိုးလင်း မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၂၂။ | ကွယ်လွန်သူနှစ်ဖက်မိဘများနှင့် ဦးအောင်ထွန်းတို့အားရည်စူး၍ ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၂၃။ | ဦးအောင်စိန်နှင့်ဇနီး ဒေါ်တင်သက်ဆွေ၊ (သား)ဦးအောင်မျိုးသက်နှင့်ဇနီး ဒေါ်မြနှင်းသူမိသားစုကောင်းမှု | ၁၀၀၀၀၀ |
| ၇၉၂၄။ | ဆရာမကြီးဒေါ်ခင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၂၅။ | ဦးထွန်းနိုင်နှင့်ဇနီး ဒေါ်ကေသီအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၂၆။ | ဦးခိုင်မိုးဝင်းနှင့်ဇနီး ဒေါ်သိန်းသိန်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၂၇။ | ကွယ်လွန်သူ ဦးမြင့်မြိုင်အားရည်စူး၍ ဒေါ်သန်းသန်းဆင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၂၈။ | ဦးစိန်ဝင်းနှင့်ဇနီး ဒေါ်ချစ်တင်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၂၉။ | ကွယ်လွန်သူ အဘွားဒေါ်ဆယ်၊ ဖခင် ဦးခင်မောင်အေးနှင့် မိခင် ဒေါ်ခင်ငြိမ်းတို့အားရည်စူး၍ ဒေါ်စိန်မူမိသားစုကောင်းမှု | ၅၀၀၀၀ |

| စဉ် | နဝကမှ<br>အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၇၉၃၀။ | ဦးဌေးအောင်နှင့်ဇနီး ဒေါ်ခင်ဆွေဝင်း မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၃၁။ | ကွယ်လွန်သူ ဦးဝင်းအောင်အားရည်စူး၍ ဒေါ်အနွယ်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၃၂။ | ကိုလျှမ်ဖြိုးအောင်နှင့်ဇနီး မသက်သက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၃၃။ | ဦးကျော်စိုးနှင့်ဇနီး ဒေါ်နန်းမြမြထွေး၊ (သား)မောင်ဘုန်းပြည့်ကျော်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၃၄။ | ဦးမြင့်ဝင်းနှင့်ဇနီး ဒေါ်ခင်မာဆွေမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၃၅။ | ဒေါ်သဲအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၃၆။ | ကွယ်လွန်သူ ဦးခင်မောင်သက်အားရည်စူး၍ ဒေါ်တင်တင်မြမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၃၇။ | ဦးကိုလတ်နှင့်ဇနီး ဒေါ်ခင်အေးသိုက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၃၈။ | ဦးကောင်းမြတ်ထက်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၃၉။ | ဦးကျော်စိုးနှင့်ဇနီး ဒေါ်သန်းမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၄၀။ | ပါမောက္ခဌာနမှူးဒေါ်မွေးမွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၄၁။ | ဦးသန်းအေးနှင့်ဇနီး ဒေါ်ခင်မူ၊ (သား)မောင်ကောင်းမြတ်စံ မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၄၂။ | ကွယ်လွန်သူ ဦးစန်းယုမောင်အားရည်စူး၍ ဒေါ်သန်းအေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၄၃။ | ဦးတင်ဦးနှင့်ဇနီး ဒေါ်ခင်မြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၄၄။ | ဦးမောင်ဝင်းနှင့်ဇနီး ဒေါ်မော်စီမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၄၅။ | ဦးဝင်းကြည်နှင့်ဇနီး ဒေါ်တင်မာချိုမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၄၆။ | ကျေးဇူးရှင်များအားဦးထိပ်ထား၍ ဒေါ်ခင်လေးမြင့်နှင့်မောင်နှမတစ်စုကောင်းမှု | ၅၀၀၀၀ |
| ၇၉၄၇။ | နှစ်ဖက်သောမိဘများအားရည်စူး၍ ဦးကျော်ထွန်းနှင့်ဇနီး ဒေါ်လှမြင့်မိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၄၈။ | ဦးနှင်းဝေနှင့်ဇနီး ဒေါ်နေနွယ်ဝင်းမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၄၉။ | ဒေါ်စိန်ထွေးမိသားစုကောင်းမှု | ၅၀၀၀၀ |
| ၇၉၅၀။ | ဦးသန်းခင်နှင့်ဇနီး ဒေါ်ခင်စန်းအေး၊ (သား)ဒေါက်တာအာကာထွန်း၊ ဒေါက်တာဟိန်းဝေယံ၊ ဒေါက်တာမေပြည့်စုံမိသားစုကောင်းမှု | ၅၀၀၀၀ |

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဦးအောင်စည်သူ(မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးဂေါပကအဖွဲ့ရုံး)** ၀၉-၆၆၄၀၀၀၀၄၁၊ ၀၉-၄၄၄၆၆၆၁၁၆

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆


**ပြင်ဆင်ဖတ်ရှုပါရန်**

၄-၁၂-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၃၀)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၆)ဒေါ်အေးသီတာကျော်၏အမည်ပြောင်းတွင်မှတ်ပုံတင်အမှတ်(၁၃/ရကန(နိုင်)၀၀၂၄၆၃)အစား(၁၂/ရကန(နိုင်)၀၀၂၄၆၃)ဟုအမှန်ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၅-၁-၂၀၂၄ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၁)(၂)(၃)(၄)(၅)(၆)(၇)(၈)GPဒေါ်စက်စက်ဦး၏အရောင်းမြေပုံကူးတွင်လျှောက်ထားသည့်အကြောင်းအရာမြေပုံကူး(အရောင်း)အစားမြေပုံကူး(အပိုင်ပေး)ဟုအမှန်ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၀-၁၂-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၇)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၂၀)ဒေါ်ဆွေဆွေဝင်း၏အမည်ပြောင်းတွင်လျှောက်ထားသူအမည်ဒေါ်ဆွေဆွေဝင်းအစားဒေါ်ဆွေဆွေလင်းဟုအမှန်ဖတ်ရှုပါရန်။

**ပြင်ဆင်ဖတ်ရှုပါရန်**

၂၃-၁၂-၂၀၂၃ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၉)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၅)ဦးသန်းနိုင်သီး၏ဂရန်သစ်တွင်လျှောက်ထားသူအမည်ဦးသန်းနိုင်သီးအစားဦးသန်းနိုင်ဦးဟုအမှန်ဖတ်ရှုပါရန်။

**ပတ်စ်ပို့ပျောက်**

ကျွန်မ မဆိုင်းတီ[၁/ဝမန(နိုင်)၀၅၆၉၈၂]၏ ပတ်စ်ပို့နံပါတ် (MB-094212)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၁၉၂၆၈၈

**ပတ်စ်ပို့ပျောက်**

ကျွန်မ မလီလာဒေဘီ[၁/မကန(နိုင်)၁၈၆၁၈၆]၏ ပတ်စ်ပို့နံပါတ်(MD-763105)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၉၁၀၉၉၁၄

**ပတ်စ်ပို့ပျောက်**

ကျွန်တော်မောင်ဆွတ်တူးရိန်[၁/မကန(နိုင်)၂၄၀၄၅၉]၏ ပတ်စ်ပို့နံပါတ်(MB-988116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၇၂၈၂၁၁၆

## အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်းနှင့် (၃၁-၈-၂၀၂၂)နေ့စွဲပါ (၂)ဦးသဘောတူ ကတိပဋိညာဉ်စာချုပ်အား ဖျက်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ ဇီးအုန်ကုန်းလမ်း၊ အမှတ်(၁၆၆)နေ ဒေါ်ဝါဝါဝင်း[၁၂/အစန(နိုင်)၁၁၆၈၁၁]ကိုင်ဆောင်သူမှ ဒေါက်တာကျော်လင်းထူး(ခ)တေးသံရှင်ကျော်ကြီး[၇/ရတရ(နိုင်)၀၀၁၅၈၁]အား (၉-၈-၂၀၂၂)ရန်ကုန်မြို့စာချုပ်စာတမ်းရုံးမှ မှတ်ပုံတင်နံပါတ် ၁၃၉၅၀ ဖြင့် အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့ပြီး (၃၁-၈-၂၀၂၂)ရက်နေ့တွင် (၂)ဦး သဘောတူ ကတိပဋိညာဉ်စာချုပ်အား ချုပ်ဆိုခဲ့ပါသည်။ (၉-၁-၂၀၂၄)ရက်နေ့တွင် ဒေါက်တာကျော်လင်းထူး(ခ)တေးသံရှင်ကျော်ကြီးအား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ရုပ်သိမ်းကြောင်းနှင့် (၃၁-၈-၂၀၂၂)ရက်နေ့တွင် ချုပ်ဆိုခဲ့သော(၂)ဦးသဘောတူ ကတိပဋိညာဉ်စာချုပ်အား ဖျက်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝါဝါဝင်း၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်မူမူအောင်(LL.B)** | **ဦးနေမျိုးထက်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၃၄၆)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၅၂၃)** |
| **အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်** | **အင်းစိန်စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်** |
| **ဖုန်း-၀၉-၄၃၁၉၀၀၈၂** | **ဖုန်း-၀၉-၉၅၄၃၄၁၆၄၅** |

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ ဗဟို (၂၇)လမ်း၊ မြေကွက်အမှတ်(K-၂၄၀)၊(K-၂၄၁)ဟုခေါ်တွင်သည့် မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ ဦးစိုးသိန်း၊ ဒေါ်ခင်အေးအမည်ဖြင့် နေရာချထားပေးသည့်(၄၀x၆၀)ပေ အကျယ်ရှိ မြေကွက်(၂)ကွက်နှင့် ယင်းမြေကွက်တို့၏ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်တင်ယု[၁၂/ဒလန(နိုင်)၀၅၄၉၀၂]ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဦးအောင်ကိုထွေး[၁၂/အစန(နိုင်)၁၈၆၀၄၁]ကအပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ဤကြေညာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ထက်ကျော်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၄၈၆၅၆/၂၀၁၇)**
**ရုံးခန်း-သန်လျင်ခရိုင်တရားရုံးရှေ့၊အောင်သိဒ္ဓိလမ်း၊**
**အောင်မင်္ဂလာရပ်ကွက်၊သန်လျင်။ ဖုန်း-၀၉-၇၈၃၅၅၃၁၁၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅ စီဂျီ)၊ မြေကွက်အမှတ်(၁၁၅၆)၊ အတိုင်းအတာ (၂၀'x၄၀' = ၈၀၀ စတုရန်းပေ) မြေကွက်တည်နေရာ-အမှတ်(၁၄)၊ ဆရာမကြီးလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးအုံးကြိုင် [၁၂/ဗဟန(နိုင်)၀၆၀၂၃၉] အမည်ပေါက်နှစ်(၆၀)ဂရန်မြေအား ဦးအုံးကြိုင်နှင့် ဒေါ်သန်းသန်းဝင်းတို့ သည် ဦးသန်းနှင့် ဒေါ်အေးကြည်တို့မှ မွေးဖွားသည့် မောင်နှမအရင်းများ ဖြစ်ကြောင်း၊ ဦးသန်းမှာ (၁၂-၁၁-၁၉၈၀) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်အေးကြည်မှာ (၆-၈-၁၉၈၁)ရက်နေ့တွင်လည်းကောင်း၊ အမည်ပေါက် ဦးအုံးကြိုင်သည် (၁၄-၂-၂၀၁၀)ရက်နေ့တွင် လူပျိုကြီးဘဝဖြင့် လည်းကောင်း၊ အတူနေသူ ဒေါ်သန်းသန်းဝင်း (ညီမ)သည် (၂၃-၂-၂၀၀၇)ရက်နေ့တွင်လည်းကောင်း၊ ၎င်း၏ခင်ပွန်းဖြစ်သူ ဦးလှကျော်(ခ) ဦးသိန်းညွန့်သည် (၁၆-၈-၂၀၁၆)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်သဖြင့် မွေးချင်းမောင်နှမ(၆)ဦးရှိ၍ ဒေါ်ခင်ခင်စန်းသည် (၁၂-၇-၂၀၀၉)ရက်နေ့တွင် လည်းကောင်း၊ ဦးဇော်မျိုးဦးသည် (၁၈-၁၀-၂၀၀၆) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်သင်းသင်းဆွေသည် (၁၁-၈-၂၀၂၂)ရက်နေ့တွင် လည်းကောင်း အသီးသီးကွယ်လွန်ကြပြီး၊ ဒေါ်နုနုဝင်း [၁၂/ဗဟန (နိုင်) ၀၈၅၅၇၆]၊ ဦးကျော်မျိုးဦး [၁၂/ဗဟန(နိုင်)၀၇၆၉၆၀]၊ ဦးနေလင်းဦး [၁၂/ဗဟန(နိုင်)၀၉၅၃၁၅] တို့မှ အမည်ပေါက် ဦးအုံးကြိုင်(ကွယ်လွန်)၏ တူ၊ တူမအရင်းများ ဖြစ်ကြပြီး မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်၏ ကျမ်းကျိန်လွှာအမှတ်-၂၄၃၈ (၂၅-၁၀-၂၀၂၃)၊ ထပ်ဆင့် ကျမ်းကျိန်လွှာ (၂)စောင်၊ သေစာရင်းများ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားများ၊ နှစ်(၆၀)ဂရန်တို့ကို တင်ပြ၍ ဦးကျော်မျိုးဦးနှင့် ဦးနေလင်းဦးတို့မှ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်-၁၈၈၄၃ (၅-၉-၂၀၂၃)ဖြင့် ရရှိသူ ဒေါ်နုနုဝင်း (ကိုယ်တိုင်)တို့မှ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (က)၊ မြေကွက်အမှတ် (၆၅၃/ခ)၊ (၁၂၀၀) စတုရန်းပေ၊ မြေကွက်တည်နေရာ အမှတ် (၆၅၃/ခ)၊ နွယ်သာကီ (၂) လမ်း၊ (က) ရပ်ကွက်၊ ဦးဟန်ထွန်း [၁၂/ဥကမ (နိုင်) ၁၁၇၈၇၇] အမည်ပေါက် နှစ် (၆၀) ဂရန်မြေအား မြေအမည်ပေါက် ဦးဟန်ထွန်း ကိုယ်တိုင်မှ နှစ် (၆၀) မြေငှားဂရန်စာချုပ်မူရင်းမှာ မိမိသိမ်းဆည်းထားရာမှ အထားအသိုမှားယွင်းကာ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ အခြားသူတစ်ပါးသို့ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း၊ ပေးကမ်းထားခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံ၍ ငွေချေးထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း လုံးဝမရှိပါကြောင်း ကျမ်းကျိန်လွှာအမှတ်- ၂၅/၂၀၂၂ (၁၄-၉-၂၀၂၂) ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့ တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားမှုအပေါ် မြေစာရင်းမှတ်ချက်ရှိ ဝင်စာအမှတ်- ၃၀၃၈ (၁၄-၅-၂၀၁၈) ဖြင့် ကန့်ကွက်တင်ပြထားခြင်းနှင့် ပတ်သက်၍ လျှောက်ထားသူ ဦးဟန်ထွန်းမှ ဝင်စာ- ၁၁၁၀၈ (၁၆-၁၁-၂၀၂၂) ဖြင့် မြေငှားဂရန်မူရင်းနှင့် ပတ်သက်၍ ဂရန်မိတ္တူမလျှောက်ထားမီ ကြေးမုံသတင်းစာတွင် ထည့်သွင်းကြော်ငြာခဲ့ရာ သတင်းစာမှ ပြန်လည်ဖြေရှင်း ကြေညာခဲ့ခြင်း လုံးဝမရှိခဲ့ပါကြောင်း၊ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ဂရန်မူရင်းပေးအပ်၍ မည်သည့်ကိစ္စမျှ ဆောင်ရွက်ခြင်း မရှိခဲ့ကြောင်း၊ မြို့/အိမ်ဌာနနှင့် အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းရှင်များနှင့်လည်း လုံးဝမသိရှိကြောင်း၊ ၎င်းဌာနအဖွဲ့အစည်းသည်လည်း တရားဝင်ဌာနမဟုတ်ကြောင်း ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်၍ ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ကန့်ကွက်သူအား ဆင့်ဆိုဖြေရှင်းခြင်း၊ ဥပဒေနှင့်အညီ လျှောက်ထားသူသို့ ဂရန်မိတ္တူ လျှောက်ထားမှု ဆက်လက်ဆောင်ရွက်ပေးနိုင်ပါရန် တင်ပြလာခြင်း၊ မြို့/ရာဌာနမှ (၁၄-၈-၂၀၂၃) ရက်စွဲဖြင့် မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် (က)၊ မြေကွက်အမှတ် (၆၅၃/ခ) သည် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅)ရပ်ကွက်၊ (၅၀)လမ်းအောက်၊ လမ်း(၅၀) ကွန်ဒို၊ တိုက်အမှတ်(၂၁/၂၃)၊ တစ်ခန်းတည်းRC(၈)ထပ်ခွဲတိုက်မှ ဆဋ္ဌမထပ်၊ အခန်းအမှတ်(၆၀၁)၊ ဧရိယာ(၁၄၅၀)စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့် တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးငြိမ်းချမ်းအောင် [၁၂/ပဘတ(နိုင်)၀၃၉၀၉၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးနေလင်းအောင်[၁၂/လမန(နိုင်)၁၃၂၂၉၀]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးနေလင်းအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘုရင့်နောင်လမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph-09-450023651,09-793568375**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/မြောက်၊ မြေကွက်အမှတ် ၁၅၃/ခ၊ ဧရိယာ(၂၀'x ၆၀') မြေကွက်တည်နေရာအမှတ် ၁၅၃/ခ၊ မြို့မ(၁၄) လမ်းအရှေ့၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ် [၁။ ဦးမြသိန်း (ISN-216220)၊ ၂။ ဒေါ်ရင်မြိုင် ၁၂/သကတ(နိုင်)၁၀၆၄၆၅] အမည်ပေါက် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမြသိန်း(ISN-216220) ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်သစ်သစ်[၁၂/သကတ(နိုင်) ၀၆၈၃၀၇] မှ ခင်ပွန်း ဦးမြသိန်းပိုင်ဆိုင်မှုအစုအား ဇနီးဖြစ်သူမိမိတစ်ဦးတည်းသာ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ တရားဝင်အမွေဆက်ခံပါကြောင်း၊ မိမိမှအပအခြားအလားတူအမွေဆက်ခံမည့် ဇနီးတစ်ဦးတစ်ယောက်မှမကျန်ရှိပါကြောင်း ဒေါ်သစ်သစ် ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဦးမြသိန်း (ခင်ပွန်း)၏ သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးမြသိန်းနှင့်ဒေါ်ရင်မြိုင်တို့ ပူးတွဲအမည်ပေါက်သည့် နှစ်(၆၀)ဂရန်မူရင်းမှာ နာဂစ်မုန်တိုင်းကြောင့် ပျောက်ဆုံးသွားကြောင်း၊ အဆိုပါမြေကွက်အား အခြားသူတစ်ပါးသို့ လွှဲပြောင်းထားခြင်း၊ ရောင်းချထားခြင်း၊ ပေါင်နှံထားခြင်း ပေးကမ်းထားခြင်း၊ စွန့်လွှတ်လှူဒါန်းထားခြင်း၊ အာမခံ၍ငွေချေးထားခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းထားခြင်း လုံးဝမရှိကြောင်း၊ ဒေါ်ရင်မြိုင်၊ ဒေါ်သစ်သစ်တို့ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ဂရန်ပျောက်ဆုံးသည်မှာ မှန်ကန်ကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ သာကေတမြို့မရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံကတိ တို့တင်ပြ၍ ကျန်အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်ရင်မြိုင် [၁၂/သကတ(နိုင်) ၁၀၆၄၆၅]နှင့်ပူးတွဲ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)(ကိုယ်စား)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ပဲခူးတိုင်းဒေသကြီး၊ ကြို့ပင်ကောက်မြို့၊ စက်တိုင်ကုန်းရပ်ကွက်၊ ၂ ဖြတ်လမ်းနှင့် ဗိုလ်ရုံလမ်းထောင့်တွင်ရှိသော အရှေ့လားသော် ဒေါ်ကြည်ကြည်မြင့်၊ အနောက်လားသော် ၂ ဖြတ်လမ်း၊ တောင်ဘက်သို့လားသော် ဗိုလ်ရုံလမ်း၊ မြောက်သို့လားသော် ကိုဟာထွန်းတို့ ခြံမြေ (၄)ရပ်ကြားတွင်ရှိသော (၆၂ပေx၈၂ပေ) မြေကွက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးသန်းဝင်း(ခ)ပြားကြီး [၇/ကပက(နိုင်)၀၀၀၁၁၇] နှင့် ဒေါ်ကြည်ကြည်မာ [၇/ဇကန(နိုင်)၀၃၄၁၄၇] တို့က လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိပါကြောင်း ဝန်ခံ၍ ဆက်စပ်စာချုပ်အဟောင်းများဖြင့် ပြသပြီး ဝန်ခံမှုပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်တားမြစ်လိုသူများရှိပါက ဤကြေညာပါသည့် ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးခင်မောင်လတ် BA(Law) (LL.B)(Advocate)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၄၂၈၃)**
**အမှတ်- ၁၈၊ (၅)လွှာ၊ ဇေယျာသုခလမ်း၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၀/ဒက္ခိဏသီရိအလယ်ရပ်)၊ ပေ(၈၀x၈၀)၊ မြေကွက်အမှတ်(ဒ-၃၁၁၄၁)၊ ရဲမှူးကြီး ဘိုလေး(ဘ)ဦးနေဒွန်း [၈/ပခက(နိုင်)၁၂၁၁၇၂] အမည်ပေါက်မြေကွက်၏ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ်မူရင်း ပျောက်ဆုံးသွားပါသဖြင့် ပျောက်ဆုံးကြောင်း မှတ်ပုံတင်တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြ၍ မြေကွက်နေရာ(ယာယီ) ချထားပေးသည့် လက်မှတ်မိတ္တူမှန်လျှောက်ထားလာရာ ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ရက်ပေါင်း(၃၀) အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေကွက်နေရာ(ယာယီ)ချထားပေးသည့်လက်မှတ် (မူရင်း)အား ပယ်ဖျက်၍ မိတ္တူမှန်လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃/မာန်ပြေ၊ မြေကွက်အမှတ်-၂၈၁/က၊ ဧရိယာ(၂၀'x၆၀')၊ မြေကွက်တည်နေရာအမှတ်(၂၈၁)၊ မာန်ပြေ(၇)လမ်း အရှေ့၊ ၃/မာန်ပြေရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်ခင်ညွန့်[၁၂/သကတ(နိုင်)၀၁၄၇၂၀]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဒေါ်ခင်ညွန့်[၁၂/သကတ(နိုင်)၀၁၄၇၂၀](မိခင်)၊ဦးအုံးသွင်(ဖခင်)တို့အသီးသီးကွယ်လွန်သဖြင့် တစ်ဦးတည်းသောသမီးဖြစ်သူ ဒေါ်ရင်ရင်သန်း[၁၂/သကတ(နိုင်)၀၃၁၇၅၆]မှ ကွယ်လွန်သူမိဘများ၏ တရားဝင်သမီးဖြစ်ကြောင်း၊ မိမိတစ်ဦးတည်းကိုသာမွေးဖွားခဲ့ပြီး၊ မည်သည့်ကိတ္တိမအမွေစား၊ အမွေခံသားသမီးတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ မိဘများကွယ်လွန်ပြီးနောက် အထက်ဖော်ပြပါမြေနှင့်အိမ်ကို မြန်မာ့ထုံးတမ်းဥပဒေနှင့်အညီ မိမိကသာဆက်ခံခွင့်ရှိပါကြောင်း ဒေါ်ရင်ရင်သန်းကိုယ်တိုင်ကျိန်ဆိုထားသည့် တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဒေါ်ခင်ညွန့်(မိခင်)၊ဦးအုံးသွင်(ဖခင်)တို့၏ သေဆုံးမှုလက်မှတ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူး လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**




## မုန့်ဖုတ်နည်းဆရာဖြစ်သင်တန်း အမှတ်စဉ်(၁) သင်တန်းလျှောက်လွှာခေါ်ယူခြင်း

၁။ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန (CTD)ရန်ကုန်၌ မုန့်ဖုတ်နည်းဆရာဖြစ် သင်တန်းအမှတ်စဉ်(၁)သင်တန်းကို ဖွင့်လှစ်သွားမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များနှင့်အတူ လျှောက်ထားနိုင်ပါသည်-

| | |
|---|---|
| သင်တန်းအမည် | မုန့်ဖုတ်နည်းဆရာဖြစ် သင်တန်းအမှတ်စဉ်(၁) |
| သင်တန်းကာလ | (၂၉-၁-၂၀၂၄)ရက်နေ့မှ (၂၆-၂-၂၀၂၄)ရက်နေ့အထိ |
| သင်တန်းဖွင့်လှစ်မည့်အချိန် | တနင်္လာနေ့မှသောကြာနေ့ (နံနက် ၉:၃၀ နာရီမှ ၄:၀၀ နာရီထိ) |
| သင်တန်းနေရာ | ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)၊ အမှတ်(၄၀/၄၂)၊ ဗိုလ်ဆွန်ပက်လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| လျှောက်လွှာလက်ခံမည့် နေ့ရက် | (၁၀-၁-၂၀၂၄)ရက်နေ့မှ (၁၇-၁-၂၀၂၄)ရက်နေ့အထိ |

၂။ လျှောက်ထားသူသည်
- (က) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရထားသူဖြစ်ရမည်။
- (ခ) မုန့်ဖုတ်လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။
- (ဂ) အသက်(၂၅)နှစ်ပြည့်ပြီး အသက်(၄၅)နှစ်ထက်မကြီးသောသူဖြစ်ရမည်။
- (ဃ) သင်တန်းကာလ တစ်လကို မပျက်မကွက်တက်ရောက်နိုင်သူဖြစ်ရမည်။
- (င) လက်ရှိသင်တန်းတက်နေသူ အလုပ်လုပ်နေသူမဖြစ်ရပါ။
- (စ) အလုပ်လုပ်နေသူဖြစ်ပါက သက်ဆိုင်ရာ မိမိဌာနအကြီးအကဲ ခွင့်ပြုချက်ရရှိထားကြောင်း တင်ပြနိုင်သူဖြစ်ရမည်။
- (ဆ) သင်တန်းမှချမှတ်သော သင်တန်းအချိန်၊ တာဝန်များနှင့် စည်းကမ်းများကို လိုက်နာဆောင်ရွက်နိုင်သူဖြစ်ရမည်။
- (ဇ) သင်တန်းဆင်းပြီးနှစ်လအတွင်း သင်တန်းတစ်ကြိမ်ပြန်လည်ပို့ချနိုင်သောသူဖြစ်ရပါမည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ပါအချက်အလက်များကို ပူးတွဲပေးပို့ရမည်-
- (က) ဘွဲ့လက်မှတ်မိတ္တူ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ
- (ဂ) Covid-19 ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံပြီးကြောင်း အထောက်အထား၊ အသည်းရောင်အသားဝါ (ဘီ/စီ) ပိုး ကင်းရှင်းကြောင်းဆေးလက်မှတ်ထောက်ခံစာမူရင်းမိတ္တူ
- (ဃ) နေထိုင်ကြောင်းရပ်ကွက်ထောက်ခံစာ
- (င) ကာလာလိုင်စင်ဓာတ်ပုံ(၃)ပုံ(နောက်ခံအဖြူ-(၂)လက်မပတ်လည်)

၄။ သင်တန်းလျှောက်လွှာများကို https://moht.qrd.by/applicationform တွင် Download ရယူ၍ tts.bakery4042@gmail.com သို့ပေးပို့၍သော်လည်းကောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)ရန်ကုန်၌ ရယူ လျှောက်ထားနိုင်ပါသည်။

၅။ အသေးစိတ်သိရှိရန်လိုပါက ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုဌာန(CTD)၊ ဖုန်း - ၀၁ ၈၃၇၇၅၅၉၊ ၀၁ ၈၂၅၁၈၅၅ သို့ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဗလငါးတန်**
**ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ**
**လေ့လာစို့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ တည်င်းကုန်းရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၇/၂၄) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ပျဉ်ထောင်အိမ်(၂)လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြင့်မြင့်စန်း [၁၂/အစန(နိုင်)၀၇၁၇၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဖြိုးသန္တာထွန်း [၁၂/အစန(နိုင်)၂၄၃၉၄၈]က ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသည့်မည်သူမဆို ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်မိုးမြတ်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၈၁/၁၄–၆–၁၈)**
**ရုံး– ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးအရှေ့**
**ရုံးပတ်လမ်း၊ (၃၇)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09-757641170**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းအမှတ်(၁၅၆)၊ မြေကွက်အမှတ်– ၇၈၆(ခ)၊ အလျား ၂၀ပေx အနံ ၆၀ပေ အကျယ်အဝန်းရှိ ဦးအုံးမြင့် အမည်ပေါက် ပါမစ်မြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၅၆)ရပ်ကွက်၊ မင်းရဲကျော်စွာ (၃)လမ်း၊ အမှတ်– ၇၈၆(ခ) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင် ရောင်းချပိုင်ခွင့်ရှိသူဟု မြွက်ဟဝန်ခံသူ ဒေါ်ယုဝေမြင့် [၁၂/ဥကမ(နိုင်) ၂၆၂၁၇၄]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတချို့တစ်ဝက်ကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက တရားဝင် ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**
**ဒေါ်ခိုင်ခိုင်ထွန်း(LL.B,DIPL)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၈၇၉၉)**
**အမှတ်(၂၇/၂၉)၊ဒုထပ်၊၃၅လမ်း၊ကျောက်တံတားမြို့နယ်၊ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၀၀၆၉၂၄၇၃**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ အမှတ်– ၁၁၂၊ Shwe Moe Kaung Condo ၏ Tower– F၊ အခန်း–501၊ 5 လွှာနှင့် ဧရိယာ– 2516 sq.ft ရှိသော ကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အား Great Master Construction Co.,Ltd မှ မိမိတို့ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြု၍ ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ဝင်းဝင်းစိုးအေး [၃/မဂတ(နိုင်)၀၁၆၈၆၉]၊ ဦးစိုးပိုင် [၃/မဂတ(နိုင်)၀၀၁၆၆၅]၊ ဒေါ်မြင့်မြင့်အေး [၃/မဂတ(နိုင်)၀၀၅၁၃၆]ကိုင်ဆောင်သူတို့မှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် ကနဦး ပေးသွင်းငွေကို ပေးသွင်းထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်သင်းသင်းထက်(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၁၈၈၅)**
**တိုက်(၁၀/၁၂)၊ အခန်း(၁၀၄/F)၊ ပထမထပ်၊ (၃၅)လမ်းတို၊**
**ကျောက်တံတားမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ် (၈၉၁)၊ ဦးပိုင်အမှတ် (၂၆+၂၇)၊ ရန်–မန်းကားလမ်းပေါ်၊ ၁၁၄ x၁၁၅ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ငွေငွေမြင့် [၉/မရမ(နိုင်)၀၄၂၄၉၉]က အမှုတွဲအမှတ် ၆၄၇၇/၂၀၂၃–၂၀၂၄ ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
## မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံးတော်
## ၂၀၂၃–ခုနှစ်၊ တရားမကြီးမှုအမှတ် – ၉

**ဦးတင်မောင်သန့်** ---------- **တရားလို**

**နှင့်**

**ဒေါ်နီလာစိုး** ---------- **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော် ရပ်ကွက်၊ မဟာသုခလမ်း၊ အမှတ် (၁၁၂)၊ (၃/၄)လွှာနေ ဒေါ်နီလာစိုး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"လင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၂၉)ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ် ဇန်နဝါရီလ (၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယင်းမာခိုင်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**မင်္ဂလာတောင်ညွန့်မြို့နယ်တရားရုံး**


ဂြိုဟ်နက္ခတ်များနှင့်
ကိန်းဂဏန်းများကပြောသော
မြန်မာ့နိုင်ငံရေး သမိုင်းမှတ်တိုင်များ

စာအုပ်ထွက်ပြီ

**ဆရာတိုး (စမ်းချောင်း)**
**ဖြန့်ချီရေး– ၀၉–၈၇၁၃၁၀၆၉၈**


## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အောင်ချမ်းသာတိုးချဲ့ကွက်သစ်၊ အေးသာယာ၊ ဗဟို(၁၉)လမ်း၊ မြေကွက်အမှတ်(L/၂၉၀)၊ မြေအကျယ်(၄၀x၆၀)ပေရှိ ဦးသန်းမြိုင် အမည်ဖြင့် ရရှိထားသော မြေကွက်အား မူလပိုင်ရှင် ဦးသန်းမြိုင် (SRM–၀၃၀၂၀၄)ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး နောက်ဆုံးပိုင်ရှင်ဖြစ်ကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဒေါ်အေးအေးမာထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြဝင်း [၁၂/သလန(နိုင်)၀၇၁၆၈၉] ကိုင်ဆောင်သူက (၃၀–၇–၂၀၁၃)ရက်နေ့တွင် လက်ရောက်ဝယ်ယူပိုင်ဆိုင်၍ ယနေ့အချိန်ထိ ခြံစည်းရိုးကာရံကာ လက်ရှိအကျိုးခံစားလျက်ရှိသော မြေကွက်ဖြစ်ပါသည်။ အဆိုပါ မြေကွက်အား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်း(မူရင်း) အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း– ၀၉–၅၁၈၅၁၆၇**

## "အများသိစေရန်ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ အေးသာယာရပ်ကွက်၊ မဥ္ဇူလမ်းနှင့် မဥ္ဇူ(၃၂) လမ်းထောင့်ရှိ မြေကွက်အမှတ်(အ–၉၀)၊ သန်လျင်မြို့၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီမှ ဒေါ်လှလှရီသို့ ချပေးထားသော မြေအကျယ် (၆၀x၁၀၃)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး နောက်ဆုံးပိုင်ရှင်ဖြစ်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းကတိပြု ပြောဆိုသူ ဦးမျိုးမင်းအောင်(ဘ)ဦးအောင်ငြိမ်း [၁၂/သလန(နိုင်)၀၈၉၆၀၃] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောအရောင်းအဝယ်ကတိစာချုပ်မူရင်း၊ စာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည် (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း–၀၉–၅၁၈၅၁၆၇**

## အများသိစေရန် ကြော်ငြာခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့ သာသနာ့ရိပ်သာရပ်ကွက်၊ မြေကွက်ကြီးအမှတ် (၁/န) တိုးချဲ့ မြေကွက်ငယ်အမှတ် (၁၁၉၆)၊ (၁၅)လမ်း၊ အလျား (၆၀)ပေ × အနံ (၄၀)ပေရှိ မြေကွက် (၁)ကွက်ကို အရပ်စာချုပ်အဆင့်ဆင့် ဖြင့် ဦးထွန်းထွန်းပြေ စာလက်ငုတ်အမည်ပေါက်ထံမှ ဦးသက်နိုင်အောင် ထံမှ ကျွန်မ ဒေါ်နီလာဦး(၁၂/လကန(နိုင်)၁၈၅၇၅၂)မှလက်ရောက် ဝယ်ယူပိုင် ဆိုင်ထားသည့်ခြံမြေကွက်ဖြစ်ပါသည်။

၂။ ၎င်းခြံမြေကွက်နှင့်ပတ်သက်၍ကျွန်မဒေါ်နီလာဦးမှမည်သူ တစ်ဦးတစ်ယောက်ကိုမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ မေတ္တာဖြင့် ပေးကမ်းခြင်း၊ GP/SP ပေးထားခြင်း လုံးဝ (လုံးဝ) မရှိပါ။

၃။ သို့ဖြစ်ပါ၍ ဤခြံမြေကွက်နှင့်ပတ်သက်၍အခြားပိုင်ရေး ဆိုင်ရေး ရှိသူများ ရှိပါက လည်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းနှင့်တကွ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

ဒေါ်နီလာဦး
၁၂/လကန(နိုင်)၁၈၅၇၅၂
၀၉ – ၇၅၀၀၆၅၃၆၀

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်မြေတိုင်းရပ်ကွက်အမှတ်(၂၁)၊ လူနေရပ်ကွက်အမှတ်(၆/၉)၊ မန္တလေးလမ်း၊ မြေကွက်အမှတ်– ၂၁၇/ခ၊ ဦးထွန်းသိန်း အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အကျယ်အဝန်း (၂၀ပေx ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော ရေမီးစုံပါ နှစ်ထပ် လူနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အမည်ပေါက်ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်ဖြင့်ဝယ်ယူပြီး ၎င်းမှသာ လက်ဝယ်ထားရှိ ပိုင်ဆိုင်၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးမျိုးပြည့်စုံ [၁၂/ထတပ(နိုင်)၁၁၂၅၇၁] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြဝင်း [၅/ဝလန(နိုင်)၀၆၀၅၅၃]မှ ဝယ်ယူရန်အတွက် ရောင်းကြေးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီး ဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) အထက်တန်းရှေ့နေ(စဉ်–၅၀၄၄၆)**
**အမှတ်(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၉၆၁၃၆၄၄၅၁၇**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## ရုံးအမှတ်(၄၄)၊ နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာ (၂၆)အတွက် ယှဉ်တွဲပါသတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများလျှောက်ထားနိုင်ပါသည်–

| စဉ် | ခန့်ထားမည့်ရာထူး | လစာနှုန်း | ပညာအရည်အချင်း | လစ်လပ် နေရာ |
|---|---|---|---|---|
| (က) | စာရင်းကိုင်(၂) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | B.Com/B.Act/ B.BA/B.Econ | ၂ |
| (ခ) | စက်မှုကျွမ်းကျင်(၂) | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | B.E(Mech) | ၂ |
| (ဂ) | ကွန်ပျူတာလုပ်ဆောင်ရေးမှူး | ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | B.C.Sc/B.C.Tech | ၃ |
| (ဃ) | ထုတ်လုပ်ရေးကျွမ်းကျင်(၄) | ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀ | ဘွဲ့ရ | ၁၂ |
| (င) | စက်မှုကျွမ်းကျင်(၄) | ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀ | ဘွဲ့ရ/AGTI/ EGTI/GTC | ၄ |
| (စ) | လျှပ်စစ်ကျွမ်းကျင်(၄) | ၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀ | ဘွဲ့ရ/AGTI/ EGTI/GTC | ၃ |

၂။ လျှောက်ထားသူများသည်–
- (က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) ၃၁–၁၂–၂၀၂၃ ရက်နေ့တွင် အသက်(၃၅)နှစ်ထက်မကျော်လွန်သူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၄၀)နှစ်ထက် မကြီးသူဖြစ်ရမည်။
- (ဂ) ကျန်းမာရေးကောင်းမွန်ပြီး ကိုယ်လက်အင်္ဂါပြည့်စုံသန်စွမ်းသူဖြစ်ရမည်။
- (ဃ) အမှတ်(၃)ဓာတ်မြေသြဇာစက်ရုံ(ကျော်စွာ) အောင်လံမြို့နယ်၊ မကွေးတိုင်းဒေသကြီး၊ အမှတ်(၄) ဓာတ်မြေသြဇာစက်ရုံ(မြောင်းတကာ)မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် အမှတ်(၅) ဓာတ်မြေသြဇာစက်ရုံ(ကန်ကြီးထောင့်)၊ ကန်ကြီးထောင့်မြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီးတို့တွင် တာဝန်ထမ်းဆောင်နိုင်သူများဖြစ်ရပါမည်။
- (င) စာပိုဒ်(၁)ပါ စဉ်(က)နှင့် (ဂ) ရာထူးများသည် လိုအပ်ပါက လုပ်ငန်း၊ ရုံးချုပ်၊ နေပြည်တော်တွင် တာဝန်ထမ်းဆောင်နိုင်သူများဖြစ်ရပါမည်။
- (စ) ရွေးချယ်ခန့်အပ်ခြင်းခံရပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းတွင် အနည်းဆုံး ၅ နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့်သာလျှောက်ထားရမည်ဖြစ်ပြီး လျှောက်လွှာပုံစံကို စွမ်းအင်ဝန်ကြီးဌာန၏ **Website** ဖြစ်သော **www.energy.gov.mm** မှ **Download** ရယူ၍ လျှောက်လွှာတွင် ပါရှိသည့်အချက်များကို ပြည့်စုံစွာဖြည့်စွက်ပြီး အောက်ဖော်ပြပါ အထောက်အထားများနှင့်အတူ ပူးတွဲတင်ပြလျှောက်ထားရမည်–
- (က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ
- (ခ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူမှန် (ဖြေဆိုခွင့် ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြရမည်။)
- (ဂ) အသက်အထောက်အထားစိစစ်ရန် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်မိတ္တူမှန် (မူရင်းတင်ပြရမည်။)
- (ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိ အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန/အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း (ဖြေဆိုခွင့်ကတ်ပြားထုတ်ယူချိန်တွင် မူရင်းတင်ပြရမည်။)
- (င) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ် ကာလာဓာတ်ပုံ (၃)ပုံ။ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ်ရေးသား ဖော်ပြရမည်။)
- (စ) လျှောက်လွှာပိတ်ရက် မတိုင်မီ (၁) လအတွင်း ထုတ်ပေးထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း၏ ထောက်ခံချက်မူရင်း။

၄။ လျှောက်လွှာများကို မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်သို့ ၉–၂–၂၀၂၄ ရက်နေ့ (လျှောက်လွှာပိတ်ရက်) ရုံးချိန်အရောက် နောက်ဆုံးထား၍ ပေးပို့ရပါမည်။ သတ်မှတ်ထားသည့် စာရွက်စာတမ်းများမပြည့်စုံလျှင်သော်လည်းကောင်း၊ သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလျှင်သော်လည်းကောင်း လျှောက်လွှာများကို **(လုံးဝ)**လက်ခံစဉ်းစားမည် မဟုတ်ပါ။

၅။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲကို ၁၇–၂–၂၀၂၄ ရက်နေ့တွင် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ၉:၀၀နာရီ မှ ၁၂:၀၀ နာရီထိ ဖြေဆိုရမည်ဖြစ်ပြီး ယင်းနေ့ နေ့လယ် ၁:၀၀ နာရီချိန်တွင် လူတွေ့စစ်ဆေးခြင်းကို ပြုလုပ်မည်ဖြစ်ပါသည်။

၆။ သတ်မှတ်ထားသည့်အချက်များနှင့်ပြည့်စုံသော ဖြေဆိုခွင့်ရရှိသူများ၏ အမည်စာရင်းအား ဖော်ပြပါ Website >> တွင် ကြိုတင်ကြေညာ ပေးသွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအတွက် ဖြေဆိုခွင့်ကတ်များအား ၁၆–၂–၂၀၂၄ ရက်နေ့တွင် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း ရုံးအမှတ်(၄၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ဖုန်းနံပါတ် ၀၆၇–၃၄၁၁၁၂၂ နှင့် ၀၆၇–၃၄၁၁၁၇၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**စွမ်းအင်ဝန်ကြီးဌာန**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်သူဝင်း [၁၂/သခန(နိုင်)၁၂၁၅၅၃] နိုင်ငံကူးလက်မှတ်စာအုပ် (MF 121005) နှင့် OWIC Card ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

**Ph: 09–668773040**
**09–775330355**


ဥတုရာသီ
တောကို
မှီ၏


## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မုန့်(တောင်)ရပ်ကွက်၊ ကျွန်းတောလမ်း၊ တိုက်အမှတ် (၁၁၃)၊ အခန်း(၆–လွှာ/ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၂ ပေခွဲx ၅၀ ပေ)ရှိ လူနေတိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ဝင်းကြည် [၇/ကပက(နိုင်)၀၁၀၀၃၄]က မိမိတစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ကြောင်း၊ စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ပိုင်ဆိုင်မှုအရှုပ်အရှင်းပြဿနာ ကင်းရှင်းပါကြောင်း မြွက်ဟဝန်ခံလျက် လွှဲပြောင်းရောင်းချလိုကြောင်း အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်တင်တင်ယု**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်–၁၃၃၁၈/၂၀၁၇)**
**အမှတ်–၁၄၊ ထင်းရှူးမြိုင်လမ်း၊ ၉–ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၀၀၃၉၀၂၈**

# “အများပြည်သူထံသို့ အသိပေးကြေညာခြင်း”

ရွှေတောင်လုပ်ငန်းစု၏ အမည်နာမ၊ အမည်အမှတ်အသား၊ အမှတ်တံဆိပ်ကိုအသုံးချ၍ ရွှေတောင်လုပ်ငန်းစုမှ လုပ်ကိုင်ဆောင်ရွက်ခြင်းမရှိသည့် အွန်လိုင်းငွေကြေးထည့်ဝင်ရန် ဖိတ်ခေါ်ခြင်း၊ အွန်လိုင်း/ဒစ်ဂျစ်တယ်ဈေးကွက် ရောင်းဝယ်ဖောက်ကားခြင်း လုပ်ငန်းများတွင် ပါဝင်လုပ်ကိုင်ရန် အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်၊ ဆောင်ရွက်နေကြောင်း ကြားသိရပါ၍ အများပြည်သူများအနေဖြင့် သတိပြုကြပါရန် အသိပေးကြေညာအပ်ပါသည်။

**အုပ်ချုပ်ရေးအဖွဲ့**
**ရွှေတောင်လုပ်ငန်းစု**

## ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ ဇီးကုန်းမြို့နယ် (အ.ထ.က) မြို့မကျောင်း GRADE-8 မှ မောင်မြင့်မြတ်မောင်၏ ဖခင်အမည်မှန်မှာ ဦးမောင်ဥသာထွန်း [၇/ဇကန(နိုင်)၀၃၄၁၂၀] ဖြစ်ပါသည်။

## ဖခင်အမည်မှန်

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မလင်းပွင့်ပိုင် [၁၂/ဒဂဆ(နိုင်)၀၄၃၃၆၂]၏ သန်းခေါင်စာရင်းအရ ဖခင်အမည်မှန်မှာ ဦးကျော်မင်းထွေး [၇/ပခန(နိုင်) ၃၄၄၄၅၇] ဖြစ်ပါသည်။

## ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅)၊ ၃၀လမ်း၊ မြေကွက်အမှတ်(၄၇/က) ဟုခေါ်တွင်သော (၂၀ × ၆၀)ပေ၊ (၀.၀၂၇၅)ဧကရှိ မြေကွက် အပိုင်ဝယ်ယူခြင်းအား ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဖော်ပြပါ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို စာချုပ်အဆက်အစပ်ဖြင့်ပိုင်ဆိုင်သူ ဦးမျိုးခိုင် (၁၂/ဗဟန(နိုင်)၀၇၇၂၃၆)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ချိုချိုအောင် (၁၀/မလမ(နိုင်)၁၉၆၇၉၉)က အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းနှင့်တကွ ကျွန်ုပ်တို့ထံသို့ ကန့်ကွက်နိုင်သည်။ ၎င်းနေ့ရက်ကို ကျော်လွန်ပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်ချိုချိုအောင် ၏ လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးမြတ်မင်းသိန်း** (LL.B) **ဒေါ်သက်သက်ဆွေ** (LL.B)
DL.101(IP),WIPO(Switzerland) DL.101(IP),WIPO(Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၇၀၃) အထက်တန်းရှေ့နေ(စဉ်-၄၆၀၅၄)
အမှတ်(၁၁၄၈)၊ယုဿဝတီ(၁၇)လမ်း၊(၁၃)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်။
Phone - 09-968245587, 09-448031054 , 09-764428101.

## အသိပေးအကြောင်းကြားခြင်း

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ည)၊ မြေကွက် အမှတ်(၄၂၂)၊ အကျယ်အဝန်း (ပေ ၄၀x ပေ ၆၀)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀) စတုရန်းပေရှိ ဒေါ်မာလာအောင် အမည်ပေါက် (TRGN- ၀၀၇၁၆၈) နှစ်(၆၀)မြေငှားဂရန်မြေနှင့် မြေပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူလက်ရောက် ပိုင်ဆိုင်လက်ဝယ်ထားရှိသူ ကျွန်ုပ်၏မိတ်ဆွေက မြို့ပြမြေယာဌာနတွင် အရောင်းမြေပုံမြေရာဇဝင်ထုတ်ယူခြင်း၊ ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်းတို့ ဆောင်ရွက်လိုပါသဖြင့် ဤကြေညာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ မြေအမည်ပေါက်မှ ဆက်သွယ်ပြီး လာရောက်ဆောင်ရွက်ပေးပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သဇင်အေး LL.B, D.B.L, D.I.L, D.I.R**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၃၃၂)**
**အမှတ်(၁၅၉၅)၊ ဖိုးရာဇာ(၃)လမ်း၊ ၄၃-ရပ်ကွက်၊ မြောက်ဒဂုံ။ ဖုန်း- ၀၉-၄၅၁၃၇၈၀၀၇**

## ပြင်ဆင်ဖတ်ရှုပေးပါရန်

(၂၅-၁၂-၂၀၂၃)ရက်စွဲပါ ကြေးမုံသတင်းစာ၊ စာမျက်နှာ(၂၈)၌ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံး၊ ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀၆ ၌ ငြင်းချက်ထုတ်ရန် ဆင့်စာတွင်ပါရှိသော စာများအနက် “သင်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်”အစား “သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်”ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး ၊ ဒဂုံမြို့ သစ်(မြောက်ပိုင်း)မြို့နယ်၊ ၄၇-ရပ်ကွက်၊ ရသာရုံလမ်း၊ မြေကွက်အမှတ် (၇၁၀/ခ)၊ မြေဧရိယာ (၂၀x၆၀)ပေ အကျယ်အဝန်းရှိ မြေငှားဂရန်မြေမူရင်း ဒေါ်ခိုင်မင်းအေး [၁၂/မရက(နိုင်)၁၂၁၉၇၃] အမည်ပေါက်အိမ်ခြံမြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အား လက်ရှိတရားဝင် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်မွန်မွန်သူ [၁၂/ရကန(နိုင်)၀၀၂၉၅၀]ဆိုသူထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးရဲရင့်အောင် [၁၂/ဥကတ(နိုင်)၁၈၇၇၈၆]မှ တရားဝင်ဝယ်ယူ ပိုင်ဆိုင်နိုင်ရန် အိမ်ခြံမြေတန်ဖိုး၏တချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။သို့ဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်ပြီး ပိုင်ဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုစာမှတ်စာတမ်း အထောက်အထား(မူရင်း) အပြည့်အစုံနှင့်အတူ ဤကြေညာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးရဲရင့်အောင်၏ လွှဲအပ်ချက်အရ-**
**ဦးဝင်းမင်းဗိုလ် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၈၅၉)**
**အမှတ်-(၁၅၈/ခ)၊ ပေ-၂၀လမ်း၊ အတွင်းပဒံကျေးရွာ၊**
**လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၂၅၈၁၁၁၇၁၃၊ ၀၉-၆၈၉၆၈၈၈၈၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၉/B)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၂၉၃) ဟုခေါ်တွင်သော (အလျား ၄၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိဦးအောင်သိန်း (BR-၀၁၅၂၈၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်၏ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၂၉၂)၊ နှင့် ကပ်လျက်ဘက်ခြမ်း၊ (အလျား ၂၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားပြီး၊ SP-၂၀၇၀၀/၂၆-၉-၂၀၂၃ ရရှိထားသူ ဦးသန့်ဇင်ဝင်း(ခ)ဦးရဲအောင်သူ [၁၂/တမန(နိုင်)၁၀၉၁၉၃]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့် ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph: 09-954280932** | **LL.B, D.B.L, D.I.L, D.M.L,** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **WIPO(Switzerland)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09-420080932,09-983837110** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်(အရှေ့ပိုင်း)မြို့ နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂၅)၊ မြခေမာလမ်း၊ မြေကွက်အမှတ် (၃၉/က)၊ (အလျား ၂၀ပေx အနံ ၆၀ပေ)အကျယ်အဝန်းရှိ မအေးသီတာခိုင် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ချိုသဲမာ [၁၂/ဥကတ(နိုင်)၁၃၄၉၆၅]မှ အရပ်အရောင်းအဝယ် ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး အဆိုပါမြေကွက်၏ ခြေရင်းဘက်ခြမ်း (အလျား ၁၀ပေx အနံ ၆၀ပေ) အကျယ်အဝန်းရှိ ပါမစ်မိတ္တူခြမ်းအား ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် အဆိုပါမြေကွက်၏ ပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုသဲမာ သိရှိခြင်းမရှိဘဲ ပါမစ်မူရင်းအား လက်ဝယ်ထားရှိခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တခြားနည်းတစ်ခုခုဖြင့် လွှဲပြောင်းခြင်းများပြုလုပ်ပါက ဖြစ်ပေါ်လာသော ပြဿနာအဝဝအား ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်ချိုသဲမာမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၇၄၇)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၂၄)** |
| **Ph-09-954280932** | **LL.B,D.B.L,D.I.L,D.M.L,WIPO(Switzerland),** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **Ph: 09-420080932, 09-983837110** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | |

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ညောင်ပင်ကိုင်းကျေးရွာနေ(ဦးကျော်ဇင်ဦး)နှင့် ဒေါ်ဋ္ဌေးဋ္ဌေးဝင်း[၇/ရတရ(နိုင်)၁၀၂၄၄၉]တို့၏သားဖြစ်သူ မောင်မင်းခန့်ကျော်[၇/ရတရ(နိုင်)၂၀၄၁၆၉]သည် မိဘ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိသားစုအား ဂုဏ်သိက္ခာကျဆင်းအောင် ပြုမူဆောင်ရွက်ခြင်းများပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ နောက်နောင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**မိခင်-ဒေါ်ဋ္ဌေးဋ္ဌေးဝင်း**
**[၇/ရတရ(နိုင်)၁၀၂၄၄၉]**
**ညောင်ပင်ကိုင်းကျေးရွာ၊ ရေတာရှည်မြို့။**

## ဒေါပုံမြို့နယ်၊ လမုတန်းရပ်ကွက်၊ ရာဇသင်္ကြန်လမ်း၊ တိုက်အမှတ်- ၉၁/အေ၊ တတိယထပ်၊ အကျယ်အဝန်း- ၁၁ပေခွဲx ၄၇ ပေရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

အထက်ပါ တိုက်ခန်းအား **ဒေါ်အိဖြူဖွေး [၁၂/ဒပန(နိုင်)၀၄၇၃၇၇]**မှ အမွေဆက်ခံပိုင်ဆိုင်၍ လက်ရောက်ရရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပါသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးခင်မောင်ချို LL.B, D.B.L** | **ဒေါ်သီတာအောင် LL.B** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၄၄)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၀၀)** |

**ဖုန်း-၀၉-၄၄၃၀၇၁၉၈၅ ၀၉-၆၈၅၆၈၇၆၈၀**
**အမှတ်-၆၆၊ သီရိလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## သဃ်န်းကျွန်းခရိုင်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၇၁

| | | |
|---|---|---|
| ဒေါ်နီလာဝင်း | နှင့် | ဦးမြသိန်း |
| **(တရားလို)** | | **(တရားပြိုင်)** |

**ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ မအူကုန်းလမ်းကျယ်လမ်း၊ အမှတ်- ၄၅ နေ တရားပြိုင် ဦးမြသိန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။**

သင့်အပေါ်၌ တရားလိုက “အိမ်ခန်းအပျောက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်အရ ဝယ်ယူထားသောတိုက်ခန်း (သို့မဟုတ်)ပေးချေထားသောတိုက်ခန်းဖိုးငွေ ကျပ် -၁၁၀၀,၀၀၀,၀၀၀/ (ကျပ်သိန်းတစ်သောင်းတစ်ထောင်တိတိ)နှင့် နစ်နာကြေးငွေ ကျပ်သိန်း- ၃၀၀,၀၀၀,၀၀၀/ (ကျပ်သိန်းသုံးထောင်တိတိ) စုစုပေါင်းငွေကျပ်-၁၄၀၀,၀၀၀,၀၀၀/ (ကျပ်သိန်းတစ်သောင်းလေးထောင်တိတိ)ရလိုမှု”ကို လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေပါစေ၍ဖြစ်စေ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၃၀)ရက် (၁၃၈၅ ခုနှစ်၊ ပြာသိုလဆုတ် ၅ ရက်) မွန်းမတည့်မီ နံနက် (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၉)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးကြည်မောင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**သဃ်န်းကျွန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၅)လမ်း၊ တိုက်အမှတ်(ခ/၂၂၇)၊ (၂)ခန်းတွဲ (၃ ၁/၂)ထပ် (ဒုတိယထပ်/ခေါင်းရင်းခန်း)၊ တိုက်ဘက်မျက်နှာမူလျှင် (ဘယ်ဘက်ခြမ်း)၊ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ တွယ်ကပ်ပစ္စည်းများအပါအဝင် ပိုင်ဆိုင်မှုအထောက်အထား စာချုပ်စာတမ်းမိတ္တူ/ မူရင်း အဆက်စပ်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသော တရားဝင် ပိုင်ဆိုင်သူပိုင်ရှင်များဖြစ်ကြသော ဦးကျော်သက်နိုင် [၁၄/မအပ(နိုင်)၂၂၇၀၅၃] နှင့် ဒေါ်နှင်းလဝန်း [၈/မဘန(နိုင်)၁၁၁၈၁၆] တို့ထံမှ ဦးရဲသွေးနီ [၈/ပခက(နိုင်)၂၈၂၂၃၁]က (၃-၁၂-၂၀၂၃) ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း၏ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်း၊ စာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲသွေးနီ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန် (၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉-၅၁၈၁၈၂၀**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်းမကြီး၊ တိုက်အမှတ်(၁၄၄)၊ (၁)ခန်းတွဲ Hall (၈/၇)ထပ်တိုက် အဆောက်အဦမှ ၆-လွှာတိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါတိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်သော ဦးသိန်းထွန်း [၁၂/ဥကမ(နိုင်)၀၂၅၂၅၂ ]၊ (၁၃-၁၀- ၂၀၂၀ နေ့-ကွယ်လွန် )+ ဒေါ်ညိုညိုဝင်း [၁၂/လမန(နိုင်)၀၃၅၇၅၂]တို့ထံမှ ဒေါ်လှချိုဝင်း [၃/လဘန(နိုင်)၀၈၂၆၇၀]နှင့် ဒေါ်မျိုးစုမွန် [၁၁/သတန(နိုင်)၀၆၆၂၇၈]တို့က အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ-ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်လှချိုဝင်းနှင့်ဒေါ်မျိုးစုမွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉-၅၁၈၁၈၂၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း/တောင်ရပ်ကွက်၊ ဗားကရာလမ်း၊ အမှတ်(၂၅၁)၊ (၅-လွှာ) (ဝဲဘက်ခြမ်း)၊ အကျယ်အဝန်း (၂၀ပေx ၈၀ပေ)ခန့်ရှိ ရေ၊ မီးအစုံအလင်ပါဝင်သော တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်၍ လက်ဝယ်ထားရှိအကျိုးခံစားလျက် ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်စွဲခမ်းနွယ် [၁/ပတအ(နိုင်)၀၂၆၆၄၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိုပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခင်မာဆွေ LL.M**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၈၉၈)**
**တိုက်အမှတ်-၉/၁၁၊ ပထမထပ်၊ အခန်းအမှတ်(၁၀၃ A+B)၊ ၃၆-လမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၀၃၈၉၇၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/တောင်ရပ်ကွက်၊ ကျွန်းတောလမ်း၊ အမှတ်(၁၂)ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ၊ (၈)ထပ်တိုက်၏ ပဉ္စမထပ် ၆-လွှာ(ခြေရင်းခန်း)၊ အကျယ်အဝန်း (၁၆x၆၅)ပေရှိ တိုက်ခန်းတစ်ခန်းနှင့် ရေ၊ မီး၊ အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူရန်လက်ရှိ တရားဝင်ပိုင်ရှင်ဖြစ်သူ ဦးအုန်းခိုင်ရွှေ [၂/လကန(နိုင်)၀၄၉၂၀၀]အား ကျွန်ုပ်တို့၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားစာချုပ်စာတမ်း (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။

ကန့်ကွက်မည့်သူမရှိပါက အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်အေးမြင့်ရီ** | **ဒေါ်အိဖြိုးဇင်** | **ဦးသိန်းညွှန့်** |
| **BSc,DA,HGP,R.L,DBL,DML,DIL** | **LL.B,D.B.L, (စဉ်-၁၅၉၇၅)** | **BA,HGP,R.L,DBL,DML,DIL** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)** | **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)** |
| **ဖုန်း- ၀၉-၇၉၈၈၂၇၅၉၀** | **ဖုန်း-၀၉-၇၉၀၁၂၃၄၈၀** | **ဖုန်း-၀၉-၅၀၅၃၁၀၇** |

**အမှတ်- ၁၄၂၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝရပ်ကွက်၊ သဃ်ာန်းကျွန်းကြီးရပ်ကွက်၊ ပေါက်ကုန်းရပ်ကွက်များရှိ လယ်မြေများနှင့်ပတ်သက်၍ အများသိစေရန်ကြေညာခြင်း

- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်း၊ ဦးပိုင်အမှတ်-၁၉၊ ကွင်းအမှတ်နှင့် အမည် - ၄၀၇ A ခ/စမ်းကြီးဝကွင်းရှိ ဦးမြတ်နွယ်ဦး အမည်ပေါက် လယ်မြေ ( ၉ )ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်း၊ ဦးပိုင်အမှတ်-၂၉၊ ကွင်းအမှတ်နှင့် အမည် - ၄၀၇ A ခ/စမ်းကြီးဝကွင်းရှိ ဒေါ်ပုရွှေ အမည်ပေါက် လယ်မြေ ( ၅ ) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်း၊ ဦးပိုင်အမှတ်-၃၃၊ ကွင်းအမှတ်နှင့် အမည် - ၄၀၇ A ခ/စမ်းကြီးဝကွင်းရှိ ဒေါ်လှမြင့်အမည်ပေါက် လယ်မြေ ( ၄.၄၈ ) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်း၊ ဦးပိုင်အမှတ်-၃၈၊ ကွင်းအမှတ်နှင့် အမည် - ၄၀၇ A ခ/စမ်းကြီးဝကွင်းရှိ ဦးတင်အေး အမည်ပေါက် လယ်မြေ ( ၈ ) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်း၊ ဦးပိုင်အမှတ်-၆၉၊ ကွင်းအမှတ်နှင့် အမည် - ၄၀၇ A ခ/စမ်းကြီးဝကွင်းရှိ ဦးဝင်းလှိုင် အမည်ပေါက် လယ်မြေ ( ၀.၃၃ ) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝ၊ ဦးပိုင်အမှတ်-၁၊ ကွင်းအမှတ်နှင့် အမည် - ၄၀၇ C/စမ်းကြီးဝကွင်းရှိ ဦးကျော်ငွေ အမည်ပေါက် လယ်မြေ ( ၇.၈၃ ) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝ၊ ဦးပိုင်အမှတ်-၃၊ ကွင်းအမှတ်နှင့် အမည် - ၄၀၇ C/စမ်းကြီးဝကွင်းရှိ ဦးစိန်သောင်း အမည်ပေါက် လယ်မြေ ( ၇.၁၃ ) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝ၊ ဦးပိုင်အမှတ်-၅၊ ကွင်းအမှတ်နှင့် အမည် - ၄၀၇ C/စမ်းကြီးဝကွင်းရှိ ဒေါ်လဲ့လဲ့ဝင်း အမည်ပေါက် လယ်မြေ ( ၁.၅၄ ) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝ၊ ဦးပိုင်အမှတ်-၁၀၊ ကွင်းအမှတ်နှင့် အမည် - ၄၀၇ C/စမ်းကြီးဝကွင်းရှိ ဒေါ်ရွှေကျင်အမည်ပေါက် လယ်မြေ ( ၅.၈၅)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ စမ်းကြီးဝ၊ ဦးပိုင်အမှတ်-၉၊ ကွင်းအမှတ်နှင့် အမည် -၄၀၈ A/စမ်းကြီးဝကွင်းရှိ ဦးမြင့်ဆွေအမည်ပေါက် လယ်မြေ ( ၃.၅၅)ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီး၊ ဦးပိုင်အမှတ်-၁၉၊ ကွင်းအမှတ်နှင့် အမည် - ၅၃၄ A/သဃ်ာန်းကျွန်းကြီးကွင်းရှိ ဒေါ်ငြိမ်း အမည်ပေါက် လယ်မြေ ( ၁.၃၀ ) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီး၊ ဦးပိုင်အမှတ်-၂၅၊ ကွင်းအမှတ်နှင့် အမည် - ၅၃၄ A ရှိ ဒေါ်လှကြည် (ဘ) ဦးထွန်းမောင်အမည်ပေါက် လယ်မြေ ( ၈.၁၉ ) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီး၊ ဦးပိုင်အမှတ်-၂၆၊ ကွင်းအမှတ်နှင့် အမည် - ၅၃၄ A ရှိ ဒေါ်အေးမျှင် အမည်ပေါက် လယ်မြေ ( ၈.၁၀ ) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီး၊ ဦးပိုင်အမှတ်-၂၇၊ ကွင်းအမှတ်နှင့် အမည် - ၅၃၄ A ရှိ ဒေါ်လှကြည် (ဘ) ဦးထွန်းမောင် အမည်ပေါက် လယ်မြေ ( ၃.၈၄ ) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီး၊ ဦးပိုင်အမှတ်-၃၀၊ ကွင်းအမှတ်နှင့် အမည် - ၅၃၄ A ရှိ ဦးမောင်လှ နှင့် ဦးငွေမြင့်အမည်ပေါက် လယ်မြေ ( ၃.၇၃ ) ကေ။
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီး၊ ဦးပိုင်အမှတ်-၃၇၊ ကွင်းအမှတ်နှင့် အမည် - ၅၃၄ A ရှိ ဒေါ်ခင်တင့်ပါ (၄) ဦးအမည်ပေါက် လယ် (၈.၁၅) ကေ နှင့်
- ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်ာန်းကျွန်းကြီး၊ ဦးပိုင်အမှတ်-၃၈၊ ကွင်းအမှတ်နှင့် အမည် - ၅၃၄ A ရှိ ဦးညီညီထွန်း အမည်ပေါက် လယ်မြေ ( ၃.၄၄ ) ကေ၊

စုစုပေါင်းလယ်မြေ (၈၉.၃၆)ကေတို့သည် ကာကွယ်ရေးဝန်ကြီးဌာနက ပြန်လည်စွန့်လွှတ်ပေးသည့် လယ်မြေများဖြစ်ပြီး၊ နိုင်ငံတော်အစိုးရက မူလသိမ်းဆည်းခံလယ်သမားများထံသို့ ၂၀၁၅/၂၀၁၆ တွင် လယ်လုပ်ခွင့်ပုံစံ (၃)နှင့်တကွ တရားဝင်ပြန်လည်ပေးအပ်ထားသည့် လယ်မြေများဖြစ်ပါသည်။

အထက်ဖော်ပြပါ ပုံစံ(၃)အမည်ပေါက် သိမ်းဆည်းခံတောင်သူလယ်သမား (၁၇)ဦးအနေဖြင့်လည်း အဆိုပါ လယ်မြေစုစုပေါင်း (၈၉.၃၆) ကေပေါ်တွင် ယနေ့တိုင် လယ်ယာစိုက်ပျိုးလုပ်ကိုင်လျက်ရှိနေကြပါသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရ ပြန်လည်ပေးအပ်၍ တရားဝင်လက်ဝယ်ထားရှိကာ လက်ရှိစပါးစိုက်ပျိုးလုပ်ကိုင်လျက်ရှိသော တောင်သူလယ်သမား(၁၇)ဦးအမည်ပေါက် လယ်မြေ(၈၉.၃၆)ကေနှင့် ပတ်သက်၍ မူလပိုင်ရှင်လယ်သမားများ၏ သဘောတူခွင့်ပြုချက်မရရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ အခြားသူတစ်ပါးထံသို့ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ စွန့်လွှတ်လှူဒါန်းပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| ၁။ ဦးမြတ်နွယ်ဦး[၁၂/မဂဒ(နိုင်)၀၇၁၆၅၆] | ၁၀။ ဦးမြင့်ဆွေ[၁၂/မဂဒ(နိုင်)၀၅၄၁၄၉] |
| ၂။ ဒေါ်ပုရွှေ[၁၂/မဂဒ(နိုင်)၀၇၀၈၈၀] | ၁၁။ ဒေါ်ငြိမ်း[၁၂/မဂဒ(နိုင်)၀၆၂၇၇၇] |
| ၃။ ဒေါ်လှမြင့်[၁၃/လလန(နိုင်)၀၃၈၇၃၅] | ၁၂။ ဒေါ်လှကြည်[၁၂/မဂဒ(နိုင်)၀၆၅၄၂၂] |
| ၄။ ဦးတင်အေး[၁၂/မဂဒ(နိုင်)၀၇၄၂၇၄] | ၁၃။ ဒေါ်အေးမျှင်[၁၂/မဂဒ(နိုင်)၀၆၀၀၈၆] |
| ၅။ ဦးဝင်းလှိုင်[၁၂/မဂဒ(နိုင်)၀၃၄၀၃၅] | ၁၄။ ဒေါ်လှကြည်[၁၂/မဂဒ(နိုင်)၀၆၅၄၂၂] |
| ၆။ ဦးကျော်ငွေ[၁၂/မဂဒ(နိုင်)၁၇၄၃၃၂] | ၁၅။ ဦးမောင်လှ[၁၂/မဂဒ(နိုင်)၀၆၀၆၂၉] |
| ၇။ ဦးစိန်သောင်း[၁၂/လကန(နိုင်)၁၁၅၅၄၆] | ၁၆။ ဒေါ်ခင်တင့်[၁၂/မဂဒ(နိုင်)၀၅၉၆၆၁] |
| ၈။ ဒေါ်လဲ့လဲ့ဝင်း[၁၂/မဂဒ(နိုင်)၁၁၇၀၄၉] | ၁၇။ ဦးညီညီထွန်း[၁၂/မဂဒ(နိုင်)၁၂၆၁၈၇] |
| ၉။ ဒေါ်ရွှေကျင်[၁၂/မဂဒ(နိုင်)၀၅၃၁၀၄] | |

**ၚင်းနှင့် ၎င်းတို့၏ လွှဲပြောင်းဆက်ခံသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်ကျော်မျိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၂၇၉၃(၂၉-၆-၂၀၁၇)**
**အမှတ်(၇၆)၊ တောတိုက်ဓမ္မရိပ်သာလမ်း၊**
**တောတိုက်ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ Ph:09-262263099**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၅၆၊ မြေကွက်အမှတ်-၄၄၈/ခ၊ မြေကွက်တည်နေရာအမှတ်-၄၄၈/ခ၊ ဆုပြည့်ရတနာ(၂)လမ်း၊ ၅၆ ရပ်ကွက်၊ ဒဂုံတောင်၊ ဦးစောမြင့်(AD-011644) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား ဂရန်အမည်ပေါက် ဦးစောမြင့် (ဖခင်)ဖြစ်သူသည် (၂၂-၁၂-၂၀၁၇)ရက်နေ့တွင်လည်းကောင်း၊ မိခင်ဖြစ်သူ ဒေါ်အေးသန်းသည် (၁၅-၁-၂၀၁၉)ရက်နေ့တွင်လည်းကောင်း အသီးသီးကွယ်လွန်ခဲ့ကြပြီး ၎င်းတို့၏ သမီး(၃)ဦးဖြစ်သူ (၁)ဒေါ်တင်တင်မာ[၁၂/သဃက (နိုင်) ၁၄၁၈၉၂]၊(၂)ဒေါ်သန်းသန်းဦး [၁၂/သဃက(နိုင်)၁၁၃၉၀၃]၊ (၃)ဒေါ်ဥမ္မာဦး[၁၂/သဃက(နိုင်)၁၁၃၅၉၅]တို့မှ တရားဝင် အမွေဆက်ခံခွင့်ရှိသူသမီးများဖြစ်ကြောင်း၊ အခြားကိတ္တိမသားသမီးလည်း မွေးစားထားခြင်းမရှိပါကြောင်း၊ အထက်ပါမြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျန်ရစ်သူသမီး(၃)ဦးဖြစ်သူ မိမိတို့ကသာလျှင် အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ မိမိတို့(၃)ဦးမှလွဲ၍ အခြားမည်သူ တစ်ဦးတစ်ယောက်မျှမရှိပါကြောင်း ကျ မ်းကျိန်လွှာ အမှတ်-၉၉၁/ ၂၀၂၃ (၇-၈-၂၀၂၃)၊ အသိသက်သေနှစ်ဦး၏ ထောက်ခံကျမ်းကျိန်လွှာနှစ်စောင်၊ မိခင် ဖခင် သေစာရင်း၊ အိမ်ထောင်စုစာရင်း၊ နှစ်(၆၀) မြေငှားစာချုပ်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား မြေပြင်ကွင်းဆင်းစစ်ဆေးရာ (၁)ထပ်အုတ်ညှပ်(၁)လုံးရှိပြီး ကိုယ်တိုင်နေထိုင်ပြီး ဒေါ်တင်တင်မာ၊ ဒေါ်သန်းသန်းဦး၊ ဒေါ်ဥမ္မာဦးတို့မှ ကွင်းဆင်းသိရှိကြောင်း လက်မှတ်ရေးထိုးပေးပါသဖြင့် ဒေါ်တင်တင်မာ+၂ တို့၏ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားခြင်းအား တရားဝင် ခိုင်လုံသော အထောက် အထား များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

**ဓမ္မရောင်ခြည်....ဆရာစိန်(sssssss...)**

(လောက, “ဒုက္ခခပ်သိမ်း” ၊ ကင်းရာ ငြိမ်းအေးချမ်းသာ နည်းပညာရှင်)၊

စိတ်ပါဝင်စားသူများဆက်သွယ်ပါ.... “လက်တွေ့” ချမ်းသာလိုလျှင်...

**Call,09-444621800(11 am to 4 pm)**

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူရောင်းချခြင်း

၁။ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့်ပြန်ကြားရေးဌာန၊ သတင်းစာဌာနခွဲ၊ မန္တလေးနေ့စဉ်သတင်းစာတိုက်မှ ထွက်ရှိလာသော လုပ်ငန်းသုံးဘေးထွက်ပစ္စည်း သတင်းစာစက္ကူ (ရိုက်ပျက်/ဖြူပျက်) (၅.၅၈၀)တန်ကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်ဈေးနှုန်းလေလံခေါ်ယူ ရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | ရောင်းချမည့်ပစ္စည်း အမျိုးအစားများ | - Finland နိုင်ငံထုတ် News Print paper 48.8 gsm အမျိုးအစား |
| | (၁) ရိုက်ပျက် | - (၄.၈၀၅) တန် |
| | (၂) စက်မတင်မီပျက် (ဖြူပျက်) | - (၀.၇၇၅) တန် |
| (ခ) | တင်ဒါပုံစံရောင်းချမည့်နေ့ရက် | - ၁၅ - ၁-၂၀၂၄ ရက် |
| (ဂ) | တင်ဒါပုံစံရောင်းချမည့်နေရာနှင့်တင်ဒါတင်သွင်းရမည့်နေရာ | - မန္တလေးနေ့စဉ်သတင်းစာတိုက် ၃၅ လမ်းနှင့် ၃၆ လမ်းကြား၊ လမ်း ၇၀ နှင့် ၇၁ လမ်းကြား |
| (ဃ) | တင်ဒါနောက်ဆုံးတင်သွင်းရန် နေ့ရက်နှင့်အချိန် | - ၂၆- ၁ - ၂၀၂၄ ရက် (၁၆:၃၀)နာရီ |
| (င) | တင်ဒါရွေးချယ်မည့် နေ့ရက်နှင့်အချိန် | - ၃၁ - ၁ - ၂၀၂၄ ရက် (၉:၀၀)နာရီ |
| (စ) | တင်ဒါရွေးချယ်မည့် နေရာ | - မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ (၆)ထပ်ဆောင် အစည်းအဝေးခန်းမ |
| (ဆ) | တင်ဒါလျှောက်လွှာ တစ်စုံရောင်းချဈေးနှုန်း | - ကျပ်၂၀၀၀/- |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၉-၂၀၅၉၇၇၅၊ ၀၉-၂၀၅၁၇၅၂၊ ၀၂- ၂၈၄၇၃၉၈ တို့ကို ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ အထက်ပန်းဆိုးတန်းလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်၊ အမှတ်(၁၇-အေ)၊ The Atrium Condo ၊ Basement(၂)ထပ်+RC (၁၃)ခန်းတွဲ (၁၃)ထပ်အဆောက်အဦ၏ (၄)လွှာအခန်း၊ အခန်းအမှတ်(4M)၊ ဧရိယာ(၁၆၀၂)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သဥ္ဇာမြတ်ခိုင် [၆/မအရ(နိုင်)၀၉၀၂၉၇]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်မြတ်ထွန်းလင်း[၁၂/ပဘတ(နိုင်)၀၃၆၃၆၁]၊ ဒေါ်ပေရယ်လှသန်း [၁၂/စခန(နိုင်)၀၆၉၉၉၀]တို့မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးမြင့်မြတ်ထွန်းလင်းနှင့် ဒေါ်ပေရယ်လှသန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းမင်းစိုး LL.B,WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**အမှတ်(၂၀၁)၊ ဘရဏီလမ်း၊ (၁၂)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ Ph:09-450023651,09-793568375**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အမှတ်-၂၆(ဘီ)၊ ပိတောက်လမ်း၊ ၉-ရပ်ကွက်၊ သာကေတမြို့နယ်ဟုခေါ်တွင်သည့် မြေတိုင်းရပ်ကွက်အမှတ်-၉၊ လူနေရပ်ကွက်အမှတ်-ကမာကြည် Water Front Villa-3 မြေကွက်အမှတ်-၁၃၅၃၊ ဧရိယာ(၀.၀၈၅)ဧက၊ (၃၇၂၁)စတုရန်းပေ၊ (၆၁x၆၁)ပေရှိ နှစ်(၆၀)ဂရန်မြေသည် ရန်ကုန်မြို့၊ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ မြို့မြေစာရင်းတွင် ဒေါ်အေးထင်[၁၃/လရန(နိုင်)၁၃၅၂၄၆] အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်ကိုယ်တိုင်မှ အဆိုပါမြေနှင့်အိမ်အား တရားဝင် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံလျက် အပြီးအပိုင်ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေမှလည်းဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့်မြေနှင့်အိမ်ကို စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြိုးဖြိုးမြင့် (LL.B ) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၅၇၆)**
**အမှတ်-၉၊ သီရိမြိုင်လမ်းမ၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း- ၀၉-၄၃၁၁၅၄၃၂**

## “ဒေါ်မေနှင်းကြူနှင့်အများသိစေရန် ကြေညာခြင်း”

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်ဦး (ဘ) ဦးခင်ဇော် [၁၂/ဒဂတ(နိုင်) ၀၇၀၂၇၂]နှင့် ဒေါ်မေနှင်းကြူ (ဘ) ဦးကျော်တင့် [၁၂/ဒဂတ(နိုင်)၀၃၄၅၄၃]တို့သည် (၂၉-၁၂-၂၀၂၃) နေ့တွင် ဒလမြို့နယ်တရားရုံး၏ ကွာရှင်းစာချုပ်မှတ်ပုံတင်အမှတ်(၆၅၇/၂၀၂၃) ဖြင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် (၂၉-၁၂-၂၀၂၃)ရက်စွဲပါ စာချုပ်အပိုဒ်-၅ အရ တစ်ဦးနှင့်တစ်ဦး ပတ်သက်ဆက်နွယ်ခြင်းမရှိတော့ပါသောကြောင့် ဦးကျော်ကျော်ဦး၏ ကိုယ်ရေးကိုယ်တာကိစ္စများအား ဝင်ရောက်နှောင့်ယှက်ခြင်း၊ လူမှုကွန်ရက်စာမျက်နှာများတွင် ဂုဏ်သိက္ခာကျဆင်းစေသည့် Post များ ရေးသားခြင်း၊ ပတ်ဝန်းကျင်အသိုင်းအဝိုင်းများတွင် အရှက်ရစေသည့် ပြုမူပြောဆိုမှုများ ဆောင်ရွက်ခြင်းမပြုလုပ်ပါရန်နှင့် ထိုသို့ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေါ်မေနှင်းကြူနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်ကျော်ဦး၏ လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်မိုးမိုးအေး** | **ဒေါ်ဖူးဝင့်ဝါမောင်** |
| **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၄၅၂)** | **အထက်တန်းရှေ့နေ (စဉ်-၅၀၂၄၀)** |

**အမှတ်(၂၁/၂၃)၊ ၆-လွှာ(အေ)၊ လမ်းသွယ်(၃)လမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၈၉၄၈၇၂၈၉၀၊ ၀၉-၄၂၄၆၈၃၈၅၂**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစား ကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ခြင်းသည် မိမိနိုင်ငံနှင့် လူမျိုး၏ဂုဏ်ကို မြှင့်တင်ပေးခြင်းပင်ဖြစ်ပြီး တိုင်းချစ်ပြည်ချစ်စိတ်များနှင့် အမျိုးသားရေးစိတ်ဓာတ်များကိုလည်း နိုးကြားတက်ကြွလာစေမည်ဖြစ်...**

❖ **အားကစားသည် အမျိုးသားရေးပင်ဖြစ်သဖြင့် အလေးထားဆောင်ရွက်ကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့တွင် ပုသိမ်မြို့၊ ကိုးသိန်းအားကစားပြိုင်ကွင်း၊ ရှင်းလင်းဆောင်တွင် လမ်းညွှန်မှာကြားမှုမှ ကောက်နုတ်ချက်)



## ရန်ကုန်ပြည်သူ့ဆေးရုံကြီး ခုတင် - ၄၀၀ ဆံ့ အဆင့်မြင့်ခုနစ်ထပ်ဆောင် မကြာမီဖွင့်လှစ်မည်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်ပြည်သူ့ဆေးရုံကြီး အဆင့်မြင့်ခုနစ်ထပ်ဆောင်တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၈ ခုနှစ် မေ ၂၇ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါအချောသပ်လုပ်ငန်းများဆောင်ရွက်လျက်ရှိပြီးမကြာမီပြီးစီးတော့မည်ဖြစ်သည်။

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❖

**ယနေ့ ဖတ်စရာ**

**ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ရင်းနှီးငွေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရန် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၁၁

**MNDAA အကြမ်းဖက်သောင်းကျန်းသူများ၏ စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာအဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် ရဟန်းရှင်လူ ပြည်သူများက ကန့်ကွက်ရှုတ်ချလျက်ရှိ**

စာမျက်နှာ » ၁၇

**မြန်မာဂန္ထဝင်တေးသံရှင်ကြီး ဒေါ်မာမာအေး ၈၁ နှစ်အရွယ်တွင် ကွယ်လွန်**

စာမျက်နှာ » ၁၈

## ဝီဂန်အသင်းကို နှစ်ဂိုးပြတ်အနိုင်ရပြီး မန်ယူအသင်း အက်ဖ်အေဖလားနောက်တစ်ဆင့်တက်လှမ်း

ဝီဂန်အသင်းနဲ့ မန်ယူအသင်းတို့ ဇန်နဝါရီ ၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အက်ဖ်အေဖလား တတိယအဆင့်ပွဲစဉ်မှာ မန်ယူအသင်းက ဝီဂန်အသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရပြီး အက်ဖ်အေဖလား စတုတ္ထအဆင့်ကို တက်လှမ်းခွင့်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ မန်ယူအသင်းအတွက် သွင်းဂိုးတွေကို ပထမပိုင်းပွဲကစားချိန် ၂၂ မိနစ်မှာ ဒါလော့ကတစ်ဂိုးနဲ့ ဒုတိယပိုင်းပွဲကစားချိန် ၇၄ မိနစ်မှာ ဘရူနိုဖာနန်ဒက်စ်က ပင်နယ်တီကနေတစ်ဆင့် တစ်ဂိုးအသီးသီးသွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းဟာ လက်ရှိအချိန်မှာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ အဆင့်ရှစ်နေရာမှာသာ

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ○

## ၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့်ခြေစစ်ပွဲများအတွက် မြန်မာအသင်း ကြိုတင်ပြင်ဆင်မည်

ရန်ကုန် ဇန်နဝါရီ ၉

မြန်မာ့လက်ရွေးစင် အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် မတ်လနှင့် ဇွန်လတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား ဒုတိယအဆင့် ခြေစစ်ပွဲများအတွက် ယခုလကတည်းက ကြိုတင်ပြင်ဆင်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင် အသင်းသည် ကစားသမားများ လေ့ကျင့်မှုပြည့်ဝနေစေရန် ပြည်တွင်းလိဂ်ပွဲစဉ်များ ရပ်နားထားသည့်အချိန်၌

စာမျက်နှာ ၁၈ ကော်လံ ၅ သို့ ❂

